# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**စောင့်ရှောက်ထားအပ်သောစိတ်**

အလွန့်အလွန်မြင်နိုင်ခဲသော၊ အလွန့်အလွန် သိမ်မွေ့သော၊ အလိုရှိရာအာရုံ၌ ကျလေ့ရှိသော စိတ်ကို ပညာရှိသည် စောင့်ရှောက်ရာ၏။ စောင့်ရှောက်ထားအပ်သော စိတ်သည် ချမ်းသာကို ရွက်ဆောင်တတ်၏။

စိတ္တဝဂ်(ဓမ္မပဒ-၃၆)


၁၃၈၃ ခုနှစ်၊ တပို့တွဲလဆန်း ၃ ရက် | ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီ ၃ ရက်၊ ကြာသပတေးနေ့ | အတွဲ (၆၁)၊ အမှတ် (၁၂၆)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၁/၂၀၂၂) တွင် အမှာစကားပြောကြား

## ပြည်တွင်းထုတ်လုပ်မှုကို အားပေးမှသာ ကုန်ဈေးနှုန်းကျဆင်းလာမည်ဖြစ်ပြီး ငွေကြေးခိုင်မာမှု ရရှိလာမည်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၁/၂၀၂၂) တွင် အမှာစကားပြောကြားစဉ်။

နေပြည်တော် ဖေဖော်ဝါရီ ၂

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေး အမှတ်စဉ် (၁/၂၀၂၂) ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကား ပြောကြားသည်။ *စာမျက်နှာ ၃ ကော်လံ ၁* ❐

**ယနေ့** *ဖတ် စ ရာ*


ပုံဖော်ကြည့်မိ၊ တွေးမိ အနာဂတ် ဒီမိုကရေစီ — ဆောင်းပါး — စာ - ၈

ရဲရှာရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံမှ ထွက်ပေါ်လာသော အလင်းရောင်များ — ဆောင်းပါး — စာ - ၁၆

## မြန်မာ့အလင်း

# စိုက်ပျိုးမွေးမြူ ကုန်ကြမ်းမှသည် တန်ဖိုးမြင့်ကုန်ချောများ ထုတ်လုပ်

နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်စေရန် ပြည်ပပို့ကုန်များ တိုးမြှင့်တင်ပို့နိုင်ရေးက အရေးကြီးသည်။ မြန်မာနိုင်ငံသည် စိုက်ပျိုးရေးအခြေခံစီးပွားရေးနိုင်ငံဖြစ်ခြင်းကြောင့် စိုက်ပျိုးမွေးမြူထုတ်ကုန်များ ပိုမိုထုတ်လုပ်နိုင်မှသာ ပြည်ပသို့ ပိုမိုတင်ပို့နိုင်မည်ဖြစ်ရာ အဓိက စိုက်ပျိုးထုတ်ကုန်များဖြစ်သည့် ဆန်၊ ပဲ၊ ပြောင်းတို့ကို ပိုမိုစိုက်ပျိုးထုတ်လုပ်နိုင်ရေး ကူညီပံ့ပိုးတွန်းအားပေးဖို့ လိုအပ်သည်။

ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၁/၂၀၂၂) တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ပြည်ပနိုင်ငံများသို့ ပို့ကုန်များ ယခုထက်ပိုမိုတင်ပို့ရန်၊ သယံဇာတပစ္စည်းများ တင်ပို့ရောင်းချခြင်းထက် စိုက်ပျိုးမွေးမြူရေး ထုတ်ကုန်များကို တင်ပို့ရောင်းချနိုင်ရေး အားပေးရန်၊ စိုက်ပျိုးမွေးမြူရေး ထုတ်ကုန်ပစ္စည်းများကို တန်ဖိုးမြင့် ထုတ်ကုန်၊ အရည်အသွေးမြင့် ထုတ်ကုန်များဖြစ်အောင် ကြိုးပမ်းကြရန် ပြောကြားခဲ့ရာ လက်တွေ့ကျကျ အားထုတ်ဆောင်ရွက်ကြခြင်းအားဖြင့် အလုပ်အကိုင် အခွင့်အလမ်းများ ပိုမိုရရှိလာသည့် အကျိုး၊ နိုင်ငံအတွက် ပြည်ပဝင်ငွေများ တိုးတက်ရရှိသည့် အကျိုးတို့ ဖြစ်ထွန်းလာမည်ဖြစ်သည်။

နိုင်ငံအတွင်းရှိ မြို့ကြီးများတွင် ဖွင့်လှစ်ရောင်းချနေသည့် ခေတ်မီကုန်တိုက်ကြီးများ၊ စတိုးဆိုင်များတွင် ဆန်၊ ပဲ၊ ပြောင်းတို့ကို အခြေခံ၍ ထုတ်လုပ်ထားသည့် စားသောက်ကုန်အမယ်များစွာကို ရာနှင့်ချီ၍ တွေ့မြင်နိုင်သည်။ အရည်အသွေး၊ အနံ့အရသာတို့ ကောင်းမွန်ပြီး ဝယ်ချင်စရာကောင်းအောင် ဆွဲဆောင်လှပသည့် ထုပ်ပိုးမှုများဖြင့် ရောင်းချနေသည့် အဆိုပါ စားသောက်ကုန်များကို မိမိတို့၏ အိမ်နီးချင်းနိုင်ငံဖြစ်သော ထိုင်း၊ ဗီယက်နမ်၊ မလေးရှား၊ ကိုရီးယား၊ တရုတ်၊ ဂျပန် စသည်တို့မှ ထုတ်လုပ်ခြင်းဖြစ်ကြောင်းကိုလည်း လေ့လာတွေ့ရှိနိုင်သည်။ အချို့သောစားသောက်ကုန်များမှာ မိမိတို့ နိုင်ငံကဲ့သို့သော စိုက်ပျိုးမွေးမြူထုတ်လုပ်သည့်နိုင်ငံများမှ ကုန်ကြမ်းများကို ဝယ်ယူပြီး ၎င်းတို့နိုင်ငံတွင် တန်ဖိုးမြင့် ကုန်ချောများအဖြစ် ထုတ်လုပ်ကာ ပြန်လည်တင်ပို့ရောင်းချကြခြင်းဖြစ်သည်။ မိမိနိုင်ငံအတွင်း စိုက်ပျိုးမွေးမြူထုတ်ကုန်များကို ကုန်ကြမ်းအဖြစ်သာမက တန်ဖိုးမြှင့် ထုတ်ကုန်များကိုပါ ထုတ်လုပ်တင်ပို့ရောင်းချနိုင်မည်ဆိုပါက နိုင်ငံအတွင်းစိုက်ပျိုးရေးအခြေခံစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးလာမှုနှင့်အတူအလုပ်အကိုင်အခွင့်အလမ်းများလည်း ပိုမိုတိုးတက်ရရှိလာကြမည်ဖြစ်သည်။

သယံဇာတများကို အမှီပြုရသည့် စီးပွားရေးမှာ အကန့်အသတ်နှင့်သာဖြစ်သည်။ သဘာဝသယံဇာတများဆိုသည်မှာ ကုန်ခန်းသွားမည်သာဖြစ်သည့်အတွက် စိုက်ပျိုးမွေးမြူထုတ်လုပ်ခြင်း၊ တန်ဖိုးမြင့် စားသောက်ကုန်၊ လူသုံးကုန်များထုတ်လုပ်ခြင်းတို့မှစတင်ကာ အနာဂတ်တွင် နည်းပညာမြင့်စက်မှုလုပ်ငန်းများ ထူထောင်နိုင်သည်အထိ မျှော်မှန်းဆောင်ရွက်သွားကြရမှာဖြစ်သည်။ လက်ရှိအခြေအနေတွင်မူ ကိုဗစ်-၁၉ ကပ်ရောဂါ ကမ္ဘာအနှံ့တွင် ကူးစက်ပျံ့နှံ့နေဆဲဖြစ်သည့် အလျောက် ဆန်၊ ပဲ၊ ပြောင်းကဲ့သို့သော စားသောက်ကုန်များ ထုတ်လုပ်မှုမှာ အရေးပါနေဦးမည်ဖြစ်သည်။ မြန်မာနိုင်ငံအနေဖြင့် နယ်နိမိတ်ချင်း ထိစပ်နေသော အိမ်နီးချင်းနိုင်ငံများတွင် ဈေးကွက်များရှိနေခြင်းက အားသာချက်တစ်ရပ်ဖြစ်သည်။

နည်းပညာမြင့် ထုတ်ကုန်များ၊ စက်မှုထုတ်ကုန်များနှင့် နှိုင်းယှဉ်ပါက စိုက်ပျိုး မွေးမြူရေးထုတ်ကုန်များက တန်ဖိုးအားဖြင့် လွန်စွာနည်းပါးသည်။ သို့ရာတွင် အသက်ရှင်သန်ရေးတွင် မစား၍မရသည့်အတွက် စိုက်ပျိုးမွေးမြူထွက်ကုန် စားသောက်ကုန်များက မရှိမဖြစ်အရေးကြီးပြန်သည်။ စိုက်ပျိုးမွေးမြူရေးကို ခေတ်မီစေပြီး တန်ဖိုးမြင့်ထုတ်ကုန်၊ အရည်အသွေးမြင့်ထုတ်ကုန်များ ထုတ်လုပ်ခြင်းက မိမိတို့နိုင်ငံအတွက် အဖြစ်နိုင်ဆုံးသော ခြေလှမ်းပင်ဖြစ်သည်။ မိုင်ရာချီမည့် ခရီးစဉ်အတွက် ပထမဆုံးခြေလှမ်းသည် စတင်တာထွက်ခြင်းပင်ဖြစ်ပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နည်းပညာမြင့် စက်မှုနိုင်ငံပန်းတိုင်ဆီသို့ ဦးတည်လျှောက်လှမ်းကြရမည်ဟု ယုံကြည်ပါကြောင်း။ ။

## ၂၀၂၂ ခုနှစ် (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့အမျိုးသားရေးဦးတည်ချက်များ

(၁) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး တို့ကို တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး။

(၂) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ်ရှင်သန်ထက်မြက်ရေး။

(၃) တိုင်းရင်းသား ညီအစ်ကိုမောင်နှမများ၏ ကျစ်လျစ်ခိုင်မာသည့် ညီညွတ်သော စုစည်းအင်အားဖြင့် နိုင်ငံတော်ကြီး ထာဝရတည်တံ့ခိုင်မြဲအောင် ဆက်လက်ကြိုးပမ်းတည်ဆောက်ရေး။

(၄) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စု တည်ဆောက်နိုင်ရေး။

(၅) ပြည်နယ်နှင့် တိုင်းဒေသကြီးအားလုံး တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးရေးနှင့် တိုင်းရင်းသားများ၏ ကျန်းမာရေး၊ ပညာရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်အောင် ဆောင်ရွက်ပေးရေး။

## ကိုဗစ်-၁၉ အထူးချေးငွေ ပေးဆပ်ရန်ကာလနှင့် ၂၀၂၁ - ဆောင်းရာသီ စိုက်ပျိုးစရိတ်ချေးငွေ ထုတ်ချေးမှုကာလများကို တိုးမြှင့်ပြင်ဆင်သတ်မှတ်ကြောင်း တောင်သူလယ်သမားဦးကြီးများသို့ အသိပေးကြေညာချက်

၁။ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်သည် ဘဏ်တည်ထောင်သည့် ၁၉၅၃ ခုနှစ်မှစ၍ တောင်သူလယ်သမားဦးကြီးများနှင့် ချစ်ကြည်ရင်းနှီးစွာ အပြန်အလှန်ကျေးဇူးပြုရင်း ရပ်တည်လာခဲ့သည်မှာ နှစ်ပေါင်း (၇၀) နီးပါး ရှိခဲ့ပြီဖြစ်ပါသည်။ ယခင်က စိုက်ပျိုးစရိတ်ချေးငွေ တစ်ခုတည်းကိုသာ ထုတ်ချေးခဲ့ရာမှ ယနေ့အချိန်တွင် စိုက်ပျိုးစရိတ်ချေးငွေသာမက ဖွံ့ဖြိုးရေးချေးငွေများဖြစ်ကြသည့် စိုက်ပျိုးရေးနှင့်ကျေးလက်ဖွံ့ဖြိုးရေး နှစ်ဆင့်ချေးငွေ (JICA, Two Step Loan) ၊ စိုက်ပျိုးရေးနှင့်မွေးမြူရေးနှစ်ဆင့်ချေးငွေ (MEB, Two Step Loan) နှင့် ကိုဗစ်-၁၉ အထူးချေးငွေ စသည့် ချေးငွေများကိုလည်း တိုးတက်ထုတ်ချေးလျက် ရှိပါသည်။

၂။ ယခုအခါ နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ကပ်ရောဂါကူးစက်ပြန့်ပွားမှုကို ကာကွယ်ထိန်းချုပ်နိုင်ရန် ထုတ်ပြန်ရသော သွားလာမှုကန့်သတ်ချက်များ၊ ကုန်စည်ကူးသန်းရောင်းဝယ်မှု အခက်အခဲများ၊ သယ်ယူပို့ဆောင်မှုအခက်အခဲများ စသည်တို့ကြောင့် နိုင်ငံတော်အစိုးရအနေဖြင့် တောင်သူဦးကြီးများ၏ အခက်အခဲများကို အထိုက်အလျောက်ပြေလည်စေရန်နှင့် စိုက်ပျိုးရေးလုပ်ငန်းများ အဆင်ပြေစွာဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ချေးယူထားသော ကိုဗစ်-၁၉ အထူးချေးငွေ ပြန်လည်ပေးဆပ်မှုနှင့် ဆောင်းရာသီစိုက်ပျိုးကာလအမီ ချေးငွေသစ်များ အဆင်ပြေစွာထုတ်ချေးနိုင်ရေးအတွက် ကိုဗစ်-၁၉ အထူးချေးငွေ ပြန်လည်ပေးဆပ်ရမည့်ကာလနှင့် ၂၀၂၁ - ဆောင်းရာသီ စိုက်ပျိုးစရိတ်ချေးငွေ ထုတ်ချေးသည့်ကာလများကို အောက်ပါအတိုင်း တိုးမြှင့်ပြင်ဆင်သတ်မှတ်ပေးထားပါသည် -

(က) **ကိုဗစ်-၁၉ အထူးချေးငွေ** ပြန်လည်ပေးဆပ်ရန်ကာလကို ပထမအကြိမ် ပြင်ဆင်သတ်မှတ်ဖြေလျှော့ပေးခဲ့သည့် (၃၁-၁၂-၂၀၂၁) ရက်နေ့အစား ၂၀၂၂ ခုနှစ်၊ မတ်လကုန်အထိ။

(ခ) ၂၀၂၁- **ဆောင်းရာသီ စိုက်ပျိုးစရိတ်ချေးငွေ** ထုတ်ချေးပေးမှု နောက်ဆုံးရက်ကို (၃၁-၁-၂၀၂၂) ရက်နေ့အစား ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလကုန်အထိ။

၃။ သို့ဖြစ်ပါ၍ တောင်သူလယ်သမားဦးကြီးများအနေဖြင့် ယခင်ချေးငွေများနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲများနှင့် အချိန်မီဆက်သွယ်ဆောင်ရွက်ကြပါရန် လေးစားစွာဖြင့် အသိပေးကြေညာအပ်ပါသည်။

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်

## (၇၅) နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ရှင်စောပုကွန်ကရစ်လမ်းသစ်ဖွင့်ပွဲနှင့် ကန်သာယာပတ်လမ်းရှိ Steel Structure Decking ဖွင့်ပွဲကျင်းပ

**ဘားအံ ဖေဖော်ဝါရီ ၂**

၂၀၂၂ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက်တွင် ကျရောက်သော (၇၅) နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ကိုဂုဏ်ပြုကြိုဆိုသောအားဖြင့် ဘားအံမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်သော ဘားအံမြို့ အမှတ် (၇) ရပ်ကွက် ရှင်စောပုလမ်း ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၁ ရက်က အဆိုပါလမ်း မုခ်ဦး၌ ကျင်းပသည်။



ရှင်စောပု ကွန်ကရစ်လမ်းသည် အရှည်ပေ ၂၀၉၀၊ အကျယ် ၁၆ ပေ၊ ထု ၆ လက်မရှိပြီး စည်ပင်သာယာရေးအဖွဲ့ ခွင့်ပြုရန်ပုံငွေကျပ် ၆၆ ဒသမ ၃ သန်းဖြင့် ဘားအံမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးသိန်းကိုကိုနှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်များက လမ်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ **(အပေါ်ပုံ)**

ဆက်လက်၍ (၇၅) နှစ်မြောက် စိန်ရတု ပြည်ထောင်စုနေ့ကို ဂုဏ်ပြု ကြိုဆိုသောအားဖြင့် ဘားအံမြို့ အမှတ် (၁) ရပ်ကွက် ကျော်ဇေယျလမ်း (ကန်သာယာပတ်လမ်း) ရှိ Steel Structure Decking ဖွင့်ပွဲကို ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်နှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်များက Steel Structure Decking ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ အားကစားနည်းမျိုးစုံ ဆောင်ရွက်နိုင်ရန်နှင့် အနားယူအပန်းဖြေခြင်းအတွက် Steel Structure Decking (ပေ ၇၀ x ၃၅ ပေ) ကို ၂၀၂၁ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်က စတင်တည်ဆောက်ခဲ့ပြီး ၂၀၂၂ခုနှစ် ဇန်နဝါရီ ၂၆ ရက်တွင် ပြီးစီးကာ ဖွင့်လှစ်ခြင်းဖြစ်သည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# အကြောင်းအမျိုးမျိုးကြောင့် ပညာရေးအားနည်းခဲ့မှုများရှိခဲ့

**မိမိတို့နိုင်ငံတွင် ကိုလိုနီနယ်ချဲ့များမှ အုပ်ချုပ်ခဲ့သည့်အချိန်ကာလတွင် ပညာရေးနိမ့်ကျခဲ့ရပြီး လွတ်လပ်ရေးရရှိချိန်တွင်လည်း ပြည်တွင်းသောင်းကျန်းမှုများကြောင့် ပညာသင်ကြားရေးအတွက် အခက်အခဲများဖြစ်ပေါ်ခဲ့သဖြင့် ပညာရေးနိမ့်ကျမှုများ ထပ်မံဖြစ်ပေါ်ခဲ့ကြောင်း၊ ပြည်နယ်များနှင့် တိုင်းရင်းသားဒေသများတွင် ဘာသာစကားအခက်အခဲများနှင့် အခြားသော သွားလာရေးအခက်အခဲများကြောင့် ကျေးလက်ပညာရေးသည် အားနည်းခဲ့ရကြောင်း၊ အစိုးရအဆက်ဆက် တာဝန်ယူဆောင်ရွက်ခဲ့ချိန်များတွင်လည်း ဆရာ၊ ဆရာမများ မပြည့်စုံမှုနှင့် အခြားသော အကြောင်းအမျိုးမျိုးကြောင့် ပညာရေးအားနည်းခဲ့မှုများရှိခဲ့ကြောင်း။**

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၁၇-၁-၂၀၂၂ ရက်နေ့တွင် အဆင့်မြင့်ပညာကဏ္ဍ လုပ်ငန်းညှိနှိုင်းအစည်းအဝေး၌ ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက်)**

- ❖ **ပြည်ပနိုင်ငံများသို့ ပို့ကုန်များ ယခုထက်ပိုမိုတင်ပို့နိုင်ရန်လိုအပ်ပြီး သယံဇာတပစ္စည်းများ တင်ပို့ရောင်းချခြင်းထက် စိုက်ပျိုးမွေးမြူရေးထုတ်ကုန်ပစ္စည်းများကို တင်ပို့ရောင်းချနိုင်ရေး အားပေးဆောင်ရွက်ရန်လို၊ ထုတ်ကုန်များ ထုတ်လုပ်ရောင်းချနိုင်ရေး ဆောင်ရွက်ရာတွင် လူအင်အားကိုအသုံးချ ဆောင်ရွက်ရခြင်းဖြစ်သဖြင့် နိုင်ငံသားများ၏ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိမည်**
- ❖ **ပထမဦးစားပေးအနေဖြင့် ပြည်တွင်းအဝတ်အထည်လိုအပ်ချက်ကို ဖြည့်ဆည်းပေးရန်ဖြစ်ပြီး ဆက်လက်၍ အထည်ချုပ်လုပ်ငန်းများမှ ပြည်ပနိုင်ငံများသို့ ပို့ကုန်များတင်ပို့နိုင်ရန်လို၊ ထို့ကြောင့် ပြည်တွင်းရက်ကန်းလုပ်ငန်းများကို အဆင့်မြှင့်တင်ပြီး အရည်သွေးပြည့်မီသည့် ချည်ထည်များထုတ်လုပ်နိုင်ရန်အတွက် ပြည်တွင်း၊ ပြည်ပ ရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်**

❒ *ရှေ့ဖုံးမှ*

အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ ဦးဝဏ္ဏမောင်လွင်၊ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ဦးဝင်းရှိန်၊ ဦးအောင်နိုင်ဦး၊ ဦးကိုကိုလှိုင်၊ ဒေါက်တာဒေါ်သီတာဦး၊ ဦးမောင်မောင်အုန်း၊ ဦးကိုကို၊ ဦးတင်ထွဋ်ဦး၊ ဦးလှမိုး၊ ဗိုလ်ချုပ်ကြီးတင်အောင်စန်း၊ ဦးခင်မောင်ရီ၊ ဦးအောင်သန်းဦး၊ ဒေါက်တာချာလီသန်း၊ ဦးခင်ရီ၊ ဦးမြင့်ကြိုင်၊ ဒေါက်တာပွင့်ဆန်း၊ ဒေါက်တာညွန့်ဖေ၊ ဒေါက်တာမျိုးသိန်းကျော်၊ ဒေါက်တာ သက်ခိုင်ဝင်း၊ ဦးမင်းသိန်းဇံ၊ ဦးရွှေလေး၊ ဒေါက်တာ ဒေါ်သက်သက်ခိုင်၊ ဒေါက်တာငွေးအောင်နှင့် ဦးစောထွန်းအောင်မြင့်တို့ တက်ရောက်ကြသည်။

### ရာနှုန်းပြည့်ဆောင်ရွက်နိုင်မှုအားနည်းခဲ့

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အဖွင့်အမှာစကား ပြောကြားရာ၌ ပြီးခဲ့သည့် ၂၀၂၀ - ၂၀၂၁ ခုနှစ် ဘဏ္ဍာရေးနှစ်တွင် မိမိတို့ အစိုးရတာဝန်ယူဆောင်ရွက်မှုမှာ ၈ လတာကာလရှိခဲ့ပြီး ယခင်အစိုးရမှ တာဝန်ယူဆောင်ရွက်မှု ၄ လတာကာလရှိခဲ့ကြောင်း၊ မိမိတို့တာဝန်ယူပြီးချိန်နောက်ပိုင်း နိုင်ငံရေးအခြေအနေများကြောင့် နိုင်ငံ၏စီးပွားရေး၊ လုံခြုံရေးအခြေအနေများတွင် အထိုက်အလျောက်သာ တိုးတက်မှုရရှိခဲ့ကြောင်း၊ စီးပွားရေးနှင့်ပတ်သက်၍ သယ်ယူပို့ဆောင်ရေး၊ ထုတ်လုပ်မှုအတွက် လိုအပ်သည့် ကုန်ကြမ်းရရှိရေး၊ သွင်းအားစုများရရှိရေး လိုအပ်ပြီး အပြည့်အဝ ဆောင်ရွက်နိုင်မှု အားနည်းခဲ့သကဲ့သို့ နိုင်ငံရေးအရ ဆန္ဒပြမှုများမှတစ်ဆင့် အကြမ်းဖက်သမားများမှ အကြမ်းဖက်လုယက်သတ်ဖြတ်ခြင်း၊ မိုင်းထောင်ဖောက်ခွဲခြင်း၊ မီးရှို့ဖျက်ဆီးခြင်း စသည့်အဖျက်အမှောင့်လုပ်ရပ်များအထိ အဆင့်ဆင့်လုပ်ဆောင်လာခဲ့သဖြင့် လုံခြုံရေးအဖွဲ့အစည်းများက ထိန်းသိမ်းဆောင်ရွက်ခဲ့ကြောင်း၊ အလားတူ လက်နက်ကိုင်အဖွဲ့အစည်းများနှင့်ပတ်သက်၍လည်း တပ်မတော်အနေဖြင့် ထိရောက်စွာ ထိန်းသိမ်းဆောင်ရွက်ခဲ့ရခြင်းများ ရှိကြောင်း၊ အဆိုပါထိန်းသိမ်း ဆောင်ရွက်သည့်ဖြစ်စဉ်များအတွင်း အပြစ်မဲ့ပြည်သူများ၊ နိုင်ငံ့ဝန်ထမ်းများနှင့် နိုင်ငံတော်လုံခြုံရေးအတွက် တာဝန်ထမ်းဆောင်လျက်ရှိသည့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ တပ်မတော်သားများ ထိခိုက်သေကျေဒဏ်ရာရရှိခဲ့ရမှုများအတွက်လည်း မိမိအနေဖြင့် စိတ်မကောင်းဖြစ်ရပါကြောင်း၊ အဆိုပါဖြစ်စဉ်များကြောင့် နိုင်ငံ၏စီးပွားရေးနှင့် ပတ်သက်ပြီး မိမိတို့အနေဖြင့် ရာနှုန်းပြည့်ဆောင်ရွက်နိုင်မှု အားနည်းခဲ့ပါကြောင်း။

### အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိ

တာဝန်ထမ်းဆောင်လျက်ရှိသည့် ပြည်ထောင်စုဝန်ကြီးများအနေဖြင့်လည်း ဝေဖန်တိုက်ခိုက်မှုများ၊ ဆူပူမှုများကြားမှ ပြည်သူများနှင့်အတူ ပူးပေါင်းဆောင်ရွက်နိုင်ခဲ့မှုများကြောင့် ၂၀၂၀-၂၀၂၁ ခုနှစ် ဘဏ္ဍာရေးနှစ်အတွင်း အောက်တိုဘာလအထိ ယာယီစာရင်းအရ ကုန်သွယ်မှုပိုင်ငွေ အမေရိကန်ဒေါ်လာ ၆၇၇ သန်းရှိခဲ့သည်ကို တွေ့ရှိရကြောင်း၊ ယခုလာမည့် ဘဏ္ဍာရေးနှစ်အတွင်းတွင်လည်း ကုန်သွယ်မှုပိုင်ငွေများ ထပ်မံတိုးတက်လာမည်ဖြစ်ကြောင်း၊ ယခုကဲ့သို့ နိုင်ငံ၏ကုန်သွယ်မှုပိုင်ငွေများ အတိုင်းအတာတစ်ခုအထိ တိုးတက်လာသဖြင့် အောင်မြင်မှုတစ်ခုဖြစ်ပြီး ထိုသို့ကြိုးပမ်းဆောင်ရွက်ခဲ့သည့် ပြည်ထောင်စုဝန်ကြီးများကိုလည်း ကျေးဇူးတင်ရှိပါကြောင်း၊ ပြည်ပနိုင်ငံများသို့ ပို့ကုန်များ ယခုထက် ပိုမိုတင်ပို့နိုင်ရန်လိုအပ်ပြီး သယံဇာတပစ္စည်းများ တင်ပို့ရောင်းချခြင်းထက် စိုက်ပျိုးမွေးမြူရေး ထုတ်ကုန်ပစ္စည်းများကို တင်ပို့ရောင်းချနိုင်ရေး အားပေးဆောင်ရွက်ရန်လိုကြောင်း၊ ထုတ်ကုန်များ ထုတ်လုပ်ရောင်းချနိုင်ရေး ဆောင်ရွက်ရာတွင် လူအင်အားကိုအသုံးချ ဆောင်ရွက်ရခြင်းဖြစ်သဖြင့် နိုင်ငံသားများ၏ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိမည်ဖြစ်ကြောင်း၊ ထို့ကြောင့် စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များ ယခုထက် ပိုမိုတင်ပို့နိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း။

### ပို့ကုန်များကို ပိုမိုတင်ပို့နိုင်

ပြည်ပပို့ကုန်များနှင့် ပတ်သက်၍ မိမိတို့၏ အိမ်နီးချင်းနိုင်ငံများ ဖြစ်ကြသည့် တရုတ်နိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ ထိုင်းနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့သို့ မိမိတို့နိုင်ငံမှ ထွက်ရှိသည့် စိုက်ပျိုးမွေးမြူရေး ထုတ်ကုန်များကို များစွာတင်ပို့နိုင်ကြောင်း၊ အရည်အသွေးပြည့်မီသည့် ထုတ်ကုန်ပစ္စည်းများ တင်ပို့နိုင်မည်ဆိုပါက မိမိတို့နိုင်ငံအတွက် ပြည်ပဝင်ငွေများစွာရရှိမည်ဖြစ်ကြောင်း၊ ဆန်၊ ပဲ၊ ပြောင်းနှင့် မွေးမြူရေးထုတ်ကုန်များသည် မိမိတို့ပြည်သူများ၏ ၇၀ ရာခိုင်နှုန်းခန့်မှ ဆောင်ရွက်နေသည့် အဓိက စီးပွားရေး အသက်မွေးဝမ်းကျောင်း လုပ်ငန်းများပင်ဖြစ်ကြောင်း၊ ထို့ကြောင့် ကုန်ထုတ်လုပ်မှုနှင့်ပတ်သက်၍ အဓိကကျသည့် စိုက်ပျိုးမွေးမြူရေး ထုတ်ကုန်ပစ္စည်းများကို တန်ဖိုးမြင့်ထုတ်ကုန်၊ အရည်အသွေးမြင့်ထုတ်ကုန်များဖြစ်အောင် ကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း၊ မိမိတို့အနေဖြင့် ၂၀၂၁ ခုနှစ် အကျပ်အတည်းကာလအတွင်း၌ပင် တိုးတက်အောင် ဆောင်ရွက်နိုင်ခဲ့ပြီး ယခုအခြေအနေ တည်ငြိမ်ကောင်းမွန်သည့် အချိန်ကာလတွင် ပို့ကုန်များကို ပိုမိုတင်ပို့နိုင်မည်ဟု ယုံကြည်ကြောင်း။

### ပြည်တွင်း၌ ချည်ချောများအဖြစ်ထုတ်လုပ်

ပြည်ပပို့ကုန်များတွင်ပါဝင်သည့် ဝါဂွမ်းစိုက်ပျိုးရေးနှင့်ပတ်သက်၍ သက်ဆိုင်ရာဝန်ကြီးဌာနများ၏ တွက်ချက်မှုအရ မိမိတို့နိုင်ငံ၏ ဝါဂွမ်းစိုက်ပျိုးမှုသည် မိမိတို့နိုင်ငံ၏ လိုအပ်ချက်ထက် ကျော်လွန်ထုတ်လုပ်နိုင်မှုရှိသည်ဟု သိရှိရကြောင်း၊ သို့ရာတွင် ၂၀၂၁ ခုနှစ်အတွင်း ချည်ထည်နှင့် ဆက်စပ်ပစ္စည်းမျိုးစုံ ပြည်ပမှ အမေရိကန်ဒေါ်လာ ၁၂၈၀ ဒသမ ၁၅၂ သန်းဖိုး တင်သွင်းခဲ့ရသည်ကို တွေ့ရှိရကြောင်း၊ မိမိတို့နိုင်ငံမှ ပြည်ပနိုင်ငံများသို့ ဝါဂွမ်းများတင်ပို့ရာတွင် ထိုက်သင့်သည့် အခွန်အခများပေးရသကဲ့သို့ မိမိတို့နိုင်ငံရှိ အထည်ချုပ်စက်ရုံများအတွက် လိုအပ်သည့် ချည်ထည်များ တင်သွင်းရာတွင်လည်း ဈေးနှုန်းကြီးမြင့်စွာပေး၍ ဝယ်ယူနေရကြောင်း၊ မိမိတို့နိုင်ငံမှ ထွက်ရှိသည့် ဝါဂွမ်းများကို ပြည်တွင်း၌ ချည်ချောများအဖြစ် ထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်နိုင်မည်ဆိုပါက ပြည်ပမှတင်သွင်းမှုများ လျော့ကျသွားမည်ဖြစ်ပြီး ပြည်တွင်းလိုအပ်ချက်နှင့် ပြည်တွင်းအထည်ချုပ်လုပ်ငန်းကို များစွာအထောက်အကူပြုမည်ဖြစ်ကြောင်း၊ ပထမဦးစားပေးအနေဖြင့် ပြည်တွင်းအဝတ်အထည်လိုအပ်ချက်ကို ဖြည့်ဆည်းပေးရန်ဖြစ်ပြီး ဆက်လက်၍ အထည်ချုပ်လုပ်ငန်းများမှ ပြည်ပနိုင်ငံများသို့ ပို့ကုန်များတင်ပို့နိုင်ရန်လိုကြောင်း၊ ထို့ကြောင့် ပြည်တွင်းရက်ကန်းလုပ်ငန်းများကို အဆင့်မြှင့်တင်ပြီး အရည်သွေးပြည့်မီသည့် ချည်ထည်များ ထုတ်လုပ်နိုင်ရန်အတွက် ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်ဆောင်ရွက်သွားရန်လိုကြောင်း။

### ပညာရှင်များနှင့် ချိတ်ဆက်ဆောင်ရွက်

မိမိတို့နိုင်ငံတွင် ချည်မျှင်ရှည်ဝါနှင့် ချည်မျှင်တိုဝါ နှစ်မျိုး စိုက်ပျိုးပြီး အများအားဖြင့် ချည်မျှင်ရှည်ဝါကို စိုက်ပျိုးကြကြောင်း၊ ဝါနှင့်ပတ်သက်၍ ကမ္ဘာပေါ်တွင် အီဂျစ်၊ တူရကီ၊ ပါကစ္စတန်နှင့် အိန္ဒိယနိုင်ငံတို့မှာ ထင်ရှားသည့်နိုင်ငံများဖြစ်ပြီး ဗဟိုအာရှနိုင်ငံများတွင်လည်း ဝါစိုက်ပျိုးမှုနှင့်ပတ်သက်၍ အောင်မြင်သည့်နိုင်ငံများလည်းရှိကြောင်း၊ ဝါမျိုးကောင်းမျိုးသန့်များ ရရှိရေးနှင့် ချည်မျှင်ရှည်ဝါထုတ်လုပ်ရေးလုပ်ငန်းများအတွက် အဆိုပါနိုင်ငံများရှိ ပညာရှင်များနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်မည်ဆိုပါက မိမိတို့နိုင်ငံ၏ ဝါစိုက်ပျိုးထုတ်လုပ်မှုအတွက် များစွာ အကျိုးရှိမည်ဖြစ်ကြောင်း။

ရေသုံးစွဲမှုနှင့်ပတ်သက်၍ မိမိတို့နိုင်ငံတွင် ရေကို စိုက်ပျိုးရေးလုပ်ငန်းများ၊ မွေးမြူရေးလုပ်ငန်းများနှင့် လူများသုံးစွဲမှုဟူ၍ သုံးမျိုးရှိကြောင်း၊ ၂၀၂၁ ခုနှစ်အတွင်း ရာသီဥတုကောင်းမွန်ပြီး မိုးကောင်းစွာ ရွာသွန်းခဲ့မှုကြောင့် နိုင်ငံတစ်ဝန်းရှိ ဆည်များအတွင်း ရေဝင်ရောက်မှုကောင်းမွန်၍ ရေလုံလောက်စွာရရှိခဲ့ကြောင်း၊ သို့သော် အဆိုပါဆည်များမှရေများကို ရေအားလျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်းလုပ်ငန်းများ ရှိကြောင်း၊ ဆည်များရှိ ရေများအား ရေအားလျှပ်စစ်ဓာတ်အား သုံးစွဲမှုတစ်ခုတည်းကိုသာမက

*စာမျက်နှာ ၄ သို့*

**“ ပြည်သူများ၏ လူနေမှုဘဝ မြင့်မားရေးအတွက် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးသည် ဦးစားပေး အကောင်အထည်ဖော်ဆောင်ရွက်ရမည့်လုပ်ငန်းတွင် ပါဝင်ကြောင်း၊ ပြည်သူများ၏ လူနေမှုဘဝ၊ စီးပွားရေး လုပ်ငန်းများ၊ ကုန်ထုတ်လုပ်ခြင်းနှင့်** Public Transportation **လုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်နိုင် ရန်အတွက် လျှပ်စစ်ဓာတ်အားများ လုံလောက်စွာထုတ်လုပ်နိုင်ရေး ဆက်လက်ဆောင်ရွက်ရန်လို၊ ပြည်သူ များ လျှပ်စစ်မီးသုံးစွဲမှုနှင့် ရေသုံးစွဲမှုချွေတာနိုင်ရေးအတွက် ပြည်သူများကို အသိပညာပေးခြင်း၊ တိုက်တွန်း နှိုးဆော်ခြင်းများကို ပြန်ကြားရေးဝန်ကြီးဌာနအပါအဝင် သက်ဆိုင်သည့်ဝန်ကြီးဌာနများအနေဖြင့် စဉ်ဆက် မပြတ်ဆောင်ရွက် ”**

*စာမျက်နှာ ၃ မှ*

စိုက်ပျိုးရေးလုပ်ငန်းများတွင်ပါ ထိရောက်စွာ အသုံးချရန် လိုအပ်ကြောင်း၊ လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုနှင့်ပတ်သက်၍ LNG ဈေးနှုန်းများ အဆမတန်ကြီးမြင့်ခြင်းနှင့် သဘာဝဓာတ်ငွေ့များ လုံလောက်စွာရရှိမှုမရှိခြင်း၊ သဘာဝဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အားပေးစက်များ ပြုပြင်ရခြင်းများ ကြောင့် လျှပ်စစ်ထုတ်လုပ်ရေးအတွက် အခက်အခဲ များဖြစ်ပေါ်ခဲ့သကဲ့သို့ မဟာလျှပ်စစ်ဓာတ်အားလိုင်း များကို အကြမ်းဖက်သမားများက ဖောက်ခွဲဖျက်ဆီး ခြင်းများရှိခဲ့ကြောင်း၊ ထို့ကြောင့် လိုအပ်သည့် လျှပ်စစ်ဓာတ်အားများပြည့်ဝစွာ ထုတ်လုပ်နိုင်ရေး အတွက် ဆည်များအတွင်း သိုလှောင်ထားသည့် ရေများကိုအသုံးပြု၍ လျှပ်စစ်ဓာတ်အား တိုးမြှင့် ထုတ်လုပ်ရခြင်းများရှိကြောင်း၊ အဓိကအားဖြင့် ရေကို စနစ်တကျဖြင့် အကျိုးရှိစွာအသုံးချရန်လိုကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများအတွက် အသုံးပြုရာတွင် လည်း အဟောသိကံ ဆောင်ရွက်ခြင်းမျိုးမဟုတ်ဘဲ ရေသုံးစွဲမှုကိုစနစ်တကျဖြင့် ထိရောက်စွာအသုံးချရန် လိုကြောင်း၊ မိမိတို့နိုင်ငံတွင် မြစ်ရေတင်နှင့် ဆည်ရေ သောက်စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်နေသည့် လယ်ယာမြေများစွာရှိပြီး အဆိုပါလယ်ယာမြေများ တွင် ရေစနစ်တကျသုံးစွဲရေးအတွက် ပညာပေးခြင်း များ ဆောင်ရွက်ပေးရန်လိုကြောင်း၊ ယခုအခါ ကမ္ဘာ ပေါ်တွင် ရေချို့ရှားပါးလျက်ရှိသည့် နိုင်ငံများစွာ ရှိကြောင်း၊ ဧရာဝတီမြစ်ရေ၏ ၈၀ ရာခိုင်နှုန်းခန့်သည် ပင်လယ်အတွင်းသို့ ရောက်ရှိသွားပြီး ၂၀ ရာခိုင်နှုန်း ကိုသာ အကျိုးရှိစွာအသုံးချနိုင်သည်ကို ကျွမ်းကျင် ပညာရှင်များ၏ သုံးသပ်ချက်အရ လေ့လာသိရှိရ ကြောင်း၊ အစ္စရေးနိုင်ငံသည် ရေချို့ရှားပါးသည့် နိုင်ငံတစ်ခုဖြစ်သော်လည်း စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်မှု၌ ကမ္ဘာပေါ်တွင် တစ်ဧက စိုက်ပျိုး ထုတ်လုပ်မှုနှုန်း အမြင့်ဆုံးနိုင်ငံတစ်ခုဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတွင် သဘာဝရေအရင်းအမြစ်များ ပေါ်များစွာရှိသဖြင့် အဆိုပါရေအရင်းမြစ်များအား စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများတွင် ထိရောက် အကျိုးရှိစွာအသုံးချနိုင်ရေး တာဝန်ရှိသည့် ဝန်ကြီး ဌာနများအနေဖြင့် ကြိုးပမ်းဆောင်ရွက်ရန် လိုကြောင်း။

### နိုင်ငံဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်

လျှပ်စစ်ဝန်ကြီးဌာနအနေဖြင့် လျှပ်စစ်အသုံးပြု၍ မြစ်ရေတင်စီမံကိန်းများ ဖော်ဆောင်ပေးရန် လိုကြောင်း၊ လျှပ်စစ်မြစ်ရေတင်လုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်း နေရောင်ခြည်စွမ်းအင်သုံး ဆိုလာပြားများဖြင့်လည်း ဆောင်ရွက်၍ရကြောင်း၊ မြစ်ရေတင်စီမံကိန်းများကို အမြန်ဆုံးအကောင် အထည်ဖော် ဆောင်ရွက်နိုင်မည်ဆိုပါက အညာဒေသ များတွင် စိုက်ပျိုးရေးလုပ်ငန်းများကို အောင်မြင် ဖြစ်ထွန်းအောင် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ အစိုးရတစ်ရပ်သည် နိုင်ငံဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ပြည်သူများ၏ စီးပွားဖွံ့ဖြိုးတိုးတက်မှသာ နိုင်ငံဖွံ့ဖြိုးတိုးတက်မည် ဖြစ်သဖြင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ အောင်မြင်အောင် ဆောင်ရွက်ပေးရန်လိုအပ်သဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနများအနေဖြင့် ဆောင်ရွက် ရန်ရှိသည်များကို ရဲရဲတင်းတင်းဖြင့် ဆောင်ရွက် ကြရန်လိုကြောင်း၊ ထုတ်ကုန်များ ထုတ်လုပ်တင်ပို့ ရောင်းချခြင်းနှင့် ပတ်သက်၍ သက်ဆိုင်ရာဝန်ကြီး ဌာနများနှင့် လုပ်ငန်းရှင်များ ပူးပေါင်းပြီး ဈေးကွက် သို့ အဆက်မပြတ်တင်ပို့နိုင်ရေး ဈေးကွက်ရှာဖွေ ဆောင်ရွက်နေရန်လိုကြောင်း။

လူတစ်ဦးရေ သုံးစွဲမှုအနေဖြင့် ပျမ်းမျှအားဖြင့် တစ်ရက်လျှင် ရေဂါလန် ၅၀ ခန့် သုံးစွဲသည်ကို တွေ့ရှိ ရကြောင်း၊ အချို့နိုင်ငံများတွင် ရေသုံးစွဲမှုနှင့် ပတ်သက်၍ ကန့်သတ်ထိန်းချုပ်ထားကြောင်း၊ ရေသုံးစွဲမှုနှင့်ပတ်သက်၍ ပြည်သူများကို အသိပညာ ပေးမှုများ ဆောင်ရွက်ပေးရန်လိုကြောင်း၊ အလားတူ ဇီဝဖြစ်စဉ်အရ တိရစ္ဆာန်များအတွက်လည်း ရေများ လိုအပ်သည့်အတွက် မွေးမြူရေးလုပ်ငန်းများတွင် ကောင်းမွန်သည့် ရေများရရှိရန်လိုကြောင်း၊ ရေကို အကျိုးရှိစွာဖြင့် စနစ်တကျဖြင့် အသုံးချရန် လိုကြောင်း။

### အဘက်ဘက်မှ ကြိုးပမ်းဆောင်ရွက်

လျှပ်စစ်မီးနှင့်ပတ်သက်၍ မိမိတို့အနေဖြင့် လျှပ်စစ်ဓာတ်အားများ လုံလောက်စွာ ရရှိရေးအတွက် အဘက်ဘက်မှ ကြိုးပမ်းဆောင်ရွက်လျက်ရှိ ကြောင်း၊ လျှပ်စစ်ဓာတ်အားများ တိုးတက်ထုတ်လုပ် နိုင်ရန်လိုအပ်သကဲ့သို့ ချွေတာသုံးစွဲရန်လည်း လိုအပ် ကြောင်း၊ ပြည်သူများ၏ လူနေမှုဘဝမြင့်မားရေး အတွက် လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးသည် ဦးစားပေးအကောင်အထည်ဖော် ဆောင်ရွက်ရမည့် လုပ်ငန်းတွင်ပါဝင်ကြောင်း၊ ပြည်သူများ၏ လူနေမှု ဘဝ၊ စီးပွားရေးလုပ်ငန်းများ၊ ကုန်ထုတ်လုပ်ခြင်းနှင့် Public Transportation လုပ်ငန်းများကို တိုးမြှင့် ဆောင်ရွက်နိုင်ရန်အတွက် လျှပ်စစ်ဓာတ်အား များ လုံလောက်စွာထုတ်လုပ်နိုင်ရေး ဆက်လက် ဆောင်ရွက်ရန်လိုကြောင်း၊ ပြည်သူများ လျှပ်စစ်မီး သုံးစွဲမှုနှင့် ရေသုံးစွဲမှုချွေတာနိုင်ရေးအတွက် ပြည်သူ များကို အသိပညာပေးခြင်း၊ တိုက်တွန်းနှိုးဆော် ခြင်းများကို ပြန်ကြားရေးဝန်ကြီးဌာနအပါအဝင် သက်ဆိုင်သည့် ဝန်ကြီးဌာနများအနေဖြင့် စဉ်ဆက် မပြတ်ဆောင်ရွက်နေရန်လိုကြောင်း မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က နိုင်ငံစီးပွားရေးဖွံ့ဖြိုးတိုးတက် မှုနှင့် ကာကွယ်ရေးစွမ်းပကားမြှင့်တင်ရေးနှင့် ပတ်သက်၍ ပြောကြားရာတွင် **“ဒီနှစ် ၂၀၂၂ ခုနှစ်ဟာ ကျွန်တော်တို့အတွက် စိန်ခေါ်တဲ့နှစ်တစ်နှစ်လည်း ဖြစ်လာနေပြီ။ ဘာလို့ဆိုတော့ ဒီစီးပွားရေးကို ပြန်ပြီး တော့ မတ်လာအောင် လုပ်မယ်ဆိုရင်တော့ ကျွန်တော်တို့အပေါ်မှာ ပြည်သူက ယုံကြည်မှုရှိလာ မယ်။ ကျွန်တော့်ရဲ့ ရည်မှန်းချက် ၃ ခုရှိပါတယ်။ တစ်အချက်ကတော့ တိုင်းပြည်စီးပွားရေးကို ကျွန်တော် ရအောင်ဆွဲတင်မယ် ပြောထားတယ်။ ပြီးခဲ့တဲ့နှစ်အတွေ့အကြုံအရ ကျွန်တော်တို့ မလုပ်နိုင် စရာအကြောင်း မရှိဘူး။ ၂၀၂၂ ခုနှစ်မှာ စီးပွားရေး အားကောင်းအောင် ကျွန်တော်တို့ တိုးတက်အောင် လုပ်မယ်။ ပြီးရင် ဒုတိယကတော့ ကျွန်တော်တို့ရဲ့ နိုင်ငံရေး၊ ရှေ့လုပ်ငန်းစဉ်မှာဖော်ပြထားတဲ့ ပါတီစုံ ဒီမိုကရေစီစနစ်ဖော်ဆောင်ရေးနဲ့ ပတ်သက်တဲ့ လုပ်ငန်းရပ်တွေမှာ ကျွန်တော်တို့ ရတဲ့လမ်းကြောင်း တွေမှာ ကျွန်တော်တို့ အကုန်လုပ်မှာ။ အဲ့ဒီနှစ်ခု နိုင်ငံရေးကလည်း ကောင်းနေတယ်။ စီးပွားရေး ကလည်း အားကောင်းလာပြီဆိုရင် ဒီဘက်က နိုင်ငံတော်ကာကွယ်ရေးအတွက်ကို အားလုံးပါဝင်တဲ့ ကာကွယ်ရေးစနစ်ကို နောင်ကျွန်တော်တို့သွားရမယ်။ အားလုံးပါဝင်တဲ့။ ဥပမာ ကျွန်တော်တို့ဆီမှာ အမျိုးသားစစ်မှုထမ်းဥပဒေ မကျင့်သုံးရသေးဘူး။ နိုင်ငံသားတိုင်းဟာ စစ်မှုထမ်းဖို့ တာဝန်ရှိတယ်။ အမျိုးသားစစ်မှုထမ်းဥပဒေ ကျွန်တော်တို့ မကျင့်သုံး ရတာ ဘာဖြစ်လို့လဲဆိုတော့ ပြည်တွင်းလက်နက်ကိုင် ပဋိပက္ခတွေရှိလို့ ကျွန်တော်တို့လုပ်လို့ မရဘူး။ ခုနက ပြောတဲ့ တစ်ရယ်၊ နှစ်ရယ် ကျွန်တော်တို့က ကောင်းကောင်းထိန်းနိုင်ပြီ၊ လုပ်နိုင်ပြီ၊ လက်ထဲ မှာ ပိုင်ပိုင်နိုင်နိုင်ရှိပြီဆိုလို့ရှိရင် တတိယဖြစ်တဲ့ ကာကွယ်ရေးစွမ်းပကားတွေကိုရအောင် ကျွန်တော် တို့က မြှင့်တင်ရမယ်။ အဲ့ဒီမှာ အမျိုးသားစစ်မှုထမ်း ဥပဒေအရ နိုင်ငံသားတွေ စစ်မှုထမ်းရမယ်။ ၂ နှစ် တန်သည်၊ ၃ နှစ်တန်သည်၊ ဒါသူ့ရဲ့ သတ်မှတ်ထားတဲ့ ဟာအတိုင်း စစ်မှုထမ်းရမယ်။ တစ်နှစ်လည်းဖြစ်ရင် ဖြစ်မယ်၊ တစ်နှစ်ခွဲလည်းဖြစ်ရင် ဖြစ်မှာပေ့ါ။ အခြေ အနေအပေါ်မူတည်ပြီးတော့၊ တိုင်းပြည်ရဲ့အခြေ အနေပေါ်မူတည်ပြီးတော့ လုပ်ရမှာ။ ဒါကလုပ်ရမှာ၊ မလုပ်လို့မရဘူး။ ကာကွယ်ရေးစွမ်းအား မကောင်းရင် တော့ ကျွန်တော်တို့ ခံသွားရမှာပေ့ါ။ သူများက ဖင်ပုတ်၊ ခေါင်းပုတ် လာလုပ်သွားမှာပေ့ါ။ စီးပွားရေး အားမကောင်းရင်လည်း ပိုက်ဆံမရှိတော့ မျက်နှာ ငယ်ရတယ်။ နိုင်ငံရေးအားမကောင်းတဲ့အခါကျတော့ သူများတွေ ကျွန်တော်တို့ကို မျိုးစုံပြဿနာတွေရှာမှာ။ စစ်ရေးအရ ကာကွယ်ရေးစွမ်းအား မကောင်းတော့ ဖင်ပုတ်၊ ခေါင်းပုတ်လာလုပ်မယ်။ ကျွန်တော်တို့တွေ စော်ကားခံရလိမ့်မယ်။ ခြံစည်းရိုးတွေလုံမှာ မဟုတ် ဘူး။ ဒီ ၃ ခုက ကျွန်တော်တို့ မဖြစ်မနေလုပ်ရမယ့် ကိစ္စရပ်ဖြစ်ပါတယ်။ ဒါကိုကျွန်တော်တို့က ဒီနှစ်မှာ တတ်နိုင်သလောက် ဆွဲတင်ပြီးတော့ ဆောင်ရွက်သွား ဖို့ ဖြစ်ပါတယ်”** ဟု ပြောကြားသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြ သည့် ပြည်ထောင်စုဝန်ကြီးများက သက်ဆိုင်ရာ ကဏ္ဍအလိုက် ရှင်းလင်းတင်ပြဆွေးနွေး၍ အတည် ပြုချက်ရယူကြသည်။

### ပြည်တွင်းငွေကြေးဖြင့်သာ သုံးစွဲ

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က နိဂုံးချုပ်အမှာစကား ပြောကြားရာတွင် နိုင်ငံခြားငွေသုံးစွဲမှုနှင့်စပ်လျဉ်း၍ ယခင်အစိုးရများလက်ထက်တွင် ကုန်သွယ်မှုလိုငွေ များရှိခဲ့ပြီး ရေရှည်တွင် ကြွေးမြီပြဿနာများ ကြီးမား လာနိုင်ပါကြောင်း၊ ယင်းကို ကြိုတင်တွက်ဆ၍ ဝန်ကြီးဌာနများအနေဖြင့် နိုင်ငံခြားသုံးငွေကို ခြိုးခြံ ချွေတာပြီး မဖြစ်မနေသုံးစွဲရမည့်ကိစ္စများတွင်သာ သုံးစွဲကြစေလိုကြောင်း၊ ဖြစ်နိုင်ပါက ပြည်တွင်း ငွေကြေးဖြင့်သာ သုံးစွဲကြစေလိုကြောင်းနှင့် ဝန်ကြီး ဌာနများအနေဖြင့် မလိုအပ်သည့် ကိစ္စရပ်များတွင် သုံးစွဲခြင်းမပြုဘဲ အမှန်တကယ်လိုအပ်သည့် ရေရှည် တည်တံ့မည့် တည်ဆောက်ရေးလုပ်ငန်းများတွင်သာ သုံးစွဲကြရန်လိုကြောင်း။

နိုင်ငံတကာချေးငွေများနှင့်စပ်လျဉ်း၍ အကျိုးရှိ စွာ သုံးစွဲကြရန်လိုအပ်ပြီး ဌာနအတွက် အမှန်တကယ် အကျိုးရှိသော ချေးငွေများဖြစ်ရန် လိုအပ်ကြောင်း၊ အခွန်အကောက်နှင့် စပ်လျဉ်း၍ ဝန်ကြီးဌာနများ အနေဖြင့် ရသင့်ရထိုက်သည့် အခွန်ငွေများ ရရှိရေး ဆောင်ရွက်သွားကြရန် လိုကြောင်း၊ ပုဂ္ဂလိက ထုတ်လုပ်မှုကဏ္ဍ တိုးတက်မှသာ ပြည်ပပို့ကုန် ပိုမိုတင်ပို့နိုင်မည်ဖြစ်ပြီး ယင်းဝင်ငွေမှ နိုင်ငံတော် အတွက် အခွန်ငွေများ ရရှိနိုင်မည်ဖြစ်ကြောင်း၊ အခွန်တိုးမြှင့်ကောက်ခံခြင်းထက် ရသင့်ရထိုက်သော အခွန်အခများ မှန်မှန်ကန်ကန်ရရှိနိုင်ရေး ဝန်ကြီးဌာန များအနေဖြင့် ကြိုးစားဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း။

ဝန်ထမ်းများ ခန့်အပ်ခြင်းနှင့် စပ်လျဉ်း၍ မလိုအပ်ဘဲ ဖွဲ့စည်းခန့်အပ်ခြင်းများ မပြုလုပ်ကြရန် နှင့် ခန့်အပ်ပြီး ဝန်ထမ်းများ၏ အရည်အသွေး တိုးတက်စေရေးနှင့် တာဝန်ကျေပွန်စွာ ထမ်းဆောင် ကြရန်အတွက်လည်း ကြပ်မတ်ဆောင်ရွက်သွားရန် လိုကြောင်း။

### စက်သုံးဆီသုံးစွဲမှုကို ထိထိရောက်ရောက်လျှော့ချ

လက်ရှိခြေအနေတွင် ထုတ်လုပ်မှု ကုန်ကျစရိတ် ကြီးမြင့်မှု၊ ပို့ဆောင်ရေးစရိတ် ကြီးမြင့်မှုနှင့် ကုန်ကြမ်းဈေးနှုန်း မြင့်မားမှုတို့ကြောင့် ကုန်ဈေးနှုန်း ကြီးမြင့်မှုများ ဖြစ်ပေါ်လျက်ရှိကြောင်း၊ ကုန်ဈေးနှုန်း ကြီးမြင့်မှုကို ထိန်းချုပ်နိုင်ရန်အတွက် ဝန်ကြီးဌာန အလိုက် သက်ဆိုင်ရာတာဝန်ရှိသူများအနေဖြင့် စဉ်းစားဆောင်ရွက်ကြရန် လိုကြောင်း၊ ကုန်ဈေးနှုန်း ကြီးမြင့်မှု၏ အဓိကအချက်အားဖြင့် သယ်ယူ ပို့ဆောင်ရေး ကုန်ကျစရိတ်များပြားခြင်းကြောင့် ဖြစ်သဖြင့် အများပြည်သူ ပို့ဆောင်ရေးစနစ် ကောင်းမွန်အောင် ဆောင်ရွက်ပေးရန် လိုအပ် ကြောင်း၊ ယင်းစနစ် ကောင်းမွန်ရန် ဆောင်ရွက်ပေး ခြင်းအားဖြင့် နိုင်ငံခြားငွေဖြင့် ဝယ်ယူသုံးစွဲနေရသည့် စက်သုံးဆီသုံးစွဲမှုကို ထိထိရောက်ရောက်လျှော့ချနိုင် မည်ဖြစ်ကြောင်း၊ ထို့ပြင် ပြည်တွင်း၌ ထုတ်လုပ်သည့် ကုန်ပစ္စည်းများအတွက် ကုန်ကြမ်းများ လုံလုံ လောက်လောက် ရရှိနိုင်ရေးနှင့် ဈေးကွက်အတွင်း ဝယ်လိုအားကို ကာမိသည်အထိ တိုးမြှင့်ထုတ်လုပ် ပေးနိုင်ရန်လိုအပ်ကြောင်း၊ ပြည်တွင်းထုတ်လုပ်မှုကို အားပေးမှသာ ကုန်ဈေးနှုန်းကျဆင်းလာမည်ဖြစ်ပြီး ငွေကြေးခိုင်မာမှု ရရှိလာမည်ဖြစ်ကြောင်း၊ ယင်းသို့ ဆောင်ရွက်ခြင်းသည် တိုင်းပြည်၏ စီးပွားရေးကို အထောက်အကူဖြစ်စေပြီး အမျိုးသားအကျိုးစီးပွား ကို ကာကွယ်ရာရောက်သည့်အတွက် ဝိုင်းဝန်း ကြိုးပမ်းဆောင်ရွက်သွားရန် တိုက်တွန်းပါကြောင်း၊ ဝန်ကြီးဌာနများအနေဖြင့် ကျန်ရှိသည့် ဘတ်ဂျက် ကာလအတွင်း တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် နည်းလမ်းပေါင်းစုံဖြင့် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက် သွားကြရန်လိုကြောင်းဖြင့် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ဘောလခဲမြို့ရှိ ဌာနဆိုင်ရာများနှင့် မြို့မိမြို့ဖများအား တွေ့ဆုံ

## ဌာနဆိုင်ရာများအနေဖြင့် နိုင်ငံအပေါ်သစ္စာရှိစွာဖြင့် ဒေသတိုးတက်ရေးအတွက် ညှိနှိုင်းပူးပေါင်းဆောင်ရွက်





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေး ဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ဘောလခဲမြို့ရှိ ဌာနဆိုင်ရာများနှင့် မြို့မိမြို့ဖများအား တွေ့ဆုံအမှာစကား ပြောကြားစဉ်။

**နေပြည်တော် ဖေဖော်ဝါရီ ၂**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များဖြစ်ကြသည့် စောဒန်နီယယ်၊ ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ တာဝန်ရှိသူများလိုက်ပါ၍ ယနေ့တွင် ဘောလခဲမြို့ရှိ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများအား နယ်မြေခံတပ်ညွှန့်ရိပ်သာ၌ သွားရောက်တွေ့ဆုံ၍ အမှာစကား ပြောကြားသည်။

### သစ္စာရှိစွာဖြင့် ပူးပေါင်းဆောင်ရွက်

ထိုသို့ တွေ့ဆုံအမှာစကားပြောကြားရာတွင် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အရေးပေါ်ကာလ ၁ နှစ်ကို အခက်အခဲများစွာဖြင့် ကျော်လွှားခဲ့ရကြောင်း၊ အချို့သောဝန်ထမ်းများသည် နိုင်ငံ၏မျက်နှာကိုမကြည့်ဘဲ CDM လုပ်ဆောင်ခဲ့၍ ဆူပူအကြမ်းဖက်မှုကို မလိုလားသည့် ဝန်ထမ်းကောင်းများဖြင့် ကြိုးပမ်းဆောင်ရွက်ခဲ့ရကြောင်း၊ ပြည်တွင်း/ ပြည်ပ ဖိအားမျိုးစုံကို ကြုံတွေ့ခဲ့ရသော်လည်း ပြည်သူများ၏ ပူးပေါင်းပါဝင်မှုဖြင့် အောင်မြင်အောင် ဖြတ်သန်းခဲ့ကြောင်း၊ ကြီးမားသော စိန်ခေါ်မှုအဖြစ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသမှုပင်ဖြစ်ကြောင်း၊ နိုင်ငံအချို့နှင့် INGO အဖွဲ့အချို့အနေဖြင့် မိမိတို့နိုင်ငံအား ကိုဗစ်-၁၉ ရောဂါအပေါ် လက်မြှောက်အရှုံးပေးရတော့မည်၊ ကျရှုံးသွားရတော့မည်ဟု ပြောဆိုမှုများရှိခဲ့ကြောင်း၊ နိုင်ငံတော်အနေဖြင့် နိုင်ငံတော်ကို သစ္စာရှိသည့် ကျန်းမာရေးဝန်ထမ်းများအပါအဝင် သက်ဆိုင်ရာမှ ဌာနဆိုင်ရာများ၏ သစ္စာရှိစွာဖြင့် ပူးပေါင်းဆောင်ရွက်မှု၊ ပြည်သူများ၏ ပါဝင်မှုတို့ဖြင့် ကိုဗစ်-၁၉ တတိယလှိုင်းကို အကောင်းဆုံးအချိန်တိုအတွင်း ကျော်ဖြတ်ခဲ့ကြောင်း၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဗဟိုကော်မတီကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ကိုယ်တိုင် တနင်္လာနေ့တိုင်းတွင်လည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုဥက္ကဋ္ဌ ဦးစီး၍ ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်တုံ့ပြန်ရေးကော်မတီကလည်း နေ့စဉ်နီးပါး ပြည်နယ်နှင့်တိုင်းဒေသကြီး အရေးပေါ်ထိန်းချုပ် တုံ့ပြန်ရေးအဖွဲ့များဖြင့် လည်းကောင်း၊ ဆွေးနွေးညှိနှိုင်းအဖြေရှာဖော်ထုတ်၍ ကြိုးပမ်းခဲ့ရကြောင်း၊ ပထမလှိုင်းနှင့် ဒုတိယလှိုင်းတို့တွင် ကာကွယ်ဆေးထိုးမှုနှင့်ပတ်သက်သည့် စာရင်းဇယားအားနည်းမှုများ ရှိခဲ့သော်လည်း ယခုအခါ တစ်နိုင်ငံလုံးတွင် စနစ်တကျမှတ်တမ်းများထားရှိနိုင်၍ Webportal တွင် VMIS Program ကိုပင် တင်ထားနိုင်ပြီဖြစ်ကြောင်း၊ တတိယလှိုင်းကာလအတွင်း အောက်ဆီဂျင်လိုအပ်ချက် ကြီးမားစွာဖြစ်ပေါ်ခဲ့ပြီး မသမာသူစီးပွားရေးသမားအချို့အနေဖြင့် မတော်လောဘဖြင့် အောက်ဆီဂျင် လိုအပ်ချက်အပေါ် ကိုယ်ကျိုးစီးပွားရှာခဲ့မှုတို့ကိုလည်း တွေ့ရကြောင်း၊ နိုင်ငံတော်အနေဖြင့် အောက်ဆီဂျင်အပါအဝင် ကိုဗစ်-၁၉ ရောဂါကာကွယ်တားဆီးရေးဆေးပစ္စည်းများ၊ ကာကွယ်ဆေးများနှင့် ကုသဆေးများကို အချိန်မီရရှိအောင်ဆောင်ရွက်ခြင်းတို့ဖြင့် အကောင်းဆုံးထိန်းချုပ်နိုင်ခဲ့သဖြင့် နိုင်ငံတကာနှင့် INGO များကပင် အံ့သြမှင်တက်ကြရသည်အထိ ဖြစ်ခဲ့ရကြောင်း၊ ထို့ပြင် အစိုးရရပ်တည်မှုမရနိုင်ရန် ပြည်ပသြဇာခံများက ပြည်ပနိုင်ငံကြီးအချို့နှင့် ပူးပေါင်းကာ ဘဏ်စနစ်ပြိုလဲပြီး စီးပွားရေးယိုင်လဲရန် ဆောင်ရွက်ခဲ့သော်လည်း ကြံ့ကြံ့ခံ၍ ဖြတ်ကျော်နိုင်ခဲ့ကြောင်း၊ နိုင်ငံတော်ဝန်ကြီးချုပ်၏ ပြည်တွင်းဖြစ်ကို အားပေးရန်မူဝါဒအရ ပြည်ပသွင်းကုန်အချို့အား ကန့်သတ်၍ ပြည်တွင်းထုတ်ကုန်လုပ်ငန်းများကို အားပေးခဲ့မှုကြောင့် ၂၀၂၁-၂၀၂၂ ပထမခြောက်လပတ် မီနီဘတ်ဂျက်တွင် ကုန်သွယ်ရေးပိုငွေ ပြမှုဖြစ်ပေါ်ခဲ့ကြောင်း၊ အိမ်နီးချင်းနိုင်ငံများနှင့် နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းများကို တိုးမြှင့်ဆောင်ရွက်နိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး ပို့ကုန်များ စဉ်ဆက်မပြတ်တင်ပို့နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း၊ ဌာနဆိုင်ရာများအနေဖြင့် နိုင်ငံအပေါ်သစ္စာရှိစွာဖြင့် ဒေသတိုးတက်ရေးအတွက် ညှိနှိုင်းပူးပေါင်း ဆောင်ရွက်သွားရန်လိုကြောင်းဖြင့် ပြောကြားသည်။

> ❑ **အိမ်နီးချင်းနိုင်ငံများနှင့် နယ်စပ်ကုန်သွယ်ရေး လမ်းကြောင်းများကို တိုးမြှင့်ဆောင်ရွက်နိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး ပို့ကုန်များ စဉ်ဆက်မပြတ်တင်ပို့နိုင်ရေး ဆောင်ရွက်လျက်ရှိ**

### ပေါင်းစပ်ညှိနှိုင်း

ထို့နောက် မြို့မိမြို့ဖများနှင့် ဌာနဆိုင်ရာများ၏ သက်ဆိုင်ရာကဏ္ဍအလိုက် တင်ပြချက်များအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ရသေ့တောင်မြို့၌ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု သင်တန်းဖွင့်

**ရသေ့တောင် ဖေဖော်ဝါရီ ၂**

ရသေ့တောင်မြို့၌ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု အခြေခံ မော်တော်ဆိုင်ကယ် ပြုပြင်ရေးသင်တန်းဖွင့်ပွဲကို ယနေ့နံနက် ၉ နာရီက ရသေ့တောင်မြို့ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန သင်တန်းခန်းမ၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲ အခမ်းအနားတွင် မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးအရာရှိ ဦးပုချောက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် သင်တန်းနည်းပြ ဦးနေစိုးလင်းက သင်တန်းနှင့် ပတ်သက်သည့် လိုက်နာဆောင်ရွက်ရမည့် အချက်များ၊ မော်တော်ဆိုင်ကယ် အင်ဂျင်ပိုင်းနှင့် ဝိုင်ယာရိန်းပိုင်း အခြေခံ သဘောတရားများကို ရှင်းလင်းပြောကြားသည်။

အဆိုပါ အခြေခံမော်တော်ဆိုင်ကယ်ပြုပြင်ရေး သင်တန်းသည် ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိစေပြီး အသက်မွေးဝမ်းကျောင်းအတွက် အထောက်အကူဖြစ်စေရေး ရည်ရွယ်ကာ သင်တန်းသား ၂၀ ကို သုံးပတ်ကြာ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။

**အောင်စံထွန်း(ပြန်/ဆက်)**

## ဖယ်ခုံမြို့အနီး အင်အားအနည်းငယ်ရှိ ငလျင်လှုပ်

**နေပြည်တော် ဖေဖော်ဝါရီ ၂**




ဖေဖော်ဝါရီ ၂ ရက် မြန်မာစံတော်ချိန် ၁၄ နာရီ ၄၃ မိနစ်၊ ၀၈ စက္ကန့်တွင် နေပြည်တော် မြေငလျင်စခန်းမှ အရှေ့-အရှေ့မြောက်ဘက် ၅၇ မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံ ပြည်တွင်း (ဖယ်ခုံမြို့၏ မြောက်-အနောက်မြောက်ဘက် ၁၀ မိုင်ခန့်အကွာ)၊ မြောက်လတ္တီတွဒ် ၂၀ ဒသမ ၀၁ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒသမ ၉၈ ဒီဂရီ၊ အနက် ၁၀ ကီလိုမီတာကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၃ ဒသမ ၉ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်ရှားခဲ့ကြောင်း တိုင်းထွာရရှိသည်။

**မိုး/ဇလ**

**နိုင်ငံတော်အတွက် ဥမကွဲသိုက်မပျက် ပြည်ထောင်စုစိတ်ဓာတ်နဲ့ ဒို့ဆောင်ရွက်။**




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ဖားဆောင်းတပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် စားသောက်ဖွယ်ရာများ ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူစဉ်။

◆ကျောဖုံးမှ

အနေဖြင့်၂၀၂၀ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲပြီးနောက် ဒီမိုကရေစီလမ်းကြောင်းမှ သွေဖည်၍ မဲမသမာမှု ၁၀ ဒသမ ၄ သန်းကျော်ဖြစ်ပေါ်နေမှုကို သက်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင်၊ ပြည်ထောင်စုလွှတ်တော်နှင့် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီတို့သို့ လိုအပ်သလို ဖြေရှင်းပေးရန် ဥပဒေနှင့်အညီ တင်ပြခဲ့သော်လည်း တစ်စုံတစ်ရာ မဖြေရှင်းခဲ့သည့်အပြင် နိုင်ငံတော်အာဏာကို လွှတ်တော်အသစ် ခေါ်ယူခြင်းမှတစ်ဆင့် အဓမ္မရယူရန် ကြံရွယ်လာမှုအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈) ပုဒ်မ ၄၁၇၊ ၄၁၈ နှင့် ၄၁၉ တို့နှင့်အညီ နိုင်ငံတော်၏ အာဏာ (၃)ရပ်ကို ထိန်းသိမ်းတာဝန်ယူ ဆောင်ရွက်နေသည်မှာ တစ်နှစ်ပြည့်မြောက်ခဲ့ပြီဖြစ်ကြောင်း၊ နိုင်ငံတော်တာဝန်ကို ထိန်းသိမ်းခြင်းသာဖြစ်ပြီး အာဏာသိမ်းခြင်းမဟုတ်၍ ဖွဲ့စည်းပုံအခြေခံဥပဒေကိုလည်း ဖျက်သိမ်းခြင်း၊ အသစ်ပြန်လည်ရေးဆွဲခြင်းမရှိဘဲ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီသာ ဆောင်ရွက်လျက်ရှိကြောင်း၊ ပါတီစုံဒီမိုကရေစီစနစ်တွင် လွတ်လပ်၍တရားမျှတသည့်အထွေထွေရွေးကောက်ပွဲသည် အဓိကဖြစ်၍ တရားမျှတမှန်ကန်မှုမှာ အသက်မျှအရေးကြီးကြောင်း၊ သို့မှသာ မှန်မှန်ကန်ကန် ရွေးချယ်ခံရသည့် လွှတ်တော်ကိုယ်စားလှယ်များကို ရွေးချယ်နိုင်မည်ဖြစ်ကြောင်း၊ မှန်ကန်သည့် ကိုယ်စားလှယ်များမှတစ်ဆင့် နိုင်ငံအကြီးအကဲနှင့် အစိုးရအဖွဲ့များဖြစ်ပေါ်လာမည်ဖြစ်ကြောင်း၊ မှန်ကန်သည့် လမ်းကြောင်းမဟုတ်ဘဲ နိုင်ငံတော်အာဏာ အဓမ္မရယူမှုကို မည်သည့်နိုင်ငံနှင့် နိုင်ငံသားများကမှ လက်ခံနိုင်မည်မဟုတ်ကြောင်း၊ ယနေ့တိုင် အချို့အဖွဲ့အစည်း၊ ပြည်တွင်း ပြည်ပ နိုင်ငံသားအချို့သည် တပ်မတော်မှ အာဏာထိန်းသိမ်းမှုအပေါ် အာဏာသိမ်းခြင်းသာဖြစ်သည်ဟု အယူအဆလွဲမှားနေပါကြောင်း၊ ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအရ လွတ်လပ်ရေးရပြီးနောက် ပါလီမန်ဒီမိုကရေစီစနစ် ကျင့်သုံးခဲ့ချိန်အတွင်း ပါတီအတွင်း ကွဲပြားမှုများ၊ ခါးပိုက်ဆောင်တပ်များ၊ လက်သပ်မွေးမှုများ၊ ပြည်ပကျူးကျော်မှုများ၊ ဂိုဏ်းဂဏ ကွဲပြားမှုများ နိုင်ငံတော်၏ အချုပ်အခြာအာဏာ တည်မြဲမှုပျက်ပြားနိုင်သော အခြေအနေတို့ကြောင့် အိမ်စောင့်အစိုးရအဖြစ် ခေတ္တထိန်းသိမ်းခဲ့ပြီးနောက် ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေနှင့်အညီ ရွေးကောက်ပွဲကျင်းပ၍ အနိုင်ရသည့်ပါတီအား အာဏာပြန်လည် လွှဲအပ်ပေးခဲ့ကြောင်း၊ သို့သော် ၁၉၆၂ ခုနှစ်တွင် နိုင်ငံရေးအကျပ်အတည်းများနှင့် တည်မြဲမှုယိုယွင်းလာမည့် အခြေအနေကြောင့် တော်လှန်ရေးကောင်စီမှ အာဏာသိမ်းခဲ့ရကြောင်း၊ တော်လှန်ရေးကောင်စီအနေဖြင့် ပါလီမန်ဒီမိုကရေစီ၏ အားနည်းချက်များအား အဖြေရှာလျက် တစ်ပါတီစနစ်ဖြင့် ဆက်လက်လျှောက်လှမ်းရန် လိုအပ်ခြင်းရှိခဲ့၍ ၁၉၄၇ ခုနှစ်၊ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို ဖျက်သိမ်းလျက် ၁၉၇၄ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေကို ရေးဆွဲခဲ့ပြီး မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီဖြင့် နိုင်ငံကိုအုပ်ချုပ်ခဲ့ကြောင်း၊ ၁၉၈၈ ခုနှစ်တွင် စီးပွားရေး အကျပ်အတည်းနှင့်အတူ အထွေထွေနိုင်ငံရေး အကျပ်အတည်းများဖြစ်ပေါ်လာခဲ့၍ တပ်မတော်က နိုင်ငံတော်အာဏာကို သိမ်းခဲ့ရကြောင်း၊ တစ်ပါတီစနစ်မှ ပါတီစုံဒီမိုကရေစီစနစ်ကိုသွားလိုသော ပြည်သူများ၏ ဆန္ဒအရ တပ်မတော်အနေဖြင့် ၁၉၇၄ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေကိုဖျက်သိမ်း၍ လက်ရှိ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေအသစ်ကို အချိန်ယူ ရေးဆွဲခဲ့ကြောင်း၊ ယနေ့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်အာဏာထိန်းသိမ်းရာ၌ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေသည် ပြည်သူများ ဆန္ဒဖြစ်သည့် ပါတီစုံဒီမိုကရေစီစနစ်အတွက် ရည်မျှော်ရေးဆွဲထားပြီး ပြည်သူ ၉၂ ရာခိုင်နှုန်းကျော် ထောက်ခံအတည်ပြုထားသည့် ဥပဒေဖြစ်ကြောင်း၊ ပြည်သူများလိုလားသော ပါတီစုံဒီမိုကရေစီစနစ်ကို တပ်မတော်သားများအားလုံးမှာလည်း လက်ခံထားသဖြင့် ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေကို ဖျက်သိမ်းခြင်း မရှိခဲ့ကြောင်း၊ သို့ဖြစ်၍ ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ အရေးပေါ်ကာလ သတ်မှတ်ချက်ဥပဒေပုဒ်မ ၄၁၇၊ ၄၁၈ နှင့် ၄၁၉ အတိုင်း မဲမသမာမှုများ စစ်ဆေးဖြေရှင်းမှုမှတစ်ဆင့် အရေးပေါ်ကာလ ဥပဒေအရပြဋ္ဌာန်းချက်ပါ ကိစ္စရပ်များ ဆောင်ရွက်ပြီးပါက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်များတွင် နောက်ဆုံးအချက်ဖြစ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ အနိုင်ရပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်ကို လွှဲပြောင်းနိုင်ရေး ဆောင်ရွက်လာရမှာဖြစ်ကြောင်း၊ လွတ်လပ်ပြီး တရားမျှတသော အထွေထွေရွေးကောက်ပွဲကျင်းပနိုင်ရန် နယ်မြေတည်ငြိမ်အေးချမ်းရန်နှင့် မဲပေးခွင့်ရှိသူအားလုံး မဲပေးနိုင်ရန်လိုကြောင်း၊ ထို့ကြောင့်လည်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်အနေဖြင့်လည်း ၂၀၂၂ ခုနှစ်ကို ငြိမ်းချမ်းရေးနှစ်အဖြစ် သတ်မှတ်၍ ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ ရွေးကောက်ပွဲမတိုင်မီ အကြိုကာလ မဲဆွယ်စည်းရုံးမှု မလုပ်ဆောင်နိုင်ခြင်းနှင့် ရွေးကောက်ပွဲတွင် မဲဆန္ဒရှင်တစ်ဦးချင်းစီက အေးချမ်းစွာ မဲမပေးနိုင်ပါက ကိုယ်စားလှယ်အမတ်များ ရွေးချယ်တင်မြှောက် နိုင်မည်မဟုတ်၍ ဒေသနှင့် ပြည်သူများအတွက် နစ်နာမည်ဖြစ်ကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ဥပဒေနှင့်အညီ ဆောင်ရွက်နေခြင်းဖြစ်၍ အရေးပေါ်ကာလပြဋ္ဌာန်းချက်များအတွင်း၌သာ ဆောင်ရွက်နိုင်မည်ဖြစ်ပြီး အမြဲတမ်းထိန်းသိမ်းထား၍ မရကြောင်း၊ နိုင်ငံစီးပွားပျက်စီးစေလိုသည့် ပြည်တွင်း ပြည်ပမလိုတမာသူများ၏ သွေးထိုးမှုများကို နားယောင်၍ နားလည်မှု လွဲမှားနေသူတချို့ရှိ၍ နားလည်မှုမလွဲမှားစေလိုကြောင်း၊ ကိုယ်ကျိုးစီးပွားအရ ပြည်ပ နိုင်ငံကြီးအချို့သည် မိမိတို့နိုင်ငံရေးအကျပ်အတည်းကို အခွင့်ကောင်းယူ၍ စီးပွားရေးပိတ်ဆို့မှုများ ပြုလုပ်မှုသည် ပြည်သူလူထုကို များစွာထိခိုက်စေကြောင်း၊ ဘက်ပေါင်းစုံမှ ဖိနှိပ်မှုမှတစ်ဆင့် ရုပ်သေးအစိုးရဖြစ်စေရေး ကြံရွယ်ချက်များကိုလည်း လက်ခံဖွယ်ရာမရှိပါကြောင်း၊ မိမိတို့နိုင်ငံသည် ဒေသတွင်းအင်အားကြီး နှစ်နိုင်ငံကြားတွင်ရှိပြီး နိုင်ငံတော်အနေဖြင့် လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ဆက်လက်ကျင့်သုံးလျက်ရှိပြီး နိုင်ငံများအားလုံးနှင့် ငြိမ်းချမ်းရေးနှင့် နိုင်ငံအချင်းချင်း မိတ်ဝတ်မပျက် ပေါင်းဖက်ဆက်ဆံရေးကို ရှေးရှုသည့် နိုင်ငံအချင်းချင်း ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်နိုင်ရေးမူများကို စောင့်ထိန်း၍ ဆက်လက်ရပ်တည် ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတော်အနေဖြင့် တစ်နှစ်အတွင်း ဘက်ပေါင်းစုံမှ ခက်ခဲသည့် အကျပ်အတည်းများစွာကို ရင်ဆိုင်ခဲ့ရကြောင်း၊ သို့သော် နိုင်ငံ့ဝန်ထမ်းကောင်းများ အပါအဝင် ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အောင်မြင်အောင် ကျော်လွှားနိုင်ခဲ့ကြောင်း၊ တပ်မတော်သားများအနေဖြင့် နိုင်ငံတော်ကာကွယ်ရန်ဟူသည့် ခံယူချက်ဖြင့် တာဝန်ထမ်းဆောင်နေကြခြင်းဖြစ်ကြောင်း ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၃၇ တွင် တပ်မတော်သည် နိုင်ငံတော်ကာကွယ်ရေးအတွက် အဓိကအကျဆုံးသော လက်နက်ကိုင်တပ်ဖွဲ့ဖြစ်သည်ဟု ပြဋ္ဌာန်းထားကြောင်း၊ ဒါကြောင့် နိုင်ငံတော်ကာကွယ်လိုသောဆန္ဒ၊ ဖွဲ့စည်းပုံအခြေခံဥပဒေက ပေးအပ်သော တာဝန်များအရ မှန်မှန်ကန်ကန်ရပ်တည်၍ ကျေပွန်စွာ ထမ်းဆောင်ကြရန်လိုကြောင်း၊ အကြမ်းဖက် အဖွဲ့အစည်းများဖြစ်သည့် NUG ၊ CRPH နှင့် လက်ဝေခံ PDF အဖွဲ့တို့၏ လှုံ့ဆော်မှုကွန်ရက်များမှ မဟုတ်မမှန်ဝါဒဖြန့်မှုများကို စဉ်းစားဆင်ခြင်ဉာဏ်ဖြင့် မှန်ကန်စွာသုံးသပ်ရန်လိုကြောင်းနှင့် မိမိတို့ပတ်ဝန်းကျင်ကိုလည်း သတင်းမှန်များ ဖြန့်ဝေအသိပေးရန်လိုကြောင်း၊ တပ်မတော်၏ ကောင်းမွန်သော ဂုဏ်သိက္ခာနှင့် အစဉ်အလာကောင်းများကို ထိန်းသိမ်း၍ စွမ်းရည်များထက်မြက်နေရန် ဆောင်ရွက်သွားရန်လိုကြောင်း၊ တရားသောစစ်နှင့် မတရားသောစစ်ယှဉ်ပါက တရားသောစစ်သည် မုချအောင်မြင်မည်သာဖြစ်ကြောင်း၊ တပ်မတော်သည် တိုင်းရင်းသားအားလုံး ပါဝင်ဖွဲ့စည်းထားသော ခိုင်မာတောင့်တင်းသည့် အဖွဲ့အစည်းဖြစ်၍ စည်းလုံးညီညွတ်မှုဖြင့် ဆက်လက်ကြိုးပမ်း ဆောင်ရွက်သွားရန်လိုကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက တပ်နယ်များရှိ အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် စားသောက်ဖွယ်ရာများ ပေးအပ်ရာ တာဝန်ရှိသူများက အသီးသီးလက်ခံရယူကြသည်။ ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် အရာရှိ၊ စစ်သည်၊ မိသားစုများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

❖ ပါတီစုံဒီမိုကရေစီစနစ်တွင် လွတ်လပ်၍ တရားမျှတသည့် အထွေထွေ ရွေးကောက်ပွဲသည် အဓိကဖြစ်၍ တရားမျှတ မှန်ကန်မှုမှာ အသက်မျှ အရေးကြီး၊ သို့မှသာ မှန်မှန်ကန်ကန် ရွေးချယ်ခံရသည့် လွှတ်တော် ကိုယ်စားလှယ်များကို ရွေးချယ်နိုင်မည်ဖြစ်၊ မှန်ကန်သည့် ကိုယ်စားလှယ်များမှတစ်ဆင့် နိုင်ငံအကြီးအကဲနှင့် အစိုးရအဖွဲ့များ ဖြစ်ပေါ်လာမည်ဖြစ်၊ မှန်ကန်သည့် လမ်းကြောင်းမဟုတ်ဘဲ နိုင်ငံတော်အာဏာ အဓမ္မရယူမှုကို မည်သည့်နိုင်ငံနှင့် နိုင်ငံသားများကမှ လက်ခံနိုင်မည်မဟုတ်

# ၂၀၂၁ ခုနှစ် အောက်တိုဘာလမှ ၂၀၂၂ ခုနှစ် မတ်လအထိ ခြောက်လ ဘဏ္ဍာရေးကာလအတွင်း တည်ဆောက်ရေးလုပ်ငန်းများ အရှိန်အဟုန်မပြတ် ဆောင်ရွက်နိုင်သည်ကို တွေ့ရှိ

နေပြည်တော် ဖေဖော်ဝါရီ ၂

**နယ်စပ်ရေးရာဝန်ကြီးဌာန ၂၀၂၁ ခုနှစ် အောက်တိုဘာလမှ ၂၀၂၂ ခုနှစ် မတ်လအထိ ခြောက်လအတွက် နယ်စပ်ဒေသဖွံ့ဖြိုးရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဖေဖော်ဝါရီ ၁ ရက်နှင့် ၂ ရက်တို့တွင် နေပြည်တော်ရှိ နယ်စပ်ရေးရာဝန်ကြီးဌာန စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပသည်။** (ယာပုံ)



အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ဒုတိယဝန်ကြီးများ ဖြစ်ကြသော ဗိုလ်ချုပ် ခွန်သန့်ဇော်ထူးနှင့် ဗိုလ်မှူးချုပ် ဖြိုးသန့်၊ တိုင်းဒေသကြီး/ ပြည်နယ် ဖွံ့ဖြိုးမှုကြီးကြပ်ရေးမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်က မိမိတို့ဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် ၅ ရပ်၊ ဦးတည်ချက် ၉ ရပ်တို့နှင့်အညီ ဝန်ကြီးဌာန၏ အဓိကလုပ်ငန်းနှစ်ခုဖြစ်သည့် နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေး၊ နယ်စပ်ဒေသများရှိ တိုင်းရင်းသားလူငယ်များ၏ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို ပြည်နယ်/ ပြည်မ အကြားအလပ်မရှိ ဟန်ချက်ညီညီ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ နယ်စပ်ဒေသများဖွံ့ဖြိုးရေးအတွက် အဓိကကျသည့် နယ်စပ်ဒေသများ တည်ငြိမ်အေးချမ်းရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကိုလည်း ကျရာကဏ္ဍမှ ဝိုင်းဝန်းကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်သွားကြရန် လိုအပ်မည်ဖြစ်ကြောင်း၊ မိမိတို့ဝန်ကြီးဌာနအနေဖြင့် ၂၀၂၁ ခုနှစ် အောက်တိုဘာလမှ ၂၀၂၂ ခုနှစ် မတ်လအထိခြောက်လဘဏ္ဍာရေးကာလအတွင်း တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ဆောင်ရွက်လျက်ရှိသော တည်ဆောက်ရေးလုပ်ငန်းများကို ကန့်သတ်ချက်များ ရှိနေသော်လည်း အရှိန်အဟုန်မပြတ် ဆောင်ရွက် အကောင်အထည်ဖော်နိုင်သည်ကို တွေ့ရှိရကြောင်း၊ လုပ်ငန်းများ ဆောင်ရွက်ကြရာတွင် တွေ့ကြုံရသည့် အခက်အခဲများ၊ အားနည်းချက်၊ အားသာချက်များ၊ လိုအပ်ချက်များအပေါ် ပေါင်းစပ်ညှိနှိုင်း ဖြေရှင်းပေးနိုင်ရေးအတွက် ယခုအစည်းအဝေးကို ကျင်းပရခြင်းဖြစ်ကြောင်း၊ သို့ဖြစ်၍ နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာ၌ သတ်မှတ် စံချိန်စံညွှန်းများနှင့်အညီ အရည်အသွေးပြည့်မီစေရေး၊ အချိန်မီပြီးစီးရေးတို့ကို ချမှတ်ထားသည့် မူဝါဒလမ်းညွှန်ချက်များနှင့်အညီ အဆင့်ဆင့်သော ဝန်ထမ်းများအားလုံးက တာဝန်သိ၊ တာဝန်ယူ၊ တာဝန်ခံမှုများဖြင့် စစ်ဆေးကြပ်မတ် ဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း ပြောကြားသည်။

ထို့နောက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်က နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်မှုများကို အကျဉ်းချုပ် ရှင်းလင်းတင်ပြပြီး တိုင်းဒေသကြီး/ ပြည်နယ် ဖွံ့ဖြိုးမှုကြီးကြပ်ရေးမှူးများက ၂၀၂၁ ခုနှစ် အောက်တိုဘာလမှ ၂၀၂၂ ခုနှစ် မတ်လအထိ ခြောက်လ ဘဏ္ဍာရေးနှစ်၊ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုများကို ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးများ ဖြစ်ကြသော ဗိုလ်ချုပ်ခွန်သန့်ဇော်ထူးနှင့် ဗိုလ်မှူးချုပ် ဖြိုးသန့်တို့က နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နေမှုနှင့် စပ်လျဉ်း၍ ဖြည့်စွက်ရှင်းလင်း ဆွေးနွေးခဲ့ကြပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားခဲ့သည်။

နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့် ၂၀၂၁ ခုနှစ် အောက်တိုဘာလမှ ၂၀၂၂ ခုနှစ် မတ်လအထိ ခြောက်လဘဏ္ဍာရေးနှစ်အတွင်း နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဖြစ်သည့် လမ်း၊ တံတား၊ ပညာရေး၊ ရေရရှိရေး၊ အိမ်ရာဆောက်လုပ်ရေးစသည့် လုပ်ငန်းစုစုပေါင်း ၃၉၅ ခုကို ခွင့်ပြုရန်ပုံငွေကျပ် သန်းပေါင်း ၃၄၄၆၆ ဒသမ ၄၀၈ ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## မကွေးတိုင်းဒေသကြီး၌ (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့အထိမ်းအမှတ်အကြို ထမနဲထိုးပြိုင်ပွဲနှင့် ဗလာမပါကံစမ်းမဲ ဆုပေးပွဲကျင်းပ

**မကွေး ဖေဖော်ဝါရီ ၂**

(၇၅) နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ အထိမ်းအမှတ်အကြို မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့က ကြီးမှူးကျင်းပသည့် တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာ ထမနဲထိုးပြိုင်ပွဲနှင့် ဗလာမပါကံစမ်းမဲ ဆုပေးပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁ ရက် ညနေ ၃ နာရီက မကွေးမြို့ မြသလွန်ဘုရားပွဲတော်ကွင်းပြင်၌ ကျင်းပရာ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင်၊ မကွေးလေတပ်စခန်း ဌာနချုပ်မှူး ဗိုလ်မှူးချုပ် ဝင်းမောင်သိန်း၊ တိုင်းဒေသကြီး တရားသူကြီးချုပ် ဦးစိန်ထွန်းနှင့် တိုင်းဒေသကြီး ဝန်ကြီးများ တက်ရောက်ကြသည်။



ရှေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ဌာနအလိုက် ထမနဲထိုးပြိုင်ပွဲဝင် ယှဉ်ပြိုင်နေမှုနှင့် ပြိုင်ပွဲသို့ လာရောက် ကြည့်ရှုသူများအား ဗလာမပါကံစမ်းမဲ ဖောက်ပေးနေမှုကို လိုက်လံကြည့်ရှုအားပေးသည်။

ဆက်လက်၍ ဆုပေးပွဲကျင်းပရာ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာ ထမနဲထိုးပြိုင်ပွဲတွင် ပထမဆုရရှိသည့် တိုင်းဒေသကြီး သယံဇာတရေးရာ ဝန်ကြီးဌာနအသင်းအား တိုင်းဒေသကြီး ဝန်ကြီးချုပ်က လည်းကောင်း၊ ဒုတိယဆု ရရှိသည့် တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီးဌာန အသင်းအား မကွေးလေတပ်စခန်းဌာနချုပ်မှူး ဗိုလ်မှူးချုပ်က လည်းကောင်း၊ တတိယဆုရရှိသည့် ဥပဒေ(တရားရေးရာဌာန၊ လယ်/ဆည်ဌာန) အသင်းအား တိုင်းဒေသကြီး တရားသူကြီးချုပ်ကလည်းကောင်း ဆုငွေများ ပေးအပ်ချီးမြှင့်ပြီး နှစ်သိမ့်ဆုရရှိသော အသင်းများအား တိုင်းဒေသကြီး ဝန်ကြီးများဖြစ်သည့် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ကျော်ကျော်လင်း၊ စီးပွားရေးရာဝန်ကြီး ဦးအောင်ချိန်၊ သယံဇာတရေးရာဝန်ကြီး ဦးစိုင်းမြင့်အေးနှင့် လူမှုရေးရာဝန်ကြီး ဦးစိုးပိုင်မြင့်တို့က ဆုများချီးမြှင့်ပေးအပ်ကြသည်။

ထို့နောက် ဗလာမပါကံစမ်းမဲ ဆုပေးပွဲ အခမ်းအနားကို ဆက်လက်ကျင်းပရာ ဆိုင်ကယ်သုံးစီး မဲပေါက်သည့် ကံထူးရှင်သုံးဦးအား တိုင်းဒေသကြီး ဝန်ကြီးချုပ်က လည်းကောင်း၊ ရေခဲသေတ္တာနှစ်လုံး မဲပေါက်သည့် ကံထူးရှင်နှစ်ဦးအား မကွေးလေတပ်စခန်း ဌာနချုပ်မှူးက လည်းကောင်း၊ ရေခဲသေတ္တာနှင့် အဝတ်လျှော်စက် မဲပေါက်သည့် ကံထူးရှင်နှစ်ဦးအား တိုင်းဒေသကြီး တရားသူကြီးချုပ် ဦးစိန်ထွန်းကလည်းကောင်း ဆုများပေးအပ်ချီးမြှင့်ကြပြီး အခြားဆုမဲများနှင့် စက်ဘီးစီးပြိုင်ပွဲတွင် ဆုရရှိသူများအား တိုင်းဒေသကြီး ဝန်ကြီးများနှင့် တိုင်းဒေသကြီး ဝန်ကြီးချုပ်၏ဇနီး ဒေါ်ဝင်းဝင်းမြင့်နှင့် တိုင်းဒေသကြီး ဝန်ကြီးများ၏ ဇနီးတို့က ဆုများ ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

**မောင်ညီညာ**

## လဟယ်မြို့၌ (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့အထိမ်းအမှတ်အကြို အားကစားပြိုင်ပွဲကျင်းပ



**လဟယ် ဖေဖော်ဝါရီ ၂**

စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ လဟယ်မြို့တွင် (၇၅) နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ အထိမ်းအမှတ်အကြို အားကစားပြိုင်ပွဲ ဖွင့်ပွဲကို ယမန်နေ့ ညနေ ၃ နာရီက လဟယ်မြို့ ရွှေပြည်သာ အားကစားကွင်း၌ ကျင်းပသည်။

ရှေးဦးစွာ အားကစားသမားများက အားကစားအဓိဋ္ဌာန် (၄) ချက်ကို ရွတ်ဆိုကြသည်။ ထို့နောက် နာဂဒေသစီမံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ဦးနေမင်းသူက အမှာစကားပြောကြားကာ အသင်းလိုက် အားကစားသမားများကို လိုက်လံနှုတ်ဆက်သည်။

အဆိုပါ (၇၅) နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ အထိမ်းအမှတ်အကြို အားကစားပြိုင်ပွဲအနေဖြင့် ဘောလုံးပြိုင်ပွဲ၊ ဖူဆယ်ဘောလုံးပြိုင်ပွဲနှင့် ဘော်လီဘော အမျိုးသား/ အမျိုးသမီးများ ယှဉ်ပြိုင်မည်ဖြစ်ပြီး ဖွင့်ပွဲအခမ်းအနားသို့ နာဂဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ဦးနေမင်းသူ၊ လဟယ်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇာနည်ဝင်း၊ ဌာနဆိုင်ရာများနှင့် အားကစားသမားများ တက်ရောက်ကြောင်း သိရသည်။

**မွေးကြူဇင်**

# ပုံဖော်ကြည့်မိ၊ တွေးမိအနာဂတ် ဒီမိုကရေစီ

မြင့်မြတ်

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလနောက်ပိုင်း နိုင်ငံရေးဖြစ်စဉ်များနှင့်အတူ ယခုနောက်ပိုင်း ဝင်လာသည့် အတွေးတွေက နိုင်ငံကို ဘယ်လိုဒီမိုကရေစီပုံစံမျိုးနဲ့ တည်ဆောက်မလဲ၊ မြန်မာနိုင်ငံနဲ့ ကိုက်ညီတဲ့ ဒီမိုကရေစီကျင့်စဉ်က ဘယ်လိုကျင့်စဉ်မျိုးနဲ့ သင့်တော်မလဲဆိုတာ ပြည်သူတစ်ယောက်အနေဖြင့် စဉ်းစားနေမိသည်။

ဒီမိုကရေစီဆိုသည်က အားလုံးအတွက် သည်းခြေကြိုက်စကားလုံး ဖြစ်နေသည်ကလွဲ၍ ပါးစပ်ဖျားတွင်သာ လမ်းဆုံးနေပြီး လက်တွေ့ကျင့်စဉ်က တခြားစီဖြစ်နေသည်။ ဆွေးနွေးပွဲတွေ၊ ဒီမိုကရေစီစာတမ်းဖတ်ပွဲတွေ တွင်တွင်ကျင်းပဖြစ်ခဲ့သော်လည်း လက်တွေ့နှင့် စပ်ဟပ်အောင် မကျင့်သုံးခဲ့ကြ၍ အသွင်ကူးပြောင်းစ ဒီမိုကရေစီ၏ တန်ဖိုးများ ယုတ်လျော့သွားခဲ့သည်။

**Quality of democracy နှင့် Democracy index**

မြန်မာသာမက ကမ္ဘာမှာလည်း ထိုနည်းတူပင် ဖြစ်သည်။ ဒီမိုကရေစီက နောက်ပြန်ဆုတ်နေသည်။ ၂၀၂၀ ပြည့်နှစ် ကမ္ဘာတစ်ဝန်း ဒီမိုကရေစီ အရည်အသွေး Rank သတ်မှတ်ခြင်းဆိုင်ရာ အစီရင်ခံ ထုတ်ပြန်ချက်တစ်ခုတွင် နိုင်ငံ ၁၇၄ နိုင်ငံအနက် ၃၅ နိုင်ငံသာ အရည်အသွေးပြည့်မီသည့် Working democracy အခြေအနေတွင်ရှိနေသည်။ ဒိန်းမတ်၊ ဖင်လန်၊ ဆွီဒင်၊ နော်ဝေ စသည့်နိုင်ငံတို့ ဖြစ်သည်။

အမေရိကန်သည်ပင် Deficient democracy ဟုခေါ်သည့် ဒီမိုကရေစီအရည်အသွေးမပြည့်မီ ချို့တဲ့သည့်အုပ်စုတွင် ပါဝင်နေသည်ကို သတိထားမိသည်။ ထုတ်ပြန်ချက်အရ မြန်မာနိုင်ငံက နှစ်မျိုးစပ် ဒီမိုကရေစီ Hybrid democracy အုပ်စုတွင် ပါဝင်နေသည်။ ရွေးကောက်ပွဲပုံမှန်ကျင်းပပေးသော်လည်း နိုင်ငံရေးအရ ဖိနှိပ်ထားသည့် အသွင်ရှိသည့်နိုင်ငံများက ဤအုပ်စုတွင် ပါဝင်ကြသည်။ အဆိုးဆုံးက Hard Autocracy အာဏာရှင်ပုံစံ အုပ်ချုပ်သောနိုင်ငံများဖြစ်၍ ဒီမိုကရေစီ ချို့တဲ့ အားအနည်းဆုံးသော အာဏာရှင်အဖြစ် သတ်မှတ်ခြင်းခံရသော နိုင်ငံများဖြစ်သည်။

ကမ္ဘာတွင် Democracy index ဟုခေါ်သည့် ဒီမိုကရေစီစံချိန်စံညွှန်းကို နှစ်စဉ်ထုတ်ပြန်လေ့ရှိသည်။ UK အခြေစိုက်ပုဂ္ဂလိက EIU အဖွဲ့က ထုတ်ပြန်ခြင်းဖြစ်ပြီး လွတ်လပ်ပြီး တရားမျှတသော ရွေးကောက်ပွဲများကျင်းပခြင်းရှိ မရှိ၊ နိုင်ငံရေးနှင့် နိုင်ငံ့အရေးအရာများတွင် ပြည်သူများပါဝင်နိုင်မှု၊ လူ့အခွင့်အရေးအခြေအနေနှင့် တရားဥပဒေစိုးမိုးနိုင်မှုဟူသည့် အချက်လေးချက်အပေါ်မူတည်၍ ထုတ်ပြန်ပေးနေခြင်းဖြစ်သည်။

ဒီမိုကရေစီစနစ်သည် ယခုနောက်ပိုင်းနှစ်များအတွင်း နောက်ပြန်သွားနေကြောင်း၊ ဆုတ်ယုတ်လာနေကြောင်း အချက်အလက်များက ဖော်ပြနေသည်။ ဒီမိုကရေစီနိုင်ငံများတွင်ပင် အမျိုးသားရေးအင်အားစုများကြီးထွားလာနေပြီး အာဏာရှင်ဘက်ယိမ်းယိုင်လာနေကြောင်း ပြဆိုနေသည်ကို တွေ့ရသည်။

**အနာဂတ်ဒီမိုကရေစီအတွက် လမ်းပြမြေပုံ**

ဆိုတော့ . . . မြန်မာနိုင်ငံ၏ အခြေအနေကို လေ့လာကြည့်သည့်အခါ ဒီမိုကရေစီသက်တမ်း နှစ်ဆက်လုံးတွင် အားရစရာမရှိသည့်အနေအထားများအဖြစ် ဖော်ပြခြင်းခံရသည်ကို တွေ့ရသည်။ မြန်မာနိုင်ငံကို Authoritarian democracy အာဏာရှင် ဒီမိုကရေစီနိုင်ငံအဖြစ် သတ်မှတ်ထားခြင်းဖြစ်သည်။

**ဒီမိုကရေစီ အိုင်ကွန်တစ်ဦး ဦးဆောင်ခဲ့သော ဒီမိုကရေစီနိုင်ငံတစ်နိုင်ငံကို အာဏာရှင် ဒီမိုကရေစီ အုပ်စုတွင် ထည့်သွင်းထားခြင်းသည် ဆီလျော်မှန်ကန်ခြင်း ရှိ မရှိကို ယခင်သက်တမ်းအတွင်း ကျင့်သုံးခဲ့သည့် ဒီမိုကရေစီမဆန်သော အပြုအမူများယွင်းစွာအသုံးပြုခဲ့သည့် ကျင့်စဉ်များနှင့် အကဲဖြတ်မှတ်တမ်းတင်နိုင်ပါသည်။ ဒီမိုကရေစီစံနှုန်းများအတိုင်း ကျင့်သုံးခဲ့ပါသလား။**



နိုင်ငံအခြေအနေနှင့်မကိုက်ညီဘဲ အနောက်လစ်ဘရယ်ဒီမိုကရေစီပုံစံ သွတ်သွင်းခဲ့သည့် အာဖဂန်နစ္စတန်တွင် ဒီမိုကရေစီစနစ် မအောင်မြင်ခဲ့ဘဲ ပြည်တွင်းစစ်ဖြစ်ပွားမှုကြောင့် ပျက်စီးနေမှုများ။

အကြောင်းတရားပေါင်း များစွာကြောင့် တပ်မတော်က အာဏာထိန်းခဲ့ရခြင်းနှင့် နောက်ပိုင်း ဒီမိုကရေစီကို ကျောခိုင်းသော နိုင်ငံရေးဖြစ်စဉ်များ၊ အကြမ်းဖက်ဖြစ်စဉ်များအရလည်း ဆန်းစစ်နိုင်ပါသည်။ မည်သို့ပင်ဖြစ်စေ နိုင်ငံတော်အာဏာ အရပ်ရပ်အား ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ္တထိန်းထားသော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပပေးမည်၊ အနိုင်ရပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်ကို လွှဲပေးသွားမည်ဟု ကမ္ဘာသိ၊ မြန်မာသိ ကတိပေးထားချက်ကို အလေးအနက်ထား အသိအမှတ်ပြုရမည်ဖြစ်သည်။

**စစ်မှန်၍ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီဟူသည်**

ဤတွင် **"လွတ်လပ်ပြီး တရားမျှတခြင်း"**၊ **"ပါတီစုံရွေးကောက်ပွဲပြုလုပ်ခြင်း"** ၊ **"ဒီမိုကရေစီစံနှုန်း"**ဟူသော စကားလုံးများသည် လွန်ခဲ့သော ဆယ်စုနှစ်တစ်ခုအတွင်း နားရည်ဝပြီးဖြစ်သည်။ သို့သော် **"စစ်မှန်၍ စည်းကမ်းပြည့်ဝသော"** ဟူသည့် စကားစုက အနာဂတ်ဒီမိုကရေစီစနစ်အတွက် အားရစရာ အာမခံချက်တစ်ခုအဖြစ် တွေ့ရပြန်သည်။ မှန်ပါသည်၊ အနာဂတ်တွင် ကျင့်သုံးမည့် ဒီမိုကရေစီသည် စည်းကမ်းရှိရမည်။ စည်းကမ်းမရှိလျှင် စစ်မှန်မှုရှိမည်မဟုတ်၊ မစစ်မှန်လျှင် တရားမျှတမှုလည်း ရှိမည်မဟုတ်၊ တရားမမျှတလျှင် ပွတ်တိုက်မှုများမည်၊ လူများစုဖြင့် အနိုင်ယူခံရသောကြောင့် လူနည်းစုအခွင့်အရေးများဆုံးရှုံးမည်၊ နိုင်ငံနှင့်တိုင်းရင်းသားများအတွက် အကျိုးမရှိ ပျက်စီးခြင်းသာ အဖတ်တင်မည်ကို အတွေ့အကြုံအရ သင်ခန်းစာယူရမည်ဖြစ်ပါသည်။

ဒီမိုကရေစီဟူသည် ဆန့်ကျင်ဘက်အင်အားစုများအကြား ငြိမ်းချမ်းစွာအတူ ယှဉ်တွဲနေထိုင်ပြီး ညီညွတ်မှုတည်ဆောက်၍ တိုးတက်အောင်မြင်မှုများ ရယူခြင်းပင် မဟုတ်ပါလား။ စစ်မှန်၍ စည်းကမ်းပြည့်ဝမည့် ဒီမိုကရေစီအတွက် ဤအခြေခံအချက်များကိုပင် မကျိုးပျက်အောင် သတိပြုရမည်ဖြစ်ပါသည်။

**မိမိနိုင်ငံနှင့် ကိုက်ညီနိုင်မည့် ပုံစံအမျိုးမျိုးနှင့် ဒီမိုကရေစီ**

ကမ္ဘာပေါ်တွင် ဒီမိုကရေစီဆိုသော အသုံးအနှုန်းကို အဓိပ္ပာယ်အမျိုးမျိုးဖွင့်ဆို၍ ခံယူကျင့်သုံးနေကြသည်။ ကွန်မြူနစ်ပါတီဦးဆောင်သော တရုတ်ပြည်သူ့သမ္မတနိုင်ငံသည်လည်း ဆိုရှယ်လစ်ဒီမိုကရေစီခေါ် ပြည်သူ့ဒီမိုကရေစီကို ကျင့်သုံးနေပါသည်။ နိုင်ငံအားလုံး ဒီမိုကရေစီနှင့်မကင်းပါ။ တရုတ်နိုင်ငံ၏ ဥပမာက ပုံစံအမျိုးမျိုးနှင့်ရှိနေသော ဒီမိုကရေစီကို မိမိနိုင်ငံနှင့် ကိုက်ညီသော စံသတ်မှတ်ချက်အတိုင်းသာ ထားရှိကျင့်သုံးနေသည့် ပုံစံဖြစ်သည်။

နိုင်ငံတိုင်းတွင် ဒီမိုကရေစီကျင့်သုံးပုံက အမျိုးမျိုးဖြစ်သည်။ မိမိနိုင်ငံ၏ နောက်ခံသမိုင်းကြောင်း၊ ပထဝီဝင် ရေမြေအခြေအနေ၊ ဘာသာ၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးစံနှင့် နေထိုင်သော လူမျိုးအရေအတွက်များအပေါ် မူတည်၍ အသင့်တော်ဆုံးပုံစံကို ကျင့်သုံးကြသည်။ ပြည်သူတို့၏ ပညာဉာဏ်အမြော်အမြင်နှင့် နိုင်ငံရေးရေချိန်၊ ကျင့်ဝတ်နှင့် အခြေခံစံနှုန်းများကို လိုက်နာနိုင်သည့်အနေအထားများကို ထည့်တွက်ရသည်။ နိုင်ငံသားတို့၏ လူပုဂ္ဂိုလ်စွဲကြီးတတ်မှုနှင့် ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အပေါ် အလွန်အမင်း ယုံကြည်ကိုးစားအစွဲကြီးမှုကလည်း ကျင့်သုံးနေသည့် ဒီမိုကရေစီစံနှုန်းများအပေါ် သက်ရောက်နိုင်၍ အနုတ်လက္ခဏာဆောင်သွားနိုင်ပုံကို ထည့်သွင်းစဉ်းစားရမည်ဖြစ်သည်။

**ဒီမိုကရေစီမအောင်မြင်သည့် နိုင်ငံတကာဥပမာများ**

**ပုံစံအမျိုးမျိုးဖြင့် တည်ရှိနေသော ဒီမိုကရေစီကျင့်စဉ်ကို မိမိနိုင်ငံ၏ အခြေအနေနှင့် ကိုက်ညီခြင်းရှိ မရှိ၊ နိုင်ငံကြီးများအနေဖြင့် မိမိတင်ပို့လိုက်သော ဒီမိုကရေစီပုံစံသည် ထိုနိုင်ငံ၏ အခြေအနေမျိုးစုံနှင့် ကိုက်ညီသင့်တော်ရဲ့လား မစဉ်းစား၊ မသုံးသပ်ဘဲ ကိုယ့်အတ္တအကျိုးစီးပွားကိုသာ အခြေခံသည့်အတွက် တင်ပို့သမျှ ဒီမိုကရေစီစနစ်များမှာ ကျဆုံးရသည်သာ များနေသည်ကို လေ့လာနိုင်ပါသည်။**

အီရတ်၊ လစ်ဗျား၊ ဆီးရီးယား၊ အာဖဂန်နစ္စတန် ပြဿနာများနှင့် ယခုနှစ်များအတွင်း အာဖရိကနိုင်ငံအချို့တွင် စစ်ဘက်အာဏာသိမ်းမှုများက ပြသနေပါသည်။ အနောက်လစ်ဘရယ်ဒီမိုကရေစီကို သွတ်သွင်းရန် ကြိုးပမ်းခဲ့သော်လည်း မအောင်မြင်သည်ကို တွေ့ရသည်။ တာလီဘန်များကို အကြမ်းဖက်အကြောင်းပြ တိုက်ထုတ်ခဲ့သော်လည်း အဆုံးတွင် တာလီဘန်တို့ထံသာ အာဏာပြန်လည်အပ်နှံရသည့် အဖြစ်မျိုးရောက်ခဲ့ရသည်။ အာဖဂန်တွင် အမေရိကန်ဒီမိုကရက်တို့ နှစ် ၂၀ ခန့် ဒီမိုကရေစီစနစ်ဖြင့် အုပ်ချုပ်ခဲ့သော်လည်း မအောင်မြင်ခဲ့ပါ။ အဓိကအကြောင်းရင်းသည် ကျင့်သုံးသော ဒီမိုကရေစီ စံချိန်စံညွှန်းများ မပြည့်မီသောကြောင့်ဖြစ်ရသည်။ ဒီမိုကရေစီကို လက်မခံသော ရှေးရိုးစွဲခေါင်းဆောင်များကြောင့်လည်း အာဖဂန်တွင် ဒီမိုကရေစီကျဆုံးရသည်။ ဒီမိုကရေစီ ရင့်ကျက်ပါသည်ဆိုသော ထိုင်းနိုင်ငံတွင်ပင် နိုင်ငံရေးသမားများ ပဋိပက္ခ ပြင်းထန်သည့်အခါတိုင်း တပ်မတော်က အာဏာသိမ်းရသည့် ဖြစ်စဉ်များ မကြာခဏ ကြုံရသည်ကို သင်ခန်းစာယူနိုင်ပါသည်။

**ဒီမိုကရေစီကျင့်သုံးပုံများ**

နိုင်ငံတိုင်းတွင် ဒီမိုကရေစီကို ကျင့်သုံးပုံများ မတူညီကြကြောင်း ဖော်ပြခဲ့ပြီးဖြစ်ပါသည်။ မှတ်သားမိသမျှ ယေဘုယျအားဖြင့် ဒီမိုကရေစီပုံစံလေးမျိုးကို မိမိနိုင်ငံ၏ အခြေအနေများနှင့်အညီ ကျင့်သုံးအကောင်အထည်ဖော်နေကြကြောင်း သိရှိရပါသည်။ Direct democracy (တိုက်ရိုက်ဒီမိုကရေစီ)၊ Representative democracy (ကိုယ်စားပြုဒီမိုကရေစီ) ၊ Constitutional democracy (ဖွဲ့စည်းပုံအခြေခံဥပဒေဘောင်အတွင်း ကျင့်သုံးသော ဒီမိုကရေစီ) နှင့် Minority democracy (အနည်းစုဦးစားပေးဒီမိုကရေစီ) ဟူ၍ မှတ်သားမိပါသည်။

တိုက်ရိုက်ဒီမိုကရေစီသည် နိုင်ငံရေးအသိဉာဏ်မြင့်မားသော လူထုက နိုင်ငံအကြီးအကဲကို တိုက်ရိုက်မဲပေး ရွေးကောက်တင်မြှောက်သည့်နည်းဖြစ်သည်။ 

*စာမျက်နှာ ၉ သို့*

**❂ ပုံစံအမျိုးမျိုးဖြင့် တည်ရှိနေသော ဒီမိုကရေစီကျင့်စဉ်ကို မိမိနိုင်ငံ၏ အခြေအနေနှင့် ကိုက်ညီခြင်းရှိ မရှိ၊ နိုင်ငံကြီးများအနေဖြင့် မိမိတင်ပို့လိုက်သော ဒီမိုကရေစီပုံစံသည် ထိုနိုင်ငံ၏ အခြေအနေမျိုးစုံနှင့် ကိုက်ညီသင့်တော်ရဲ့လား မစဉ်းစား၊ မသုံးသပ်ဘဲ ကိုယ့်အတ္တ အကျိုးစီးပွားကိုသာ အခြေခံသည့်အတွက် တင်ပို့သမျှ ဒီမိုကရေစီများစနစ်များမှာ ကျဆုံးရသည်သာ များနေသည်ကို လေ့လာနိုင်ပါသည်**

*စာမျက်နှာ ၈ မှ*

ကိုယ်စားပြုဒီမိုကရေစီတွင် လွှတ်တော်မဲဆန္ဒနယ်နှင့် လွှတ်တော်ကိုယ်စားလှယ်များက အစိုးရနှင့် အစိုးရအကြီးအကဲထက် ပို၍အားကောင်းသည်ကို ပြသည်။ ဖွဲ့စည်းပုံအခြေခံ ဥပဒေဘောင်အတွင်း ကျင့်သုံးသော ဒီမိုကရေစီတွင် ဖွဲ့စည်းပုံအခြေခံဥပဒေကို ကျော်လွန်မရ၊ ဥပဒေ၏ ကန့်သတ်ချက်များအောက်တွင် အာဏာသုံးရပ် ပါဝါအညီအမျှ အာဏာဖြင့် အပြန်အလှန် check and balance ပြုလုပ်ထိန်းကျောင်း၍ အုပ်ချုပ်သောစနစ်ဖြစ်သည်။ လက်ရှိ အမေရိကန်၊ ဂျပန်၊ အစ္စရေး စသည့် နိုင်ငံအတော်များများတွင် ကျင့်သုံးကြသည်။

အနည်းစုဦးစားပေး ဒီမိုကရေစီက လူနည်းစုတိုင်းရင်းသားလူမျိုးများကို ပို၍ ကိုယ်စားပြုသည့်ပုံစံဖြစ်သည်။ ဤသို့ ပုံစံများကြားတွင် ရွေးကောက်ပွဲလည်းရှိပြီး တင်မြှောက်ခံရသော နိုင်ငံအကြီးအကဲ သို့မဟုတ် အစိုးရအကြီးအကဲက de facto တရားဝင်ပြဋ္ဌာန်းမထားသော်လည်း အမှန်ဖြစ်နေသည့်သဘောဖြင့် လက်တွေ့တွင် ပို၍အာဏာရှိသော၊ အာဏာကိုချုပ်ကိုင်ခွင့်ရရှိနေသော ဒီမိုကရေစီပုံစံတစ်မျိုးလည်းရှိသေးသည်။ ၎င်းကို Guided democracy ဟုခေါ်သည်။ ယခင်က အင်ဒိုနီးရှား၊ ယခု ရုရှား စသည့်နိုင်ငံများကျင့်သုံးနေသည့် ပုံစံဟုဆိုကြသည်။

### အားလုံးကို ကိုယ်စားပြုနိုင်မှ စစ်မှန်တရားမျှတမှုရှိပါမည်

**စစ်မှန်ပြီး စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ်ကို တည်ဆောက်ရာတွင် လွတ်လပ်ပြီး တရားမျှတသော ရွေးကောက်ပွဲပုံစံသည် အလွန်အရေးကြီးပါသည်။ ယှဉ်ပြိုင်သူအားလုံးအတွက် တန်းတူညီမျှ ယုံကြည်စိတ်ချရသော ရွေးကောက်ပွဲသည်သာ ဒီမိုကရေစီ၏ပုံရိပ်ကို အသက်ဝင်စေပါသည်။ ထို့ကြောင့် အနာဂတ်ဒီမိုကရေစီနှင့်အတူ ယှဉ်တွဲလာမည့် ဖက်ဒရယ်အခြေခံ ပြည်ထောင်စုကြီးအတွက်ရော၊ အများစုနည်းတူ အနည်းစုကိုပါ ကိုယ်စားပြုနိုင်ရန်အတွက်ပါ တိကျသေချာစေမည့် အချိုးကျကိုယ်စားပြုရွေးကောက်ပွဲစနစ်ကို နောင်ရွေးကောက်ပွဲများတွင် မိတ်ဆက်ကျင့်သုံးတော့မည် ဖြစ်ပါသည်။**

မဲဆန္ဒနယ်သုံးရပ်လုံးတွင် တိုင်းရင်းသားများ ပါဝင်လာနိုင်ခြေပိုများလာပြီး တစ်ပါတီတည်း ကြီးစိုးမှုကို ရပ်တန့်နိုင်မည်ဖြစ်ကာ ပါတီအားလုံးကို ကိုယ်စားပြုသည့် အာဏာခွဲဝေမှုများကိုလည်း မြင်တွေ့လာရတော့မည်ဖြစ်ပါသည်။ လူနည်းစု၏အမြင်များကိုပါ ထင်ဟပ်တော့မည်ဖြစ်ခြင်းကြောင့် ပွတ်တိုက်မှုများနှင့် ပဋိပက္ခများ လျော့နည်းလာနိုင်ပြီး နိုင်ငံသားအားလုံး၏အကျိုးကို ထိထိရောက်ရောက်ဆောင်ရွက်နိုင်တော့မည်ဟု သုံးသပ်ရပါသည်။ သို့သော်လည်း ရွေးကောက်ပွဲကျင်းပရုံဖြင့် ပြီးပြည့်စုံသော ဒီမိုကရေစီရရှိပြီဟု ဆိုလိုခြင်း မဟုတ်သလို အာဏာသုံးရပ် ခွဲခြားပြီးတိုင်းလည်း ဒီမိုကရေစီ ယဉ်ကျေးမှုမရှိက စစ်မှန်မှုမရှိနိုင်ကြောင်းကိုမူ သိနားလည်ထားရမည်ဖြစ်ပါသည်။

### ဒီမိုကရေစီအာဏာရှင်ပုံစံသို့ လမ်းချော်သွားနိုင်သည်ကို သတိပြုပါ

နောက်တစ်ချက်က ဒီမိုကရေစီတွင် တာဝန်ယူ တာဝန်ခံမှု အရေးကြီးခြင်းနှင့်အတူ ကတိတည်ရန်လည်း လိုအပ်သည်။ အထူးသဖြင့် ရွေးကောက်ပွဲအနိုင်ရ လွှတ်တော်ကိုယ်စားလှယ်များနှင့်



ပညာရေးဖြင့် အခြေခံအုတ်မြစ်ချရမည့် ဒီမိုကရေစီယဉ်ကျေးမှုကို စာသင်ခန်းများတွင် အခြေခံပညာအဆင့်မှစ၍ ပျိုးထောင်ရမည်ဖြစ်သော်လည်း အာဏာရယူလိုသူတစ်စု၏ ခိုင်းစေမှုဖြင့် အရွယ်မရောက်သေးသော ကျောင်းသားလူငယ်များကို အသုံးချကာ ဝါဒမှိုင်းတိုက်စည်းရုံးဟောပြောနေမှုကို တွေ့ရစဉ်။

**❖ အခြေခံအုတ်မြစ်ကောင်းဖို့အတွက် မရှိမဖြစ် မြှင့်တင်ရမည့်အရာသည် ပညာရေးဖြစ်သည်။ ကျွန်တော်တို့နိုင်ငံ အခြေအနေအရဆိုလျှင် ဒီမိုကရေစီအုတ်မြစ်အတွက် စာသင်ခန်းများသည်သာ အားကိုးရာဖြစ်တော့သည်။ အချိန်မီ မနှေးအမြန် ဆောင်ရွက်ရမည့်အရာဖြစ်သည်။ အရည်အသွေးမီ democracy resource ကို စာသင်ခန်းများတွင်ပင် ရယူစုဆောင်း၍ ဒီမိုကရေစီယဉ်ကျေးမှုကို အခြေခံပညာအဆင့်မှာပင် ပြုစုပျိုးထောင်လေ့ကျင့်ပေးရပါမည်**

တက်လာသော အစိုးရတစ်ရပ်အတွက် ပိုအရေးကြီးသည်။ ပြည်သူကို ကိုယ်စားပြုပြီး တက်လာသော ကိုယ်စားလှယ်က ပြည်သူ့မျက်နှာမကြည့်ဘဲ ပါတီအကျိုးနှင့် ပါတီခေါင်းဆောင်၏ လိုအပ်ချက်များကိုသာ တာဝန်ခံနေရခြင်းကြောင့် ဒီမိုကရေစီကို အလွဲသုံးစားလုပ်သလိုဖြစ်ရသည်။

တလွဲတာဝန်ခံမှုတွေ၊ အတ္တလိုအင်တွေနှင့် ပြည့်နေသော အရည်အချင်းမပြည့်ဝသည့် နိုင်ငံရေးသမားများလက်ထဲတွင် ဒီမိုကရေစီဖွံ့ဖြိုးမှု အဟန့်အတားဖြစ်နိုင်သည်ကို နောင်အနာဂတ်ဒီမိုကရေစီအတွက် သင်ခန်းစာယူရမည်ဖြစ်သည်။ ပြည်သူအားလုံးနှင့် လူနည်းစုတိုင်းရင်းသားတို့၏ လိုလားချက်များကိုဥပေက္ခာပြု၊ ပါတီနှင့်ပါတီခေါင်းဆောင်ကိုသာ ဦးစားပေးလွန်းပြီး အာဏာအလွဲသုံးစားလုပ်သလို ဖြစ်သွားသည့်အခါ ဒီမိုကရေစီအာဏာရှင်စနစ် (Authoritarian democracy) ဆီသို့ လမ်းချော်သွားတတ်သည်ကို သတိပြုရန် လိုပါသည်။

### ပညာရေးဖြင့် အခြေခံအုတ်မြစ်ချရမည့် ဒီမိုကရေစီယဉ်ကျေးမှု

**ဒီမိုကရေစီကို စည်းစနစ်တကျ မကျင့်သုံးနိုင်ခြင်းသည် ဒီမိုကရေစီယဉ်ကျေးမှုများကို မေ့လျော့နေခြင်းကြောင့်ဖြစ်သည်။** စည်းကမ်းရှိခြင်း၊ ဥပဒေကိုလိုက်နာခြင်းသည် အနိမ့်ဆုံးလိုအပ်ချက်တစ်ခုဖြစ်သည်။ လူတစ်ဦးနှင့်တစ်ဦး တန်ဖိုးထားရမည်။ တန်းတူညီမျှ ၊ တရားမျှတမှု ရှိကိုရှိရမည်ဖြစ်သည်။ လွတ်လပ်မှုကို စည်းကမ်းနှင့်တွဲ၍ ကျင့်သုံးနိုင်ရမည်။ ပရမ်းပတာ လွတ်လပ်မှုမျိုးမဟုတ်။ အမြင်မတူသူအချင်းချင်း နားလည်မှုပေးနိုင်စွမ်းရှိရမည်ဖြစ်ပြီး ညှိနှိုင်းနိုင်စွမ်းရှိရမည်။ မတူကွဲပြားသူများနှင့် အပေးအယူမျှမျှတတဖြင့် ယုံကြည်မှု တည်ဆောက်နိုင်ရမည်ဖြစ်ပြီး ပေါင်းစည်းလုပ်ဆောင်တတ်ရမည်။ ဒီမိုကရေစီအုတ်မြစ်ခိုင်မာရန် ကိုယ်စားလှယ်လောင်းတစ်ဦးချင်းတွင် တာဝန်ရှိသလို သက်ဆိုင်ရာပါတီနှင့် ကိုယ်စားလှယ်ကို ရွေးချယ်ရမည့် ပြည်သူမှာလည်း တာဝန်ရှိသည်ဟု ခံယူနိုင်စွမ်းရှိရမည်ဖြစ်သည်။

အခြေခံအုတ်မြစ်ကောင်းဖို့အတွက် မရှိမဖြစ် မြှင့်တင်ရမည့်အရာသည် ပညာရေးဖြစ်သည်။ မိမိတို့နိုင်ငံ အခြေအနေအရဆိုလျှင် ဒီမို ကရေစီအုတ်မြစ်အတွက် စာသင်ခန်းများသည်သာ အားကိုးရာဖြစ်တော့သည်။ အချိန်မီ မနှေးအမြန် ဆောင်ရွက်ရမည့်အရာဖြစ်သည်။ **အရည်အသွေးမီ democracy resource ကို စာသင်ခန်းများတွင်ပင် ရယူစုဆောင်း၍ ဒီမိုကရေစီယဉ်ကျေးမှုကို အခြေခံ ပညာအဆင့်မှာပင် ပြုစုပျိုးထောင်လေ့ကျင့်ပေးရပါမည်။**

ပညာကသာ ဆင်ခြင်တုံတရားကို မြှင့်ပေးနိုင်မည်ဖြစ်သည်။ ပညာအခြေခံကသာ Smart နိုင်ငံသားများကို မွေးထုတ်ပေးနိုင်မည်ဖြစ်ကာ ပါတီစွဲ ပုဂ္ဂိုလ်စွဲကင်းကင်းဖြင့် မဲဆွယ်ကိုယ်စားလှယ်လောင်းများ၏ အရည်အချင်းကို မေးခွန်းများဖြင့် အကဲဖြတ်စောင့်ကြည့်လေ့လာနိုင်သော နိုင်ငံသားကောင်းများကို ပေါ်ထွက်စေပါသည်။ မဲဆန္ဒနယ် သုံးရပ်အပေါ်တွင် ပညာရည်ပြည့်ဝသော ပြည်သူများရှိသင့်သည်။ သို့သော်လည်း မျိုးချစ်စိတ်နှင့် နိုင်ငံချစ်စိတ်၊ အမျိုးသားရေးနှင့် ဘာသာ သာသနာ၊ အမျိုးသားအကျိုးစီးပွားကိုတော့ ဒီမိုကရေစီ၏ရှေ့မှာ ဦးစားပေးထားရမည်။ ပါတီအကျိုးထက် အမျိုးသားအကျိုး၊ ပါတီနိုင်ငံရေးထက်အမျိုးသားနိုင်ငံအရေးကို ပို၍ဦးထိပ်ထားရမည်။ ပါတီအလံသည် နိုင်ငံတော်အလံအောက်မှာသာ ရှိနေရမည်ဖြစ်သည်။

### ဒီမိုကရေစီ၏ ဆန့်ကျင်ဘက်သည် အာဏာရှင်ဆန်ခြင်းဖြစ်သည်

ဒီမိုကရေစီက လူတိုင်းကို တန်းတူညီမျှမှုနှင့် တန်းတူအခွင့်အရေးကို ဖြစ်စေသည်ဟု ဆိုထားသည်။ တန်းတူဖြစ်ဖို့ဆိုလျှင် တစ်ဦး၏တန်ဖိုးကို တစ်ဦးက တန်ဖိုးထားတတ်ဖို့ လိုသည်။ မိမိတို့ထံတွင် ဤသို့သော တန်ဖိုးထားမှုများရှိနေကြပြီလား။ အနာဂတ်ဒီမိုကရေစီအတွက် မေးခွန်းတစ်ခုဖြစ်ပါမည်။ မိမိကိုယ်တိုင် လွတ်လပ်စွာ ဖန်တီးနိုင်ခွင့်၊ ဆုံးဖြတ်နိုင်ခွင့်၊ ပြောခွင့်ဆိုခွင့်၊ ပိုင်ဆိုင်ခွင့်၊ လုပ်ပိုင်ခွင့်၊ စည်းရုံးလှုပ်ရှားခွင့်၊ ပါဝင်ခွင့်များ ရှိရမည်ဟု ဒီမိုကရေစီစံနှုန်းများအရ ဆိုထားသည်။ ဤအတွက်ရော၊ မိမိတို့၏ ဆင်ခြင်ပိုင်းခြားသုံးသပ်နိုင်စွမ်းရည်နှင့်အညီ “လွတ်လပ်စွာ”ဟူသော ဒီမိုကရေစီကျင့်စဉ်အတွက် အဆင်သင့်ဖြစ်ပါပြီလား၊ လိုအပ်ချက်များစွာဖြင့် ရင့်ကျက်မှုရှိရန် လိုအပ်နေဆဲဟု မြင်ပါသည်။

ဒီမိုကရေစီဗန်းပြ၊ အာဏာရှင်ဆန်ဆန် ယခုလို အကြမ်းဖက်ဖြစ်စဉ်များကြောင့် ပညာသင်ကြားခွင့်၊ ဆေးကုသခွင့်၊ အသက်မွေးဝမ်းကျောင်းရောင်းချခွင့်၊ ကိုးကွယ်ယုံကြည်ခွင့်၊ အလုပ်လုပ်ကိုင်ခွင့် စသည့်လူ့အခြေခံအခွင့်အရေးများစွာ ပိတ်ပင်တားဆီးဟန့်တားခံနေရသည် မဟုတ်ပါလား။ လွတ်လပ်မှုမရှိ၍ လူ့အဖွဲ့အစည်းများစွာမှာ အေးချမ်းသာယာမှုကင်းမဲ့နေခြင်းကပင် အဖြေဖြစ်နေပါသည်။ ဒီမိုကရေစီကို တန်ဖိုးရှိရှိ အသုံးချတတ်လျှင် စစ်မက်ကင်းပြီး အလွန်ငြိမ်းချမ်းပါသည်။

အမှန်က ဒီမိုကရေစီသည် နိုင်ငံတစ်နိုင်ငံအတွက် မူပိုင်တံဆိပ်တစ်ခု မဟုတ်ပါ။ နိုင်ငံကြီးတစ်ခုက မူပိုင်ယူပြီး ရန်သူမိတ်ဆွေသတ်မှတ်ရမည့် လက်နက်ကိရိယာတစ်ခုအဖြစ်လည်း မသုံးသင့်ပါ။ တစ်ဖက်က ဘာလုပ်လုပ်၊ ထကန့်ကွက်သည့် ဒီမိုကရေစီမျိုးလည်း မဖြစ်သင့်ပါ။ အပြန်အလှန် check and balance ထားရှိသော်လည်း ဘုံအကျိုးစီးပွားကို လျစ်လျူရှုမိသည့်အခါ ပွတ်တိုက်မှုများ၊ ပဋိပက္ခများ ပြင်းထန်လာပြီး အကွဲအပြဲဖြစ်ကြရသည့် ဒီမိုကရေစီမျိုးလည်း မဖြစ်သင့်ပါ။ မဲဆန္ဒနယ်တစ်ခုခုက အခြားမဲဆန္ဒနယ်တစ်ခုခုအပေါ် လွှမ်းမိုးလွန်းသော အာဏာရှင်ဒီမိုကရေစီမျိုးလည်း မဖြစ်သင့်ပါ။ အများစုအားသာချက်ဖြင့် အနည်းစုအပေါ် အနိုင်ယူ အနိုင်ကျင့်သည့် ဒီမိုကရေစီလည်း မဖြစ်သင့်ပါ။ အပေးအယူလုပ်ပြီး ညှိနှိုင်းတတ်ရန်နှင့် win- win- win ကို တည်ဆောက်နိုင်ရန်လိုသည်။ ပြည်သူအားလုံး လူမှုစီးပွားဘဝများတည်ငြိမ်ပြီး ငြိမ်းချမ်းရေးကိုရှေးရှုသော ဒီမိုကရေစီမျိုးသာ ဖြစ်သင့်ပါသည်။ မည်သည့်ဒီမိုကရေစီပုံစံ ကျင့်သုံးသည်ဖြစ်စေ စည်းလုံးခိုင်မာသော စစ်ဘက် institution နှင့်အတူ စစ်ဘက်- အရပ်ဘက်ဆက်ဆံရေး ကောင်းမွန်အဆင်ပြေချောမွေ့စေရေးကိုမူ ဘယ်သောအခါမှ မမေ့အပ်ပေ။

အချုပ်အားဖြင့် ဒီမိုကရေစီဟူသည် ပညာ၊ ဝီရိယရှေ့ထား စိတ်ရှည်သည်းခံကာ နားလည်မှုပေးပြီး တစ်ဆင့်ပြီးတစ်ဆင့် တည်ဆောက်ယူရမည့် ရေရှည် Process တစ်ခုသာဖြစ်သည်။ အလောတကြီး လုပ်ယူရမည့်အရာ မဟုတ်ပါ။ အသွင်ကူးပြောင်းစ ဒီမိုကရေစီတိုင်းတွင် ခလုတ်ကန်သင်းအဟန့်အတားကင်းကင်းဖြင့် ချောမွေ့စွာ ဖြတ်သန်းခဲ့ရသည်ဟူ၍လည်း မရှိပါ။ အားလုံးသည် အခက်အခဲများစွာ ကျော်လွှားပြီးမှ အောင်မြင်ခဲ့ကြသည်ချည်း ဖြစ်သည်။

ပြည်သူအပါအဝင် သက်ဆိုင်သူအားလုံးက တက်ညီလက်ညီ ကြိုးစားကြဖို့ လိုပါမည်။ အထက်တွင် တင်ပြခဲ့သော ဒီမိုကရေစီစနစ်အမျိုးမျိုးမှ အားသာချက်များကိုယူ၍ အားနည်းချက်များကို ပြုပြင်ရပါမည်။ စစ်မှန်သည့် ဒီမိုကရေစီဖြစ်စေရန် ပြင်သင့်ပြင်ထိုက်သော ဥပဒေများကို ပြင်ဆင်ခြင်းများ ရှိလာနိုင်ပါသည်။ မိမိနိုင်ငံသမိုင်းနောက်ခံအခြေအနေအလုံးစုံနှင့် ကိုက်ညီမည့် အမျိုးသားအကျိုးစီးပွား အခြေခံသည့် ဒီမိုကရေစီစနစ်မျိုးကိုသာ ပြောင်းလဲသင့်သည်များ ပြောင်းလဲ၍ မိမိနည်း မိမိဟန်ဖြင့် ရဲရဲဝံ့ဝံ့ကျင့်သုံး အကောင်အထည်ဖော် ဆောင်ရွက်သင့်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

**❒ စစ်မှန်ပြီး စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ်ကို တည်ဆောက်ရာတွင် လွတ်လပ်ပြီး တရားမျှတသော ရွေးကောက်ပွဲပုံစံသည် အလွန်အရေးကြီးပါသည်။ ယှဉ်ပြိုင်သူအားလုံးအတွက် တန်းတူညီမျှ ယုံကြည်စိတ်ချရသော ရွေးကောက်ပွဲသည်သာ ဒီမိုကရေစီ၏ ပုံရိပ်ကို အသက်ဝင်စေပါသည်။ ထို့ကြောင့် အနာဂတ်ဒီမိုကရေစီနှင့်အတူ ယှဉ်တွဲလာမည့် ဖက်ဒရယ်အခြေခံ ပြည်ထောင်စုကြီးအတွက်ရော၊ အများစုနည်းတူ အနည်းစုကိုပါ ကိုယ်စားပြုနိုင်ရန်အတွက်ပါ တိကျသေချာစေမည့် အချိုးကျကိုယ်စားပြုရွေးကောက်ပွဲစနစ်ကို နောင်ရွေးကောက်ပွဲများတွင် မိတ်ဆက်ကျင့်သုံးတော့မည်ဖြစ်ပါသည်**

# နိုင်ငံတည်ငြိမ်အေးချမ်းမှု၊ စည်းလုံးညီညွတ်မှုကိုမလိုလားသော ပြည်ဖျက်မီဒီယာများက အမုန်းတရားများဖြစ်ပေါ်အောင် သတင်းမှားများဖြင့် လှုံ့ဆော်လျက်ရှိ

နေပြည်တော် ဖေဖော်ဝါရီ ၂

**ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် ပုဂ္ဂလိကရုပ်မြင်သံကြားနှင့် FM အသံလွှင့် လုပ်ငန်းရှင်များအား ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။** (ယာပုံ)



တွေ့ဆုံပွဲသို့ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်၊ အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပုဂ္ဂလိကရုပ်မြင်သံကြားနှင့် FM အသံလွှင့်လုပ်ငန်းများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**မီဒီယာများက သတင်းမှားများ လှုံ့ဆော်**

တွေ့ဆုံပွဲတွင် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက အမှာစကားပြောကြားရာ၌ နိုင်ငံပိုင် မီဒီယာများမှတစ်ဆင့် ပြည်သူလူထုအား သတင်းအမှန်များ ထုတ်လွှင့်တင်ဆက်ပေးလျက်ရှိပါကြောင်း၊ နိုင်ငံတည်ငြိမ်အေးချမ်းမှု၊ စည်းလုံးညီညွတ်မှုကို မလိုလားသော ပြည်ဖျက်မီဒီယာများက ပြည်သူလူထုအား အစိုးရအပေါ် ဒေါသများ၊ အမုန်းတရားများ ဖြစ်ပေါ်အောင် သတင်းမှားများဖြင့် လှုံ့ဆော်လျက်ရှိသလို အကြမ်းဖက်သမားများကလည်း လူထုအား အကြောက်တရားဖြင့် ခြိမ်းခြောက်ဝါဒဖြန့်လျက်ရှိပါကြောင်း။

နိုင်ငံတော် ဝန်ကြီးချုပ်က မီဒီယာကဏ္ဍ၏ အရေးကြီးမှုကို အသိအမှတ်ပြုပါကြောင်း၊ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် လူထု၏ အားသည် များစွာလိုအပ်ပြီး နိုင်ငံ တည်ငြိမ်အေးချမ်းမှသာ ပြည်သူများ စားဝတ်နေရေးအတွက် အလုပ်ကို နောက်ဆံမတင်းဘဲ လုပ်ကိုင်နိုင်မည်ဖြစ်ပါကြောင်း၊ သို့ဖြစ်၍ သတင်းအမှန်များ ပျံ့နှံ့အောင် မီဒီယာကဏ္ဍမှ ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးကြရန် မေတ္တာရပ်ခံလိုပါကြောင်း၊ လက်ရှိအချိန်တွင် တစ်ဦးကို တစ်ဦး အပြစ်ပြောနေမည့်အစား နိုင်ငံဖွံ့ဖြိုးတိုးတက်အောင် ဦးစားပေး ဆောင်ရွက်ကြရမည့် အချိန်အခါဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးရဲတင့်က မီဒီယာကဏ္ဍမှ ရှေ့ဆက်လက် ဆောင်ရွက်သွားရမည့် အခြေအနေများကို ရှင်းလင်းပြောကြားသည်။

**အခက်အခဲများ ဆွေးနွေး**

ယင်းနောက် တက်ရောက်လာကြသည့် ပုဂ္ဂလိကရုပ်မြင်သံကြားနှင့် FM အသံလွှင့်လုပ်ငန်းများမှ တာဝန်ရှိသူများက လက်ရှိလုပ်ငန်း ဆောင်ရွက်နေမှုများ၊ အနာဂတ်တွင် ဆက်လက်ဆောင်ရွက်သွားမည့်အခြေအနေ၊ လက်ရှိထုတ်လွှင့်ပြသမှုများတွင် ဖြစ်ပေါ်နေသည့် အခက်အခဲများနှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ဖြည့်စွက်ဆွေးနွေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားခဲ့သည်။ **သတင်းစဉ်**

---

# (၇၅) နှစ်မြောက် စိန်ရတု ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အိမ်မဲမြို့နယ်၌ အိမ်သွယ်ရေတိုင်စနစ်သွယ်တန်းခြင်းနှင့် ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းဖွင့်ပွဲကျင်းပ

**အိမ်မဲ ဖေဖော်ဝါရီ ၂**

ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့နယ် မာလကာကုန်း (အရှေ့စု) ကျေးရွာတွင် (၇၅) နှစ်မြောက် စိန်ရတု ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အိမ်သွယ်ရေတိုင်စနစ် သွယ်တန်းခြင်းနှင့် ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်း ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့နံနက် ၈ နာရီက ကျင်းပသည်။



အဆိုပါ အခမ်းအနားတွင် ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းက အမှာစကားပြောကြားပြီး (၇၅) နှစ်မြောက် စိန်ရတု ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မာလကာကုန်း (အရှေ့စု)ကျေးရွာတွင် အိမ်သွယ်ရေတိုင်စနစ် သွယ်တန်းခြင်းနှင့် ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းဖွင့်ပွဲ အခမ်းအနားကို တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးနှင့် တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေး ဝန်ကြီးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကြသည်။ ယင်းနောက် တာဝန်ရှိသူများက အမြင့်တင်ရေစင်အား အမွှေးနံ့သာရည် ပက်ဖျန်းပေးပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဧည့်သည်တော်များက အိမ်သွယ်ရေတိုင်စနစ် သွယ်တန်းခြင်းနှင့် ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်း လုပ်ငန်းများ ဆောင်ရွက်ထားရှိမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ လုပ်ငန်းများသည် သမဝါယမနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၂၁-၂၀၂၂ ခြောက်လဘဏ္ဍာရေးနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်းဖြစ်သော (VDP)ထောက်ပံ့ငွေကျပ်သိန်း ၁၀၀၊ ပြည်သူထည့်ဝင်ငွေကျပ် ၁၀ သိန်း စုစုပေါင်း ငွေကျပ်သိန်း ၁၁၀ ဖြင့် အိမ်သွယ်ရေတိုင်စနစ် သွယ်တန်းခြင်း အရှည် ပေ ၁၄၅၀၊ နှစ်လက်မပိုက်နှင့် ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်း လမ်းအရှည် ၆၆၇ ပေ၊ လမ်းအကျယ် ခြောက်ပေ၊ ထုခြောက်လက်မရှိကြောင်း မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

ဆက်လက်ပြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် အနော်ရထာလမ်းသစ် ကွန်ကရစ် လမ်းသစ်ဖွင့်ပွဲသို့ တက်ရောက်ရာ တာဝန်ရှိသူများက လမ်းသစ်ဖွင့်ပွဲအထိမ်းအမှတ် လက်ဆောင်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

**ချစ်သက်လယ်(အိမ်မဲ)**

---

# စိန်ရတု ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ညောင်ရွှေမြို့၌ ကတ္တရာထပ်ပိုးလွှာလမ်းသစ်ဖွင့်

**ညောင်ရွှေ ဖေဖော်ဝါရီ ၂**

စိန်ရတု ပြည်ထောင်စုနေ့ကို ကြိုဆို ဂုဏ်ပြုသောအားဖြင့် ရှမ်းပြည်နယ် ညောင်ရွှေမြို့နယ်



စည်ပင်သာယာယာရေး ဌာန၏ ၂၀၂၁-၂၀၂၂ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ပြီးစီးသည့် မြို့လည်ရပ်ကွက် ကျောင်းတော်အနောက်လမ်း ကတ္တရာထပ်ပိုးလွှာ လမ်းသစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၁ ရက် နံနက် ၁၁ နာရီခွဲကအဆိုပါလမ်းမုခ်ဦး၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်စည်ပင်သာယာရေးဌာန အမှုဆောင်အရာရှိ ဦးတင့်ဝေက လမ်းသစ်ဆောင်ရွက်ခဲ့မှု အခြေအနေကို ရှင်းလင်းတင်ပြသည်။ ဆက်လက်၍ ဒေသခံပြည်သူ ဦးလှဝေက ကျေးဇူးတင်စကား ပြောကြားသည်။ ထို့နောက် ကတ္တရာထပ်ပိုးလွှာလမ်းသစ်ကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနိုင်ဦး၊ မြို့နယ်စည်ပင်သာယာရေးဌာန အမှုဆောင်အရာရှိ ဦးတင့်ဝေနှင့် မြို့လည်ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးစိန်ဝင်းကိုတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

အဆိုပါ ကတ္တရာထပ်ပိုးလွှာလမ်းသစ်သည် လမ်းအရှည် ပေ ၅၇၀ ရှိပြီး မူလလမ်းအကျယ် ၁၂ ပေမှ ၁၈ ပေအဖြစ် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **နေမျိုးသူရိန်**

---

※ ငြိမ်းချမ်းသာယာ
အေးချမ်းဖို့
ပြည်ထောင်စု
စိတ်ဓာတ်
မွေးကြစို့။

# တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ မြို့နယ်များ၌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအား ထောက်ခံပွဲများပြုလုပ်

နေပြည်တော် ဖေဖော်ဝါရီ ၂

**၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဆောင်ရွက်လျက်ရှိသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအား ထောက်ခံပွဲကို ယနေ့တွင် ရှမ်းပြည်နယ် (မြောက်ပိုင်း) နမ့်လန်မြို့၌ လည်းကောင်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း)အတွင်းရှိ မြို့နယ် ခုနစ်မြို့နယ်တို့၌လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်၊ ရန်ကင်းမြို့နယ်နှင့် သန်လျင်မြို့နယ်တို့၌ လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ်နှင့် တောင်သာမြို့နယ်တို့၌လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် လေးမြို့နယ်တို့၌ လည်းကောင်း ပြုလုပ်ကြပြီး ဆန္ဒဖော်ထုတ်ခဲ့ကြသည်။**

ထိုသို့ ဆန္ဒဖော်ထုတ်ရာတွင် "နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအား ထောက်ခံပါသည်၊ အမျိုးဘာသာ သာသနာကို စောင့်ရှောက်သော မြန်မာ့တပ်မတော်အား ထောက်ခံပါသည်၊ NUG ၊ CRPH ၊ PDF အကြမ်းဖက်သမားအလိုမရှိ၊ NUG ၊ CRPH ၊ PDF အကြမ်းဖက်လုပ်ရပ်များအား ဆန့်ကျင်ကြ၊ ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး ဒို့အရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဒို့အရေး၊ ပြည်ပအားကိုးပုဆိန်ရိုးများအား ဆန့်ကျင်ကြ၊ တိုင်းပြည်ပြိုကွဲအောင် ကြံဆောင်သူမှန်သမျှ ဆန့်ကျင်ကြ၊ တိုင်းပြည်တည်ငြိမ်အေးချမ်းဖို့ တပ်မတော်နဲ့လက်တွဲစို့၊ တိုင်းပြည်သာယာအေးချမ်းရေး တပ်နဲ့ပြည်သူလက်တွဲပေး၊ မြန်မာ့ပြည်တွင်းရေး ပြည်ပစွက်ဖက်မှုအလိုမရှိ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ လုပ်ငန်းစဉ်(၅)ရပ်အား ထောက်ခံပါသည်၊ ပြည်ဖျက်သည့် CRPH၊ NUG လူသတ်သည့် PDF ဆန့်ကျင်ကြ၊ NUG၊ PDF အကြမ်းဖက်မှုအမြစ်ဖြတ်၊ NUG၊ PDF အကြမ်းဖက်မှုတွေ မြင်အောင်ကြည့်၊ NUG၊ PDF ရဲ့ ပြည်သူ့အပေါ် အကြမ်းဖက်မှု ချက်ချင်းရပ်" စသည့် စာသားပါ ဆိုင်းဘုတ်များ ကိုင်ဆောင်ကြွေးကြော်ခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်




# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUGနှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဖေဖော်ဝါရီ ၂**

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH ၊ NUG နှင့်ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူ အနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ရေးဥပဒေပုဒ်မ ၃၃(က) နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သော ပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နေ ချောစုဝင်း(ခ) ချောစုသည် ၎င်းအသုံးပြုသည့် "Chaw Su" Facebook အကောင့်၊ ဆိပ်ဖြူမြို့နေ ထွေးမိုးလွင်သည် ၎င်းအသုံးပြုသည့် "Htay Moe Lwin" Facebook အကောင့်၊ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်နေ သန္တာအောင်သည် ၎င်းအသုံးပြုသည့် "Thadar" Facebook အကောင့်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် (၃၈)ရပ်ကွက်နေ မထိုက်ထိုက်ဝေ (၂၈)နှစ်သည် ၎င်းအသုံးပြုသည့် "December Wai" Facebook အကောင့်၊ ခရမ်းမြို့နေ တိုင်းဒေသကြီး (၂) NLD ပါတီဝင် လွှတ်တော်ကိုယ်စားလှယ်ဟောင်းဖြစ်သူ သိန်းဇော်လတ်သည် ၎င်းအသုံးပြုသည့် "Thein Zaw Latt" Facebook အကောင့်နှင့် တောင်ဥက္ကလာပမြို့နယ်နေ ဝေသွယ်ထွန်းနှင့် မောင်မောင်အေးတို့ နှစ်ဦးတို့သည် ဆိုင်းဘုတ်များကိုင်ဆောင်ကာ အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်း ထုတ်ပြန်ထားကြောင်း သိရသည်။

သတင်းစဉ်

# နေပြည်တော်၊ တိုင်းဒေသကြီး / ပြည်နယ်များမှ တရားမဝင်သစ် ၂၇၈ တန်ကျော် ဖမ်းဆီးရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၂**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သစ်တောဦးစီးဌာနသည် တရားမဝင်သစ်နှင့် သစ်တောထွက်ပစ္စည်းများ ရှာဖွေဖော်ထုတ် ဖမ်းဆီးရေးကို ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြု စောင့်ကြပ်ကြည့်ရှု သတင်းပို့စနစ် (Community Monitoring and Reporting System– CMRS) အပါအဝင် နည်းလမ်းမျိုးစုံဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၂၄ ရက်မှ ၃၀ ရက်အထိ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်၊ သစ်တောဦးစီးဌာနများမှ ပေးပို့လာသော စာရင်းများအရ တရားမဝင်ကျွန်း ၅၃ ဒသမ ၄၂၄၄ တန်၊ သစ်မာ ၅၄ ဒသမ ၄၄၅၆ တန်၊ အခြားသစ် ၁၇၁ ဒသမ ၁၀၀၄ တန် စုစုပေါင်း ၂၇၈ ဒသမ ၉၇၀၄ တန်၊ တရားခံ ၃၇ ဦး၊ ယာဉ်/ယန္တရား ၁၂ စီး ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။



သတင်းစဉ်

## ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ စိတ်ချမ်းသာ

# ရေနံခပ်နေစဉ် ရေနံခပ်ဘူးသံကွင်းနှင့် ရေနံခပ်သည့်သံပိုက်တို့ ပွတ်တိုက်မိရာမှ မီးလောင်မှုဖြစ်ပွား

**နေပြည်တော် ဖေဖော်ဝါရီ ၂**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်၌ ဖေဖော်ဝါရီ ၁ ရက်က တက်မရေနံမှော်တွင် မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မွန်းလွဲ ၁ နာရီတွင် ညောင်ဦးမြို့နယ် တက်မရေနံမှော် လုပ်ကွက်အမှတ်(စ)၌ မီးလောင်မှုဖြစ်ပွားကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ ညောင်ဦးခရိုင်မီးသတ်ဦးစီးဌာနမှ မီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ ပါဝင်သည့် ပူးပေါင်းအဖွဲ့က သွားရောက်ကာ ကျေးရွာနေပြည်သူများနှင့်အတူ ဝိုင်းဝန်းမီးငြိမ်းသတ်ခဲ့ရာ ၃၅ မိနစ်ခန့်အကြာတွင် မီးငြိမ်းသွားခဲ့ပြီး စိစစ်ချက်အရ ကွင်းအမှတ် (စ-၁)ရှိ ရေနံတွင်း၌ ချစ်ကို(၃၀ နှစ်)သည် ရေနံခပ်နေစဉ် ရေနံခပ်ဘူးသံကွင်းနှင့် ရေနံခပ်သည့်သံပိုက်တို့ ပွတ်တိုက်မိရာက မီးလောင်ကျွမ်း ခဲ့ခြင်းဖြစ်ကြောင်း သိရှိရကာ မီးလောင်မှုကြောင့် ဝါးကပ်မိုး/ကာ ၁၀ ပေပတ်လည်ခန့်ရှိ တဲအိမ်ငါးလုံး၊ ၂၅ ကောင် အင်ဂျင်စက် ငါးလုံး၊ ၁၆ ကောင် အင်ဂျင်စက်တစ်လုံး၊ စက်ကလပ်ခုံ ငါးစုံ၊ ဆီပီပါ ၁၃ လုံး၊ ဟွန်ဒါရေစုပ်စက်တစ်လုံး၊ ဆိုင်ကယ်တစ်စီးတို့ မီးလောင်ပျက်စီးခဲ့ပြီး စုစုပေါင်းတန်ဖိုးငွေကျပ် ၆၆၃၅၀၀၀၀ ခန့် ဆုံးရှုံးခဲ့သောကြောင့် ချစ်ကိုအား စဉ့်ကူးနယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သတင်းရရှိသည်။

ရဲပြန်ကြား

# ဦးစီးအရာရှိ မွမ်းမံသင်တန်းအမှတ်စဉ် (၁/၂၀၂၁) နှင့် စာရင်းစစ်မှူးများ လုပ်ငန်းခွင်ကျွမ်းကျင်မှု သင်တန်းအမှတ်စဉ် (၃၆) သင်တန်းဆင်းပွဲကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၂**

ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံး နေပြည်တော်သင်တန်းကျောင်းတွင် ဖွင့်လှစ်ခဲ့သည့် ဦးစီးအရာရှိများ မွမ်းမံသင်တန်းအမှတ်စဉ် (၁/၂၀၂၁) နှင့် စာရင်းစစ်မှူးများ လုပ်ငန်းခွင်ကျွမ်းကျင်မှု သင်တန်းအမှတ်စဉ် (၃၆) သင်တန်းဆင်းပွဲကို ယနေ့ နံနက် ၁၀ နာရီ၌ ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံး (နေပြည်တော်) စုပေါင်းခန်းမ၌ ကိုဗစ်-၁၉ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ကျင်းပသည်။



အခမ်းအနားတွင် ပြည်ထောင်စု စာရင်းစစ်ချုပ် ဒေါက်တာ ကံဇော်က ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရာတွင် ပိုမိုကောင်းမွန်စေရေး၊ လျင်မြန်သွက်လက်စေရေးအတွက် စွမ်းဆောင်ရည်ပြည့်ဝမှုနှင့် ထိရောက်မှုရှိစေရန် ရည်ရွယ်၍ ဤရုံး၏ လုပ်ငန်းစဉ်များကို ရှင်းလင်း မှာကြားရခြင်းဖြစ်ကြောင်း။

နိုင်ငံတော် အစိုးရသည် နိုင်ငံတော်၏ရှေ့လုပ်ငန်းစဉ် (၅) ရပ်၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဦးတည်ချက်(၉)ရပ် တို့နှင့်အညီ တာဝန်ယူ ဆောင်ရွက်လျက်ရှိရာတွင် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးအနေဖြင့်လည်း စာရင်းစစ်ဆေးခြင်းလုပ်ငန်းများကို ပိုမိုထိရောက်အောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေပုဒ်မ – ၁၁ (က) မှ (ရ)ပါ ပြဋ္ဌာန်းချက်များနှင့် လုပ်ပိုင်ခွင့်များကို ကျေညက်စွာ သိရှိနားလည်ပြီး "ပြည်သူ့ဘဏ္ဍာစီမံခန့်ခွဲမှု တိုးတက်ကောင်းမွန်စေရေးအတွက် ထိန်းကျောင်းပေး" ဆိုသည့် ဆောင်ပုဒ်နှင့်အညီ လိုက်ပါဆောင်ရွက်နိုင်ရမည်ဖြစ်ကြောင်း။

ဤရုံးအနေဖြင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှု သင်တန်းနှင့် စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းများ နှစ်မျိုးခွဲခြားဖွင့်လှစ်၍ စနစ်တကျ လေ့ကျင့် သင်ကြားပေးလျက်ရှိကြောင်း၊ ဝန်ထမ်းများအနေဖြင့် ကိုယ်တိုင် လေ့လာသင်ယူမှု၊ လေ့ကျင့်ပျိုးထောင်မှုနှင့် အသိပညာမျှဝေခြင်း အစီအစဉ်တွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်ရန်လည်း လိုအပ်ကြောင်း။

မိမိတို့လုပ်ငန်းတာဝန်များကို ဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ ကျင့်ဝတ်များနှင့်အညီ ရိုးသားဖြောင့်မတ်စွာ၊ သိက္ခာရှိစွာဆောင်ရွက်ခြင်းဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူ့အကျိုးအတွက် နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်ပြီး ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေနှင့်အညီ လုပ်ငန်းတာဝန်များကို ကျေပွန်စွာဆောင်ရွက်နိုင်သည့် ဝန်ထမ်းကောင်းများဖြစ်စေရန် ကြိုးစားကြစေလိုပါကြောင်း ပြောကြားသည်။

ဦးစီးအရာရှိ မွမ်းမံသင်တန်းအမှတ်စဉ် (၁/၂၀၂၁)နှင့် စာရင်းစစ်မှူးများ လုပ်ငန်းခွင်ကျွမ်းကျင်မှု သင်တန်းအမှတ်စဉ်-၃၆ သင်တန်းကို နှစ်လကြာဖွင့်လှစ်ခဲ့ပြီး ရုံးချုပ်နှင့် ပြည်ထောင်စုနယ်မြေအတွင်းရှိ စာရင်းစစ်ရုံးများမှ ဦးစီးအရာရှိ ၁၀၆ ဦးနှင့် စာရင်းစစ်မှူး ၅၈ ဦး စုစုပေါင်းသင်တန်းသား ၁၆၄ ဦး တက်ရောက်ပြီးမြောက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပဲခူးတိုင်းဒေသကြီး လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၂

**ပဲခူးတိုင်းဒေသကြီး၏ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲကို ယမန်နေ့ နံနက်ပိုင်းက တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။**

ဆွေးနွေးပွဲသို့ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း၊ ဒုတိယဝန်ကြီး ဒေါက်တာ အောင်ကြီး၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီးအဆင့် လယ်ယာကဏ္ဍဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြပြီး စိုက်ပျိုးမွေးမြူရေးထွက်ကုန်များအရည်အသွေးပြည့်ဝရေး၊ အစားအစာဘေးကင်းလုံခြုံရေးနှင့် တန်ဖိုးမြှင့် ကုန်ချောထုတ်လုပ်မှုဖွံ့ဖြိုးလာရေး၊ တိရစ္ဆာန်ရောဂါ ထိန်းသိမ်းစောင့်ကြည့်စစ်ဆေးရေးစခန်း (Animal Quarantine Station (AQS)) တည်ဆောက်ဖွင့်လှစ်နိုင်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးကြသည်။

ထိုမှတစ်ဆင့် ဒုတိယဝန်ကြီးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများသည် ပဲခူးမြို့ မဇင်းရေလှောင်တမံသို့ ရောက်ရှိကြပြီး ဆည်ရေဝင်ရောက်မှု၊ လက်ရှိရေသိုလှောင်ထားရှိမှုနှင့် ဒေသအတွက် သောက်သုံးရေ၊ စိုက်ပျိုးရေပေးဝေနေမှုကို ကြည့်ရှုစစ်ဆေးသည်။

အလားတူ ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ် ဘောနီရေလှောင်တမံ၏ ရေသိုလှောင်ထိန်းသိမ်းထားရှိမှု၊ ဆည်ရေသောက်စနစ်ရှိ တူးမြောင်းမကြီးနှင့် လက်တံမြောင်းများ၊ တူးမြောင်းအဆောက်အအုံများ ပြုပြင်ပြီးစီးမှုနှင့် စိုက်ပျိုးရေပေးဝေနေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး ဒုတိယဝန်ကြီးက စိုက်ပျိုးရေပေးဝေနိုင်မှုနှင့် စိုက်ပျိုးထုတ်လုပ်မှုစွမ်းအား တိုးတက်ရေး၊ ဒေသရေမြေနှင့်ကိုက်ညီပြီး တောင်သူများအတွက် ဝင်ငွေအကျိုးအမြတ် ပိုမိုရရှိစေမည့် သီးနှံပုံစံများချမှတ်ပေးနိုင်ရေးလုပ်ငန်းများကို သက်ဆိုင်ရာဌာနများအချင်းချင်း ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ချက်များကို ဆွေးနွေးမှာကြားသည်။



ညနေပိုင်းတွင် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် အုတ်တွင်းမြို့နယ် ကြက်တက်ညောင်ပင်ကျေးရွာအုပ်စု ပိတောက်ခင်ကျေးရွာ ခပေါင်းဆည်ရေသောက်စနစ်အတွင်းရှိ စက်မှုလယ်ယာစနစ်ကျ လယ်မြေတွင် စိုက်ပျိုးထားသည့် နွေစပါးမျိုးစေ့ထုတ်စိုက်ခင်း ၂၀၆ ဧကကို ကြည့်ရှုအားပေးပြီး **(အပေါ်ပုံ)** ဒေသနေတောင်သူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံကာ စိုက်ပျိုးထုတ်လုပ်မှုတိုးတက်ရေးဆိုင်ရာများ၊ တစ်ပိုင်တစ်နိုင်မွေးမြူရေးလုပ်ငန်းများ တွဲဖက်လုပ်ကိုင်နိုင်ရေးနှင့် တန်ဖိုးမြှင့် သီးထပ်သီးနှံများ စိုက်ပျိုးလုပ်ကိုင်နိုင်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးကြကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်နယ်နှင့်တိုင်းဒေသကြီး ရိုးရာလှေလှော်ပြိုင်ပွဲ ရန်ကုန်တိုင်းဒေသကြီးအသင်း တံခွန်စိုက်ဖလားဆုဆွတ်ခူး

**ရန်ကုန် ဖေဖော်ဝါရီ ၂**

၂၀၂၂ ခုနှစ် ပြည်နယ်နှင့်တိုင်းဒေသကြီး ရိုးရာလှေလှော်ပြိုင်ပွဲ ဒုတိယနေ့ပွဲစဉ်များနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁ ရက်က ရန်ကုန်မြို့ အင်းလျားကန်ရှိ မြန်မာနိုင်ငံ လှေလှော်အဖွဲ့ချုပ်၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ် ညွန့်ဝင်းဆွေ၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြည့်ရှုအားပေးသည်။



နံနက်ပိုင်းတွင် မီတာ ၂၀၀ ပွဲစဉ်များဖြစ်သည့် အမျိုးသား (၇) တက်လှော်ပြိုင်ပွဲ၊ အမျိုးသမီး (၇) တက်လှော်ပြိုင်ပွဲ၊ အမျိုးသား(၁၀)တက်လှော်ပြိုင်ပွဲ၊ အမျိုးသမီး(၁၀)တက်လှော်ပြိုင်ပွဲ၊ အမျိုးသား/ အမျိုးသမီး (Mixed) (၁၀) တက်လှော်ပြိုင်ပွဲများကို ကျင်းပပြီး ဗိုလ်လုပွဲစဉ်များကို ညနေပိုင်းတွင် ဆက်လက်ကျင်းပသည်။

ထို့နောက် ဆုပေးပွဲအခမ်းအနားကို ကျင်းပရာ အမျိုးသမီးမီတာ ၂၀၀ (၇) တက်လှော်ပြိုင်ပွဲ၊ အမျိုးသား မီတာ ၂၀၀ (၇) တက်လှော်ပြိုင်ပွဲ ၊ အမျိုးသမီး မီတာ ၅၀၀ (၇)တက်လှော် ပြိုင်ပွဲ၊ အမျိုးသား မီတာ ၅၀၀(၇)တက်လှော်ပြိုင်ပွဲ၊ အမျိုးသမီးမီတာ ၂၀၀ (၁၀)တက်လှော်ပြိုင်ပွဲ၊ အမျိုးသား မီတာ ၂၀၀ (၁၀)တက်လှော်ပြိုင်ပွဲ၊ အမျိုးသမီး မီတာ ၅၀၀ (၁၀) တက်လှော်ပြိုင်ပွဲ၊ အမျိုးသား မီတာ ၅၀၀ (၁၀) တက်လှော်ပြိုင်ပွဲ၊ အမျိုးသား+ အမျိုးသမီး(Mixed) မီတာ ၂၀၀ (၁၀) တက်လှော်ပြိုင်ပွဲ၊ အမျိုးသား+အမျိုးသမီး(Mixed)မီတာ ၅၀၀ (၁၀)တက်လှော်ပြိုင်ပွဲများ ယှဉ်ပြိုင်ကစားကြရာ ပထမ၊ ဒုတိယ၊ တတိယ ဆုရရှိသော အသင်းများအား ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ် ညွန့်ဝင်းဆွေနှင့် တိုင်းဒေသကြီး ဝန်ကြီးများ၊ တာဝန်ရှိသူများက ဆုများချီးမြှင့်သည်။

ဆက်လက်၍ ရွှေတံဆိပ် နှစ်ဆု၊ ငွေတံဆိပ် နှစ်ဆုဖြင့် အမျိုးသမီးတံခွန်စိုက်ဒိုင်းရရှိသွားသော ရန်ကုန်တိုင်းဒေသကြီးအသင်း၊ ရွှေတံဆိပ် သုံးဆု၊ ငွေတံဆိပ် တစ်ဆုဖြင့် အမျိုးသားတံခွန်စိုက်ဒိုင်း ရရှိသွားသော ရန်ကုန်တိုင်းဒေသကြီးအသင်း၊ ရွှေတံဆိပ် ခုနစ်ဆု၊ ငွေတံဆိပ် သုံးဆုတို့ဖြင့် စုပေါင်းတံခွန်စိုက်ဒိုင်းရရှိသွားသော ရန်ကုန်တိုင်းဒေသကြီးအသင်းတို့အား တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းက ဆုများပေးအပ်ချီးမြှင့်သည်။

၂၀၂၂ခုနှစ် ပြည်နယ်နှင့်တိုင်းဒေသကြီး ရိုးရာလှေလှော်ပြိုင်ပွဲတွင် မီတာ ၂၀၀/၅၀၀ (၇)တက်လှော်ပြိုင်ပွဲများတွင် ဆုရရှိသော အသင်းများအား ဆုတံဆိပ်များနှင့်အတူ ပထမရရှိသော အသင်းအား ငွေကျပ် ငါးသိန်း၊ ဒုတိယဆုရရှိသော အသင်းအား ငွေကျပ် သုံးသိန်း၊ တတိယဆုရရှိသော အသင်းအား ငွေကျပ် နှစ်သိန်းနှုန်း၊ မီတာ ၂၀၀/၅၀၀/ Mixed (၁၀)တက်လှော်ပြိုင်ပွဲများတွင် ဆုရရှိသောအသင်းများအား ဆုတံဆိပ်များနှင့်အတူ ပထမရရှိသော အသင်းအား ငွေကျပ် ၁၀ သိန်း၊ ဒုတိယဆုရရှိသော အသင်းအား ငွေကျပ် ခုနစ်သိန်း၊ တတိယဆုရရှိသော အသင်းအား ငွေကျပ် ငါးသိန်းနှုန်းဖြင့်လည်းကောင်း ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**အာကာစိုး**

# အရှေ့တောင်အာရှနိုင်ငံများ ပြည်ဝင်ခွင့်များကို စတင်ဖြေလျှော့ပေးလျက်ရှိ

**ဘန်ကောက် ဖေဖော်ဝါရီ ၂**

ကိုဗစ်-၁၉ ကပ်ရောဂါကို ပိုပြီးထိန်းချုပ်လာနိုင်သည့်အတွက် အရှေ့တောင်အာရှရှိ နိုင်ငံများသည် ၎င်းတို့၏ ပြည်ဝင်ခွင့်အခြေအနေများကို စတင်ဖြေလျှော့ပေးနေပြီဖြစ်သည်။

အိုမီခရွန်မျိုးကွဲပိုးရပ်စ်သစ် ကူးစက်ပျံ့နှံ့မှုကြောင့် ရက် ၄၀ ကြာ ကွာရန်တင်းလျှော့ပေါ့မှုများကို ရပ်ဆိုင်းထားပြီးနောက် ယခုအခါတွင် ထိုင်းနိုင်ငံ၌ ကွာရန်တင်းလျှော့ပေါ့မှုများကို ပြန်လည်လုပ်ဆောင်ပေးနေပြီဖြစ်သည်။

နိုင်ငံပေါင်းစုံမှ ကာကွယ်ဆေးအပြည့် ထိုးထားသည့် ခရီးသွားများသည် ကွာရန်တင်းလျှော့ပေါ့ခွင့်ကို လျှောက်ထားနိုင်သည်။ ခရီးသွားများသည် ထိုင်းနိုင်ငံမရောက်မီ ကိုဗစ်-၁၉ စစ်ဆေးမှုတစ်ခုကို ကြိုတင်လုပ်ဆောင်ထားရမည်ဖြစ်သလို နိုင်ငံအတွင်း ပထမသီတင်းပတ်မှာပင် ကိုဗစ်စစ်ဆေးမှုနှစ်ခု လုပ်ဆောင်ရမည်ဖြစ်သည်။

ထိုင်းနိုင်ငံ၌ ကိုဗစ်-၁၉ ကူးစက်မှုသစ်များ မြင့်တက်လာသောကြောင့် ကွာရန်တင်းလျှော့ပေါ့ခွင့်ကို ဒီဇင်ဘာနှောင်းပိုင်းမှစကာ ရပ်ဆိုင်းခဲ့သည်။



ထိုင်းနိုင်ငံ ဖူးခက်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ရောက်ရှိပြီးနောက် နိုင်ငံခြားသားခရီးသွားများအား ကိုဗစ်-၁၉ စစ်ဆေးပေးနေစဉ်။

ထိုင်းအစိုးရက ကိုဗစ်-၁၉ သေဆုံးနှုန်းကျဆင်းခဲ့ကြောင်းနှင့် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှု အခြေအနေကိုလည်း ထိန်းချုပ်ထားနိုင်ခဲ့ပြီဖြစ်ကြောင်း ပြောသည်။ မကြာသေးမီရက်များအတွင်း နေ့စဉ် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူပေါင်း ၇၀၀၀ မှ ၈၀၀၀ နီးပါးရှိသည်။

ထို့အတူ အင်ဒိုနီးရှားနိုင်ငံ ဘာလီအပန်းဖြေကမ်းခြေသည် နိုင်ငံခြားသားခရီးသွားများကို ယခုသီတင်းပတ်မှစကာ ပြန်လည်ကြိုဆိုလက်ခံနေပြီဖြစ်သည်။ ကိုဗစ်-၁၉ ကာကွယ်ဆေးအပြည့်ထိုးထားသူများအတွက် ကွာရန်တင်းကာလကို ခုနစ်ရက်မှ ငါးရက်အထိ လျှော့ချလိုက်သည်။

နိုင်ငံအတွင်း ကိုဗစ်-၁၉ အခြေအနေများ ပြန်လည်ကောင်းမွန်လာမှုနှင့်အတူ အင်ဒိုနီးရှားနိုင်ငံသည် ဂျပန်နိုင်ငံမှ ဘာလီသို့ တိုက်ရိုက်လေယာဉ်ပျံသန်းပြေးဆွဲမှုများကို ပြန်လည်စတင်ရန် အဆင့်သင့်ဖြစ်လျက်ရှိသည်။

ထို့အတူ ဖိလစ်ပိုင်နိုင်ငံသည်လည်း လာမည့်သီတင်းပတ်တွင် ကိုဗစ်-၁၉ ကာကွယ်ဆေး အပြည့်ထိုးထားသည့် နိုင်ငံခြားသားခရီးသွားများအတွက် ကွာရန်တင်းမလိုဘဲ ပြည်ဝင်ခွင့်ပြန်လည်ဖွင့်လှစ်တော့မည်ဖြစ်သည်။ နိုင်ငံ့နယ်စပ်ဒေသများကို နှစ်နှစ်နီးပါး ပိတ်ထားခဲ့ရသည်။

**အင်န်အိတ်ချ်ကေ**



သုံးနိုင်ငံ ဆွေးနွေးဖက်ခေါင်းဆောင်များကို တွေ့ရစဉ်။

## သုံးပွင့်ဆိုင်သံတမန်များ မြောက်ကိုရီးယားနျူကလီးယား ကင်းစင်ရေးအတွက် အနီးကပ်ပူးပေါင်းလုပ်ဆောင်သွားမည်

**တိုကျို ဖေဖော်ဝါရီ ၂**

ဂျပန်၊ အမေရိကန်ပြည်ထောင်စုနှင့် တောင်ကိုရီးယားနိုင်ငံတို့မှ အဆင့်မြင့်သံတမန်များက မြောက်ကိုရီးယား နျူကလီးယားကင်းစင်ရေးအတွက် ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်များနှင့်အညီ အနီးကပ်ပူးပေါင်း လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ပြောသည်။

ဂျပန်လက်ထောက်နိုင်ငံခြားရေးဝန်ကြီး မိုရီတာကေအို၊ အမေရိကန် ပြည်ထောင်စုလက်ထောက်နိုင်ငံခြားရေး ဝန်ကြီး ဝမ်ဒီရှာမင်န်နှင့် တောင်ကိုရီးယားပထမ လက်ထောက် နိုင်ငံခြားရေးဝန်ကြီး ချွိုင်ဂျွန်ကန်တို့တစ်ဦးနှင့်တစ်ဦးဖုန်းဖြင့် ဖေဖော်ဝါရီ ၂ရက်က တစ်နာရီခန့် ပြောဆိုဆွေးနွေးခဲ့သည်။

၎င်းတို့သည် မြောက်ကိုရီးယားနိုင်ငံနှင့် ပတ်သက်ပြီး အမြင်ချင်း ဖလှယ်ခဲ့ကြသည်။ ထို့အပြင် မြောက်ကိုရီးယားနိုင်ငံ၏ ဒုံးကျည် စမ်းသပ်ပစ်လွှတ်မှုများနှင့် နျူကလီးယား အကောင်အထည်ဖော် ဆောင်ရွက်မှုများအပေါ် စိုးရိမ်ကြောင်း အမြင်ချင်း မျှဝေခဲ့ကြသည်။၎င်းတို့သည် ဒေသတွင်း ခြိမ်းခြောက် ဟန့်တားမှုများကို ပူးပေါင်းဆောင်ရွက် ဖြေရှင်းရန်လည်း သဘောတူခဲ့ပြီး ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် မြောက်ကိုရီးယားအရေး ဖော်ပြခဲ့ပြီး ပြဲ့ယမ်းကို နျူကလီးယား လုံးဝကင်းစင်သွားရန် သံတမန်ရေးဆိုင်ရာ ကြိုးစားလုပ်ဆောင်သွားရန်လည်း အပူတပြင်း လုပ်ဆောင်လျက်ရှိသည်။ ထို့အပြင် သုံးဦးဆိုင်သံတမန်များသည် ယူကရိန်းအရေးနှင့် ကိုရိုနာဗိုင်းရပ်စ်အရေးများကိုလည်း ဆွေးနွေးခဲ့ကြပြီး ချောမွေ့သော ဆက်ဆံရေးကို ထိန်းသိမ်းသွားရန်လည်း အတည်ပြုခဲ့သည်။ **အင်န်အိတ်ချ်ကေ**

## အမေရိကန်အောက်လွှတ်တော်အမတ်ခေါင်းဆောင် စတန်နီဟိုယာ ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖြစ်ပွား

**ဝါရှင်တန် ဖေဖော်ဝါရီ ၂**

အမေရိကန်အောက်လွှတ်တော်အမတ် ခေါင်းဆောင် စတန်နီဟိုယာတွင် ကိုဗစ်-၁၉ စစ်ဆေးတွေ့ရှိခဲ့ပြီးနောက် ၎င်းတွင်ကိုဗစ်-၁၉ အပျော့စားလက္ခဏာများ ဖြစ်ပေါ်လျက်ရှိကြောင်း ဖေဖော်ဝါရီ ၁ ရက်က ပြောကြားလိုက်သည်။

အမေရိကန် အောက်လွှတ်တော်ဒီမိုကရက်အမတ်က အလုပ်များဆက်လုပ်သွားမည်ဖြစ်ကြောင်းနှင့် အဝေးမှ မဲပေးသွားမည်ဖြစ်ကြောင်း ပြောသည်။ မိမိမှာ ကိုဗစ်-၁၉ ကာကွယ်ဆေးအပြည့်အဝထိုးထားကြောင်းနှင့် အပိုဆောင်း ကိုဗစ်-၁၉ ကာကွယ်ဆေးလည်း ထိုးထားကြောင်း မာလန်းဒ်ဒေသခံ ဥပဒေပြုအမတ်က ကြေညာချက်တွင် ဖော်ပြထားသည်။

အမေရိကန်ပြည်ထောင်စုတစ်ဝန်း အိုမီခရွန်မျိုးကွဲပိုးရပ်စ်အရှိန်အဟုန်ဖြင့် ကူးစက်ဖြစ်ပွားလျက်ရှိစဉ် လွန်ခဲ့သော သီတင်းပတ်အနည်းငယ်အတွင်း ဟိုယာသည် အောက်လွှတ်တော် ဒီမိုကရက်ခေါင်းဆောင်ပိုင်းတွင် ဒုတိယ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားတွေ့ရှိသူဖြစ်လာခဲ့သည်။

အမေရိကန်ပြည်ထောင်စုတွင် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၇၅ သန်းကျော် ရှိလာခဲ့သည်။ ထို့အတူ ကိုဗစ်-၁၉ ကြောင့်သေဆုံးသူပေါင်းမှာလည်း ၈၉၀၀၀၀ ရှိလာပြီဖြစ်ကြောင်း ဂျွန်ဟော့ကင်းတက္ကသိုလ်ထုတ်ပြန်ချက်အရ သိရသည်။

**ဆင်ဟွာ**



ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားထားသော အမေရိကန် အောက်လွှတ်တော် အမတ်ခေါင်းဆောင် စတန်နီဟိုယာ

## မလေးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ကြောင့် ခုနစ်ဦး ထပ်မံသေဆုံး

**ကွာလာလမ်ပူ ဖေဖော်ဝါရီ ၂**

မလေးရှားနိုင်ငံ၌ ဖေဖော်ဝါရီ ၁ ရက် ညသန်းခေါင်အချိန်အထိ ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၅၅၆၆ ဦးအထိ ရှိခဲ့ပြီးနောက် နိုင်ငံအတွင်း ကိုဗစ်-၁၉ အတည်ပြုလူနာစုစုပေါင်း ၂၈၇၆၃၂၄ ဦး ရှိလာပြီဖြစ်သည်။

အသစ်ထပ်မံကူးစက်ဖြစ်ပွားသော ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူများအနက် ၂၂၇ ဦးမှာ ပြည်ပကူးစက်သူများဖြစ်ပြီး ၅၃၃၉ ဦးမှာ ပြည်တွင်းကူးစက်သူများဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ ဝက်ဘ်ဆိုက်တွင် ဖော်ပြထားသည်။ ထို့အပြင် ကိုဗစ်-၁၉ ကြောင့် ခုနစ်ဦးထပ်မံသေဆုံးခဲ့ရာ စုစုပေါင်း ကိုဗစ်-၁၉ ကြောင့် သေဆုံးသူပေါင်းမှာ ၃၁၉၈၅ ဦး အထိရှိလာပြီဖြစ်သည်။ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုမှ ပြန်လည်ကောင်းမွန်လာပြီး ဆေးရုံမှ ဆင်းလာသူ ၃၁၈၇ ဦး အပါအဝင် စုစုပေါင်း ကိုဗစ်-၁၉ ကင်းစင်သွားသူပေါင်း ၂၇၈၇၁၉၀ ရှိပြီဖြစ်သည်။ လတ်တလော ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားနေသူ ၅၇၁၅၂ ဦးရှိသည့်အနက် ၁၁၃ ဦးမှာ အထူးကြပ်မတ်ကုသဆောင်တွင် ကုသလျက်ရှိပြီး ၅၉ ဦးမှာ အသက်ရှူအထောက်အကူပြု ကိရိယာလိုအပ်လျက်ရှိသည်။ နိုင်ငံအတွင်း ကိုဗစ်-၁၉ ကာကွယ်ဆေး အနည်းဆုံးတစ်ကြိမ် ထိုးပြီးသူပေါင်း ၇၉ ဒသမ ၈ ရာခိုင်နှုန်းရှိပြီး အပြည့်အဝထိုးနှံပြီးသူပေါင်း ၇၈ ဒသမ ၇ ရာခိုင်နှုန်းအထိ ရှိလာပြီဖြစ်သည်။

**ဆင်ဟွာ**

## အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူပေါင်း ၄၁၆၃၀၈၈၅ ဦးရှိ

**နယူးဒေလီ ဖေဖော်ဝါရီ ၂**

အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၁၆၁၃၈၆ ဦးရှိကြောင်း မှတ်တမ်းတင်ဖော်ပြမှုနှင့်အတူ နိုင်ငံအတွင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူပေါင်း ၄၁၆၃၀၈၈၅ ဦး ရှိလာခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ နောက်ဆုံးအချက်အလက်များတွင် ဖော်ပြထားသည်။

ထို့အပြင် ဖေဖော်ဝါရီ ၁ ရက်နေ့ကတည်းက ကိုဗစ်-၁၉ ကြောင့် ၁၇၃၃ ဦး သေဆုံးခဲ့ရာ စုစုပေါင်း သေဆုံးသူ ၄၉၇၉၇၅ ဦးအထိ ရှိလာခဲ့သည်။ အိန္ဒိယနိုင်ငံ၌ လတ်တလော ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားလျက်ရှိသူ ၁၆၂၁၆၀၃ ဦးရှိပြီး လွန်ခဲ့သော ၂၄ နာရီအတွင်း ၁၂၁၄၅၆ ဦးကျဆင်းခဲ့သည်။

ယခုအချိန်အထိ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုမှ ပြန်လည်ကောင်းမွန်လာသူ ၃၉၅၁၁၃၀၇ ဦးရှိလာပြီး ယင်းတို့အနက် ၂၈၁၁၀၉ ဦးမှာ လွန်ခဲ့သော ၂၄ နာရီအတွင်း ဆေးရုံမှ ပြန်လည်ဆင်းလာသူများ ဖြစ်ကြသည်။

**ဆင်ဟွာ**

# ကိုဗစ်ကာကွယ်ဆေးထိုး သက်သေခံကတ်တွေပြဖို့ ကမ္ဘာ့နိုင်ငံအတော်များများ တစ်နေ့တခြား ပိုမိုတောင်းဆိုလာ

ထွန်းကျော်

ကမ္ဘာ့နိုင်ငံအတော်များများမှာ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုး လက်မှတ်တွေရှိဖို့ သတ်မှတ်ပြဋ္ဌာန်းလိုက်သလို တချို့အလုပ်တွေကို လုပ်နေရသူတွေအတွက်လည်း ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးထားဖို့ သတ်မှတ်ပြဋ္ဌာန်းလိုက်ပါတယ်။

### ကိုဗစ် – ၁၉ ကာကွယ်ဆေးထိုးဖို့သတ်မှတ်ပြဋ္ဌာန်း

သို့သော်လည်း ကမ္ဘာ့နိုင်ငံအနည်းစုကတော့ သူတို့ရဲ့ လူဦးရေအားလုံးကို ကိုဗစ် – ၁၉ ကာကွယ်ဆေးထိုးဖို့ သတ်မှတ်ပြဋ္ဌာန်းထားပါတယ်။အီကွေဒေါနိုင်ငံဟာ ဒီဇင်ဘာလမှာ အသက်ငါးနှစ်အထက် ကလေးတွေအပါအဝင် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးဖို့ ဥပဒေတစ်ရပ် သတ်မှတ်ပြဋ္ဌာန်းလိုက်တဲ့ ကမ္ဘာပေါ်မှာ ပထမဆုံးနိုင်ငံ ဖြစ်လာခဲ့ပါတယ်။

အာရှအလယ်ပိုင်းနိုင်ငံတွေဖြစ်တဲ့ တာဂျစ်ကစ္စတန်နဲ့ တာ့ခ်မင်နစ္စတန် နိုင်ငံတွေဟာ ဇူလိုင်လကတည်းက အသက် ၁၈ နှစ်အထက်တွေကို ကိုဗစ်-၁၉ ကာကွယ်ဆေး မဖြစ်မနေထိုးခိုင်းခဲ့ပါတယ်။

### ကာကွယ်ဆေးထိုးဖို့ မဖြစ်မနေလုပ်ခိုင်း

ထို့အတူ အင်ဒိုနီးရှားနိုင်ငံသားတွေကို လွန်ခဲ့တဲ့နှစ် ဖေဖော်ဝါရီလကတည်းက ကိုဗစ် – ၁၉ ကာကွယ်ဆေးထိုးဖို့ မဖြစ်မနေလုပ်ခိုင်းခဲ့သော်လည်း လက်တွေ့မှာတော့ ၂၀၂၂ ခုနှစ်အစထိတောင် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးအရေအတွက်ဟာ နိုင်ငံ့လူဦးရေရဲ့ ထက်ဝက်အောက် လျော့နည်းနေပါသေးတယ်။

ပစိဖိတ်ရဲ့ မိုင်ခရိုနီးရှားမှာလည်း အသက် ၁၈ နှစ်အထက်များကို ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးဖို့ ဇူလိုင်လကတည်းက ကြေညာခဲ့တာဖြစ်ပါတယ်။

အသက် ၁၄ နှစ်အထက်များကို ကိုဗစ် – ၁၉ ကာကွယ်ဆေးထိုးဖို့ ဇန်နဝါရီ ၂၈ ရက်က ဥပဒေတစ်ရပ်ကဲ့သို့ မလုပ်မနေရ ပြဋ္ဌာန်းလိုက်တဲ့ ဥရောပသမဂ္ဂနိုင်ငံတွေထဲမှာ ဩစတြီးယားကတော့ ပထမဆုံးပါပဲ။ အဲဒီဥပဒေကို ဖောက်ဖျက်ကျူးလွန်သူတွေဟာ ယူရို ၆၀၀ သို့မဟုတ် အမေရိကန်ဒေါ်လာ ၆၇၀ ဒဏ်ရိုက်ခံရမှာ ဖြစ်ပါတယ်။

### ကာကွယ်ဆေးမဖြစ်မနေထိုးရမယ်

ဂျာမနီဥပဒေပြုလွှတ်တော်အဖွဲ့အစည်းက လူမှုဒီမိုကရက်တစ်ဝန်ကြီးချုပ်သစ် အိုလက်ဖ်စကူးလ်ဇ်တင်ပြခဲ့တဲ့ ရှုပ်ထွေးလှတဲ့ ကိုဗစ်ကာကွယ်ဆေးထိုးဥပဒေကြမ်းကို ငြင်းခုံဆွေးနွေးလျက်ရှိပါတယ်။ ဥရောပနိုင်ငံပေါင်းများစွာက အသက်ကြီးပိုင်းတွေကို ပိုပြီးအာရုံစိုက်ပါတယ်။ အသက်ကြီးပိုင်းတွေဟာ ဒီရောဂါကြောင့် အပြင်းအထန်ဖျားနာမှုတွေ ဖြစ်လေ့ရှိကြပါတယ်။ ဒါကြောင့်မို့ အသက်ကြီးပိုင်းတွေကို သူတို့တွေက ပိုပြီးအာရုံစိုက်ကြတာဖြစ်ပါတယ်။

အီတလီနိုင်ငံမှာ ဖေဖော်ဝါရီ ၁၅ ရက်စပြီး အသက် ၅၀ ကျော်တွေ ကိုဗစ်-၁၉ ကာကွယ်ဆေး မဖြစ်မနေထိုးရမှာဖြစ်ပါတယ်။

ဂရိနိုင်ငံမှာ ၂၀၂၁ ခုနှစ်ကတည်းက အသက် ၆၀ ကျော်တွေ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးရမှာ ဖြစ်ပါတယ်။ ချက်နိုင်ငံမှာဆိုရင်လည်း အလားတူပါပဲ။ သို့သော်လည်း အစိုးရသစ်ဟာ ဒီစိတ်ကူးအကြံအစည်ကို အမှုမဲ့အမှတ်မဲ့ဖြစ်ခဲ့ပါတယ်။



အမေရိကန်ပြည်ထောင်စု နယူးယောက်စီးတီးရှိ ဂျေအက်ဖ်ကေ လေဆိပ်သို့ရောက်ရှိလာသော ခရီးသွားများကို တွေ့ရစဉ်။

### ကာကွယ်ဆေးထိုးမှ အလုပ်ရမယ်

တချို့ ရှေ့တန်းလုပ်သားတွေ အလုပ်တွေလုပ်နေရသူတွေဆိုရင် ကိုဗစ် – ၁၉ ကာကွယ်ဆေးထိုးထားကြောင်း အထောက်အထား တင်ပြဖို့လိုအပ်ပါတယ်။ အထောက်အထားပါမှ အလုပ်လုပ်နိုင်တာမျိုးတွေ၊ အထောက်အထားမပါပါက အလုပ်မလုပ်ခိုင်းတာမျိုးတွေအထိတောင်ရှိလာပါတယ်။

မကြာသေးမီကလည်း အမေရိကန်ပြည်ထောင်စုမှာ ကိုဗစ် – ၁၉ ကာကွယ်ဆေးထိုးဖို့ ငြင်းဆန်တဲ့ ကျန်းမာရေးဝန်ထမ်းအတော်များများကို အလုပ်ကရပ်နားခိုင်းလိုက်တဲ့အတွက် ဝန်ထမ်းပြတ်လပ်မှုတွေ ဖြစ်ပွားခဲ့ပါတယ်။

ပြင်သစ်မှာတော့ ကျန်းမာရေးစောင့်ရှောက်မှုလုပ်သားတွေ၊ မီးသတ်သမားတွေ၊ လူနာတင်ယာဉ်မောင်းနှင်သူတွေ၊ ဘိုးဘွားရိပ်သာမှာ အလုပ်လုပ်သူတွေဆိုရင် ကိုဗစ် – ၁၉ ကာကွယ်ဆေးထိုးဖို့ လိုအပ်ပါတယ်။

### ကိုဗစ်ကာကွယ်ဆေး အကုန်ထိုးရမယ်

အင်္ဂလန်နိုင်ငံ၊ ဂရိနိုင်ငံနဲ့ အီတလီနိုင်ငံတွေမှာရှိတဲ့ ကျန်းမာရေးဝန်ထမ်းတွေ၊ ဘိုးဘွားစောင့်ရှောက်ရေးဂေဟာတွေမှာ လုပ်ကိုင်နေရသူတွေအနေနဲ့ မကြာမီကိုဗစ်–၁၉ ကာကွယ်ဆေးအကုန်လုံးထိုးရတော့မှာ ဖြစ်ပါတယ်။ ရောမမှာတော့ ကျောင်းတွေမှာအလုပ်လုပ်နေသူတွေ၊ ရဲဌာနမှာ အလုပ်လုပ်နေသူတွေဟာ ကာကွယ်ဆေးထိုးရတော့မှာဖြစ်ပါတယ်။

ဂျာမနီနိုင်ငံမှာဆိုရင် ဆေးဘက်ဆိုင်ရာ ပုဂ္ဂိုလ်တွေဟာ မတ်လ ၁၅ ရက်မတိုင်မီမှာ ကိုဗစ် – ၁၉ ကာကွယ်ဆေးအပြည့်အဝထိုးထားကြောင်း သက်သေပြရမှာဖြစ်ပါတယ်။

တချို့နိုင်ငံတွေဆိုရင် ဒီထက်ပိုပါတယ်။ ဟန်ဂေရီနိုင်ငံမှာဆိုရင် ကုမ္ပဏီတွေဟာ သူတို့ရဲ့ဝန်ထမ်းတွေ ကိုဗစ်ကာကွယ်ဆေးထိုးနိုင်အောင် ကူညီပေးရမှာဖြစ်ပါတယ်။

ချက်နိုင်ငံမှာဆိုရင် ကျန်းမာရေးဝန်ထမ်းတွေ၊ ရဲတွေ၊ မီးသတ်သမားတွေ၊ စစ်သားတွေအနေနဲ့ ကိုဗစ်ကာကွယ်ဆေး ထိုးကိုထိုးရမှာဖြစ်ပါတယ်။ ထို့အတူ အသက် ၆၀ အရွယ်တွေလည်း ကိုဗစ်ကာကွယ်ဆေးထိုးထားရမှာဖြစ်ပါတယ်။

ပနားမားမှာဆိုရင် သမ္မတလော်ရန်တီနိုကော်တီဇိုဟာ ဝန်ထမ်းတွေအကုန်လုံး ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးဖို့ ဒီဂရီတစ်ရပ်ကို ဒီလမှာ ထုတ်ပြန်ကြေညာခဲ့ပါတယ်။

အမေရိကန်ပြည်ထောင်စုမှာ စီးပွားရေးလုပ်ငန်းကြီးတွေရဲ့ သန်းနဲ့ချီတဲ့ ဝန်ထမ်းတွေကို ကိုဗစ်ကာကွယ်ဆေးထိုးဖို့ ဥပဒေတစ်ရပ် ပြဋ္ဌာန်းဖို့ကြိုးစားခဲ့တဲ့ အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်ကို ဗဟိုတရားရုံးက ဇန်နဝါရီလမှာ ဆန့်ကျင်ခဲ့ပါတယ်။

### တစ်နေ့တခြား ပိုပိုပြီးလိုအပ်

ပြည်သူတွေအနေနဲ့ ခရီးသွားလာတဲ့အခါမှာ သော်လည်းကောင်း သို့မဟုတ် အများပြည်သူနေရာများကို သွားရောက်တဲ့ အခါမှာသော်လည်းကောင်း ကိုဗစ်ကာကွယ်ဆေးထိုးပြီးကြောင်း သက်သေခံကတ်တွေ တစ်နေ့တခြား ပိုပိုပြီးလိုအပ်လာပြီဖြစ်ပါတယ်။ နိုင်ငံအတော်များများကလည်း ဒါတွေကို ပိုပိုပြီးတောင်းဆိုလာကြပြီ ဖြစ်ပါတယ်။ ဆော်ဒီအာရေဗျမှာဆိုရင် ပုဂ္ဂလိက သို့မဟုတ် အစိုးရအဆောက်အအုံထဲသို့ ဝင်ရောက်ချင်တဲ့အခါ၊ အများပြည်သူသယ်ယူပို့ဆောင်ရေးတွေကို အသုံးပြုချင်တဲ့အခါ သို့မဟုတ် နိုင်ငံကထွက်ခွာချင်တဲ့အခါ ကိုဗစ်ကာကွယ်ဆေးထိုးထားတဲ့ကတ်ပြား လိုအပ်ပါတယ်။ အဲဒီကတ်ပါမှ ဝင်လို့၊ သုံးလို့၊ ထွက်ခွာလို့ရမှာဖြစ်ပါတယ်။

မော်ရိုကို၊ တူနီးရှား၊ ကင်ညာ၊ အီတလီ၊ ပြင်သစ်နိုင်ငံတွေမှာ ကိုဗစ်ကာကွယ်ဆေးထိုးလက်မှတ်ကို သူ့နည်းသူ့ဟန်နဲ့သူ ပြသဖို့ လိုအပ်ပါတယ်။

နယူးဇီလန် သို့မဟုတ် ဩစတြေးလျနိုင်ငံတွေလိုမျိုး တချို့နိုင်ငံတွေဆိုရင် သူ့နိုင်ငံရဲ့ နယ်နိမိတ်ထဲကို ကိုဗစ် – ၁၉ ကာကွယ်ဆေးထိုးထားတဲ့ သူတွေကိုပဲ ဝင်ခွင့်ပေးတာဖြစ်ပါတယ်။ ကမ္ဘာ့နံပါတ်တစ်တင်းနစ်အကျော်အမော်ဖြစ်တဲ့ နိုဗက် ဂျိုကိုဗစ်ဟာ ဒီအတွက် အတော်လေး အလုပ်ရှုပ်ခဲ့ရပါတယ်။ ။

ကိုးကား – အေအက်ဖ်ပီ

❖ **တချို့ ရှေ့တန်းလုပ်သားတွေ အလုပ်တွေလုပ်နေရသူတွေဆိုရင် ကိုဗစ် - ၁၉ ကာကွယ်ဆေးထိုးထားကြောင်း အထောက်အထားတင်ပြဖို့လိုအပ်ပါတယ်။ အထောက်အထားပါမှ အလုပ်လုပ်နိုင်တာမျိုးတွေ၊ အထောက်အထားမပါပါက အလုပ်မလုပ်ခိုင်းတာမျိုးတွေအထိတောင်ရှိလာပါတယ်**

❖ **မကြာသေးမီကလည်း အမေရိကန်ပြည်ထောင်စုမှာ ကိုဗစ် - ၁၉ ကာကွယ်ဆေးထိုးဖို့ ငြင်းဆန်တဲ့ ကျန်းမာရေးဝန်ထမ်းအတော်များများကို အလုပ်ကရပ်နားခိုင်းလိုက်တဲ့အတွက် ဝန်ထမ်းပြတ်လပ်မှုတွေ ဖြစ်ပွားခဲ့ပါတယ်။ ပြင်သစ်မှာတော့ ကျန်းမာရေးစောင့်ရှောက်မှုလုပ်သားတွေ၊ မီးသတ်သမားတွေ၊ လူနာတင်ယာဉ်မောင်းနှင်သူတွေ၊ ဘိုးဘွားရိပ်သာမှာ အလုပ်လုပ်သူတွေဆိုရင် ကိုဗစ် - ၁၉ ကာကွယ်ဆေးထိုးဖို့ လိုအပ်ပါတယ်**

# ဖေဖော်ဝါရီ ၂ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၄၃ ဦး တွေ့ရှိ

## ယနေ့တွင် ကိုဗစ်–၁၉ ရောဂါဖြင့် ထပ်မံသေဆုံးသူမရှိ

(၂–၂–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြင့်ဆောင်ရွက်လျက်ရှိရာ ရောဂါ ထိန်းချုပ်ရေးလုပ်ငန်းများ အောင်မြင်နိုင်ရေးအတွက် ပြည်သူလူထုအနေဖြင့် ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ကိုဗစ်–၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေးဆိုင်ရာစည်းကမ်းများကို စနစ်တကျ လိုက်နာဆောင်ရွက်ရန်လိုအပ်ပြီး ကိုဗစ်–၁၉ ကာကွယ်ဆေးထိုးနှံမှုခံယူခြင်းအား အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ပါသည်။

ကိုဗစ်–၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာ ကန့်သတ်ထားရှိသူများအား ကိုဗစ်–၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၁–၂–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂–၂–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၂၆,၈၂၆) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁၄၃) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၅၃) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၆,၄၂၀,၄၄၇) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်–၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၅၃၆,၅၃၆) ဦး ရှိပြီဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၁၄၁) ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၅၁၃,၅၅၇) ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်–၁၉ ရောဂါဖြင့် ထပ်မံသေဆုံးသူ မရှိပါသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၃၁၀) ဦး ရှိပါသည်။

ကိုဗစ်–၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်များတွင် ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေးကို ဦးတည်အုပ်စုများသတ်မှတ်၍ ထိုးနှံပေးလျက်ရှိရာ (၁–၂–၂၀၂၂) ရက်နေ့အထိ လူဦးရေ စုစုပေါင်း (၂၂,၂၁၉,၅၃၆) ဦးအား ထိုးနှံပေးပြီးဖြစ်၍ ကာကွယ်ဆေးနှစ်ကြိမ် အပြည့် ထိုးနှံပြီးစီးသူ (၁၈,၉၇၆,၈၉၇) ဦး နှင့် ပထမအကြိမ်ထိုးနှံပြီးစီးသူ (၃,၂၄၂,၆၃၉) ဦး ရှိပြီဖြစ်ပါသည်။ သို့ဖြစ်ပါ၍ (၁–၂–၂၀၂၂) ရက်နေ့အထိ မြန်မာနိုင်ငံတွင် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေး အကြိမ်ရေ စုစုပေါင်း (၄၁,၁၉၆,၄၃၃) ကြိမ် ထိုးနှံပြီး ဖြစ်ပါသည်။

### ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ
(၂–၂–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၁,၃၄၈) ခု | (၂၅) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၃၉) ခု | (၁) ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၂၅၃) ခု | (၃) ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၄၉) ခု | (၁) ဦး |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၈၉၇) ခု | (၁၈) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၂,၄၂၇) ခု | (၂၇) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ် ပြည်သူ့ကျန်းမာရေး ဦးစီးဌာနများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၂၁,၈၁၃) ခု | (၆၈) ဦး |
| **စုစုပေါင်း** | **(၂၆,၈၂၆) ခု** | **(၁၄၃) ဦး** |

### ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံနိုင်မှုအခြေအနေ
(၁–၂–၂၀၂၂) ရက်နေ့

| ကာကွယ်ဆေးထိုးနှံမှု | အရေအတွက် |
|---|---|
| ပထမအကြိမ်ထိုးနှံပြီး လူဦးရေ | (၃,၂၄၂,၆၃၉) ဦး |
| ကာကွယ်ဆေး (၂)ကြိမ်အပြည့် ထိုးနှံပြီး လူဦးရေ | (၁၈,၉၇၆,၈၉၇) ဦး |
| ပထမအကြိမ်ထိုးနှံပြီး လူဦးရေနှင့် (၂)ကြိမ်အပြည့် ထိုးနှံပြီးလူဦးရေစုစုပေါင်း | (၂၂,၂၁၉,၅၃၆) ဦး |
| စုစုပေါင်း ထိုးနှံပြီးသော ကာကွယ်ဆေး အကြိမ်ပေါင်း(Vaccine Doses) | (၄၁,၁၉၆,၄၃၃) ကြိမ် |

- **ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်–၁၉ ဗီဇပြောင်းမျိုးကွဲ Omicron (အိုမီခရွန်) နှင့် ပတ်သက်၍ ရောဂါဖြစ်ပွားမှုများကို မျက်ခြည်မပြတ် စောင့်ကြပ်ကြည့်ရှုလျက်ရှိကာ ရောဂါကာကွယ် ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ခြင်း၊ အသွားအလာကန့်သတ်၍ သီးသန့်ခွဲခြားထားရှိရာနေရာ (Quarantine Center) များ၊ ကုသရေးစင်တာ (Treatment Center) များနှင့် အောက်ဆီဂျင်အပါအဝင် ဆေးနှင့်ဆေးပစ္စည်းများ ကြိုတင်ပြင်ဆင်ခြင်း၊ နီးနွယ်ဝန်ကြီးဌာနများ၊ ဒေသအာဏာပိုင်အဖွဲ့အစည်းများ၊ အလှူရှင်များ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းစသည့် လုပ်ငန်းများကို ဘက်ပေါင်းစုံမှ အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်လျက်ရှိပါသည်။**
- **သို့ဖြစ်ပါ၍ ကိုဗစ်–၁၉ ဗီဇပြောင်းမျိုးကွဲ Omicron (အိုမီခရွန်) ကာကွယ်ရေးအတွက် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ရေး အခြေခံစည်းမျဉ်းစည်းကမ်းများကို တိကျစွာလိုက်နာခြင်း၊ သံသယရောဂါ လက္ခဏာရှိသူများအနေဖြင့် နီးစပ်ရာကျန်းမာရေးဌာနသို့ ချက်ချင်းသတင်းပေးပို့ခြင်း၊ အလှည့်ကျ ရရှိလာသည့် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှု မပျက်မကွက် အကြိမ်ပြည့်ခံယူခြင်းနှင့် ကာကွယ်ဆေးထိုးရန် ကျန်ရှိသူများကို ကာကွယ်ဆေးထိုးနှံပေးနိုင်ရန်အတွက် ကျန်းမာရေးဌာနသို့ ဆက်သွယ်ပို့ဆောင်ပေးခြင်း စသည်တို့ကို မမေ့မလျော့ သတိပြု၍ ဆောင်ရွက်ကြပါရန်နှင့် ကျန်းမာရေးဝန်ကြီးဌာနက အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်နေသည့်လုပ်ငန်းများကို ကျရာ ကဏ္ဍမှ တက်ကြွစွာ ပူးပေါင်းပါဝင် ဆောင်ရွက်ပေးကြပါရန် အသိပေးတိုက်တွန်း နှိုးဆော်အပ်ပါသည်။**
- **ကိုဗစ်–၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင် အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။**

ကျန်းမာရေးဝန်ကြီးဌာန

# SARS–CoV–2 Variant Omicron (အိုမီခရွန်) ရောဂါပိုး (၁၀) ဦး ထပ်မံတွေ့ရှိ

(၂–၂–၂၀၂၂) ရက်နေ့

၁။ ကျန်းမာရေးဝန်ကြီးဌာနသည် “ကိုဗစ်–၁၉ ရောဂါ မျိုးရိုးဗီဇပြောင်း ရောဂါပိုး စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်း” များကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ မြန်မာနိုင်ငံတွင် SARS–CoV–2 Variant Omicron (အိုမီခရွန်) ရောဂါပိုးတွေ့ရှိမှုများနှင့်ပတ်သက်၍ ကျန်းမာရေးဝန်ကြီးဌာနမှ အချိန်နှင့်တစ်ပြေးညီ သတင်းထုတ်ပြန်ပေးလျက်ရှိပါသည်။

၂။ ကျန်းမာရေးဝန်ကြီးဌာနသည် ပြည်ပနိုင်ငံများမှ ကယ်ဆယ်ရေးလေယာဉ် (Relief flight) များဖြင့် ပြန်လည်ရောက်ရှိလာပြီး ကိုဗစ်–၁၉ ရောဂါပိုးတွေ့ရှိသူများ၏ ဓာတ်ခွဲနမူနာများ၊ မြန်မာနိုင်ငံအတွင်း ကိုဗစ်–၁၉ ရောဂါ အစုလိုက်ကူးစက်ဖြစ်ပွားမှုများမှ ဓာတ်ခွဲနမူနာများနှင့် ကိုဗစ်–၁၉ ရောဂါ သံသယလူနာများမှ ရောဂါအတည်ပြုလူနာများ၏ ဓာတ်ခွဲနမူနာများအား ကိုဗစ်–၁၉ရောဂါ မျိုးရိုးဗီဇစစ်ဆေးခြင်းကိုလည်း ဆောင်ရွက်လျက်ရှိရာ အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာနတွင် (၂–၂–၂၀၂၂) ရက်နေ့က ဓာတ်ခွဲနမူနာ (၁၀) ခုအား ဓာတ်ခွဲစစ်ဆေးခဲ့ရာ ဓာတ်ခွဲနမူနာအားလုံးတွင် SARS–CoV–2 Variant Omicron (အိုမီခရွန်) ရောဂါပိုး တွေ့ရှိရပါသည်။

၃။ ဖော်ပြပါ အိုမီခရွန်ရောဂါပိုးတွေ့ရှိသူ (၁၀) ဦးမှာ ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်ရှိ စက်ရုံလုပ်ငန်းတစ်ခုမှ ကိုဗစ်–၁၉ ရောဂါ အတည်ပြုလူနာ (၁၀) ဦး ဖြစ်ပါသည်။ အဆိုပါ လူနာများအနက် ရောဂါလက္ခဏာရှိသူ (၃) ဦးအား သတ်မှတ်ဆေးရုံတွင် လည်းကောင်း၊ ကျန်လူနာ (၇) ဦးအား သီးခြားခွဲခြားထားရှိ၍လည်းကောင်း ကုသစောင့်ရှောက်မှုဆောင်ရွက်ထားရှိပြီး ကျန်းမာရေးအခြေအနေမှာ ကောင်းမွန်လျက်ရှိပါသည်။ ၎င်းတို့နှင့်အနီးကပ်ထိတွေ့သူများအား အသွားအလာကန့်သတ်ခြင်း (Strict Quarantine) နှင့် ဓာတ်ခွဲစမ်းသပ်စစ်ဆေးမှုများအား အထူးအားဖြည့် ဆောင်ရွက်လျက်ရှိပါသည်။

၄။ ယနေ့အထိ SARS–CoV–2 Variant Omicron (အိုမီခရွန်) ရောဂါပိုးတွေ့ရှိသူဦးရေ စုစုပေါင်း (၃၂၀) ဦး ရှိပြီဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်–၁၉ ရောဂါ မျိုးရိုးဗီဇပြောင်းရောဂါပိုး စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းစဉ်များနှင့် ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ထိန်းချုပ်၊ ကုသခြင်းလုပ်ငန်းများအား ပိုမိုအရှိန်မြှင့် ဆောင်ရွက်လျက်ရှိပါကြောင်း သတင်းထုတ်ပြန်ကြေညာအပ်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

# ရဲရွာရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံမှ ထွက်ပေါ်လာသော အလင်းရောင်များ

မြူခိုး

**နိုင်ငံတော်အနေဖြင့် လိုအပ်သော လျှပ်စစ်ဓာတ်အားများကို ဖြည့်ဆည်းပေးနိုင်ရေးအတွက် ရေအားလျှပ်စစ်စီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် ရဲရမန်းရွာအနီး မန္တလေးမြို့၏ အရှေ့တောင်ဘက် ၃၁ မိုင်အကွာ မြစ်ငယ်မြစ် (ဒုဋ္ဌဝတီမြစ်)ပေါ်တွင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် ရဲရွာရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံသည်လည်း တစ်ခု အပါအဝင်ဖြစ်သည်။**




မြစ်ငယ်မြစ် (ဒုဋ္ဌဝတီမြစ်)ပေါ်တွင် တည်ဆောက်ထားသော ရဲရွာရေလှောင်တမံနှင့် ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ။

ရဲရွာ ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံသည် တပ်ဆင်အင်အား ၁၉၇ ဒသမ ၅ မဂ္ဂါဝပ်ရှိ စက် လေးလုံး၊ စုစုပေါင်းတပ်ဆင်အင်အား မဂ္ဂါဝပ် ၇၉၀ ရှိပြီး လက်ရှိအချိန်အထိ မြန်မာနိုင်ငံ၏ အကြီးဆုံး ရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံကြီးဖြစ်သည်။

### ဓာတ်အားထုတ်ယူနိုင်ရန် လေ့လာမှုများ

မြစ်ငယ်မြစ်သည် မန္တလေးမြို့၏ တောင်ဘက် ၁၀ မိုင်ခန့်အကွာတွင် ဧရာဝတီမြစ်အတွင်းသို့ စီးဝင်သည်။ မြစ်ငယ်မြစ်မှ ရေအားလျှပ်စစ်ထုတ်ယူနိုင်ရေးကို ၁၉၂၄ ခုနှစ်တွင် Raikes (ဗြိတိသျှကုမ္ပဏီ)က Hydroelectric Survey of Burma ဖြင့် စတင်လေ့လာခဲ့သည်။ ၁၉၅၀ ပြည့်နှစ်နှင့် ၁၉၆၀ ပြည့်နှစ်များတွင် ယင်းကုမ္ပဏီကပင် ထပ်မံလေ့လာမှုများ ပြုလုပ်ခဲ့သည်။ ၁၉၅၄ ခုနှစ်တွင် Sir Alexzandra Gibbs & Partners (ဗြိတိသျှကုမ္ပဏီ) က မြစ်ငယ်မြစ်အလယ်ပိုင်းရှိ ပြောင်သျှိုရေကျ နေရာတွင် လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၆၀ ခန့် ထုတ်ယူနိုင်ကြောင်း လေ့လာတွေ့ရှိခဲ့သည်။ ၁၉၇၃ ခုနှစ်တွင် မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေးဌာနက စူးစမ်းလေ့လာမှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ခဲ့ပြီး ရဲရွာအထက် နှစ်မိုင်ခန့်တွင် အမြင့်ပေ ၃၇၀ မှ ပေ ၄၄၀ အကြားရှိသော ကျောက်ဖြည့်ရေလှောင်တမံတစ်ခု တည်ဆောက်လျက် လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၄၀၀ ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း လေ့လာတွေ့ရှိခဲ့သည်။ ၁၉၇၈ ခုနှစ်တွင် Burma Umbrella Project အရ Newjec (ဂျပန်ကုမ္ပဏီ)က ထပ်မံစူးစမ်းလေ့လာခဲ့ပြီး ရေလှောင်တမံနေရာအနီးတွင် ရဲ-ရမန်း ပြတ်ရွေ့တည်ရှိနေခြင်းကြောင့် အသေးစိတ်တိုင်းတာမှုများ ဆက်လက်ဆောင်ရွက်ခဲ့ခြင်း မရှိပါ။

မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းက Newjec (ဂျပန်ကုမ္ပဏီ)၏ အစီရင်ခံစာအပေါ် လေ့လာသုံးသပ်ခဲ့ပြီး ၁၉၉၄ ခုနှစ်တွင် မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းနှင့် Nippon Koei (ဂျပန်ကုမ္ပဏီ) တို့ ပူးပေါင်း၍ စူးစမ်းလေ့လာမှုလုပ်ငန်းများကို ထပ်မံပြုလုပ်ခဲ့ရာ ရဲရွာ၏ အထက် ခြောက်မိုင်ခန့်ရှိ စလင်းချောင်းအနီးတွင် ရေလှောင်တမံတစ်ခု တည်ဆောက်လျက် လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၆၀၀ ခန့် ထုတ်လုပ်နိုင်ကြောင်းတွေ့ရှိခဲ့သည်။ ၁၉၉၆ ခုနှစ် ဇန်နဝါရီလတွင် မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းနှင့် SAMCO (ဗီယက်နမ်ကုမ္ပဏီ) တို့ ပူးပေါင်း၍ ရဲရွာရေလှောင်တမံ တည်ဆောက်မည့်နေရာအား ကောင်းကင်မြေတိုင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ပြီး ၁၉၉၆ ခုနှစ် ဖေဖော်ဝါရီလတွင် ပဏာမစူးစမ်းလေ့လာမှု အစီရင်ခံစာကို တင်သွင်းခဲ့သည်။ ၁၉၉၈ ခုနှစ်တွင် မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းနှင့် Nippon Koei (ဂျပန်ကုမ္ပဏီ) တို့ အသေးစိတ်စူးစမ်းလေ့လာမှုများအတွက် သဘောတူ စာချုပ်ချုပ်ဆိုခဲ့ပြီး ၎င်းကုမ္ပဏီက တင်သွင်းခဲ့သော ပဏာမစူးစမ်းလေ့လာမှု အစီရင်ခံစာ (Preliminary Study Report) အပေါ် အခြေခံပြီး စူးစမ်းလေ့လာခဲ့ရာ လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၇၀၀ အထိ ထုတ်လုပ်နိုင်ကြောင်း တွေ့ရှိရပြီး ၁၉၉၉ ခုနှစ် ဇွန်လတွင် The Environmental Impact Assessment Survey Report ကို တင်ပြနိုင်ခဲ့သည်။ ထို့နောက် ၂၀၀၀ ပြည့်နှစ်တွင် အပြီးသတ်ဒီဇိုင်းအစီရင်ခံစာကို တင်သွင်းခဲ့သည်။ ၂၀၀၁ ခုနှစ်တွင် ဒီဇိုင်းပုံစံထုတ်လုပ်ခြင်း၊ တင်ဒါစံချိန်စံညွှန်းများ ပြုစုခြင်းနှင့် တည်ဆောက်ရေးလုပ်ငန်းများ ကြီးကြပ်ခြင်းတို့အတွက် Colenco Power Engineering Ltd. (ဆွစ်ဇာလန်ကုမ္ပဏီ) နှင့် စာချုပ်ချုပ်ဆိုပြီး လုပ်ငန်းများကို စတင်ဆောင်ရွက်ခဲ့သည်။

### ဓာတ်အားစတင်ထုတ်လုပ်

တည်ဆောက်ရေးလုပ်ငန်းများကို ၂၀၀၁ ခုနှစ်တွင် စတင်ဆောင်ရွက်ခဲ့ပြီး ၁၅-၁၂-၂၀၁၀ ရက်တွင် ဓာတ်အားပေးစက်ရုံကို အောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့ကာ ထိုအချိန်မှစတင်၍ ဓာတ်အားပေးစက်လေးလုံး၏ တပ်ဆင်အင်အား မဂ္ဂါဝပ် ၇၉၀ ဖြင့် ဓာတ်အားကွန်ရက်စနစ်မှတစ်ဆင့် တစ်နိုင်ငံလုံးသို့ လျှပ်စစ်ဓာတ်အားထုတ်လုပ်ပေးနိုင်ခဲ့ပြီး နိုင်ငံတော်၏ လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို တစ်ထောင့်တစ်နေရာမှ ဖြည့်ဆည်းပေးလျက်ရှိသည်။

ရဲရွာ ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ၏ စီမံကိန်းကုန်ကျစရိတ်မှာ ကျပ်သန်းပေါင်း ၂၉၅၅၂ ဒသမ ၀၈၂ ဖြစ်ပြီး ၎င်းစက်ရုံ၏ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်အထိ စုစုပေါင်းပို့လွှတ်ဓာတ်အား ယူနစ် သန်းပေါင်း ၂၇၆၁၇ ဒသမ ၄၂၅ အပေါ် ရောင်းချရရှိမှု အမြတ်ငွေမှာ ကျပ်သန်းပေါင်း ၁၀၂၁၅၄၉ ဒသမ ၃၀၅ ရှိသဖြင့် ၁၂ နှစ်တာကာလအတွင်း အကျိုးအမြတ်များစွာ ဖြစ်ထွန်းစေခဲ့သည်။

ရဲရွာ ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံသည် ရေလှောင်တမံတည်ဆောက်၍ ရေသိုလှောင်ပြီး လိုအပ်သလို ဓာတ်အားထုတ်လုပ်နိုင်သည့် ရေလှောင်တမံအမျိုးအစားစက်ရုံဖြစ်ပြီး ရေလှောင်တမံအတွင်း ရေသိုလှောင်နိုင်မှုမှာ ဧကပေ ၂၁ သိန်းခန့်ရှိသည်။ နှစ်စဉ်စီးဝင်ရေမှာ သိုလှောင်နိုင်သည့် ပမာဏထက် များစွာပိုမိုနေသဖြင့် ပိုလျှံရေကို တိုးမြှင့်သိုလှောင်နိုင်ရေးအတွက် ရဲရွာဓာတ်အားပေးစက်ရုံ အထက်ဘက်တွင် နိုင်ငံတော်မှ အကောင်အထည်ဖော်ဆောင်ရွက်နေသည့် အထက်ရဲရွာနှင့် ဆက်လက်တည်ဆောက်မည့် အလယ်ရဲရွာ ရေအားလျှပ်စစ်စီမံကိန်းကဲ့သို့သော ရေလှောင်တမံအမျိုးအစား ဓာတ်အားပေးစက်ရုံများ ထပ်မံဖြစ်ထွန်းလာပါက ရဲရွာဓာတ်အားပေးစက်ရုံသည်လည်း ရေသုံးစွဲနိုင်မှု ပိုမိုတိုးတက်လာပြီး လက်ရှိထုတ်လုပ်နေသည့် ဓာတ်အားပမာဏထက် ပိုမိုထုတ်လုပ်နိုင်ခြင်း၊ ရဲရွာစက်ရုံ၏ အောက်ဘက်တွင် ဒီးဒုတ်ရေအားလျှပ်စစ်စီမံကိန်းကဲ့သို့ အနိမ့်တမံစနစ်သုံး ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ တည်ဆောက်ခြင်းဖြင့် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရန် ရေကိုထိရောက်စွာ အသုံးချနိုင်ခြင်း၊ နွေရာသီကာလ ဓာတ်အားလိုအပ်ချက်ကို ပိုမိုပံ့ပိုးပေးနိုင်ခြင်းစသည့် အကျိုးကျေးဇူးများ ထပ်မံရရှိနိုင်မည်ဖြစ်၍ ဓာတ်အားပေး စက်ရုံသစ်များ ဖြစ်ထွန်းရေးကိုလည်း တွန်းအားမြှင့် ဆောင်ရွက်ရန် လိုအပ်ပါသည်။

**"ရဲရွာ ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ၏ စီမံကိန်းကုန်ကျစရိတ်မှာ ကျပ်သန်းပေါင်း ၂၉၅၅၂ ဒသမ ၀၈၂ ဖြစ်ပြီး ၎င်းစက်ရုံ၏ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်အထိ စုစုပေါင်းပို့လွှတ်ဓာတ်အား ယူနစ် သန်းပေါင်း ၂၇၆၁၇ ဒသမ ၄၂၅ အပေါ် ရောင်းချရရှိမှု အမြတ်ငွေမှာ ကျပ်သန်းပေါင်း ၁၀၂၁၅၄၉ ဒသမ ၃၀၅ ရှိသဖြင့် ၁၂ နှစ်တာကာလ အတွင်း အကျိုးအမြတ်များစွာ ဖြစ်ထွန်းစေခဲ့သည်"**

### နည်းပညာပိုင်းဆိုင်ရာ အကျိုးကျေးဇူးများ

ရဲရွာ ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ တည်ဆောက်ပြီးစီးချိန်တွင် ဓာတ်အားစနစ်အတွင်း လိုအပ်သည့် ဝန်အားကို လိုအပ်သလို ထိန်းညှိထုတ်လုပ်ပေးနိုင်သဖြင့် ဓာတ်အားစနစ်တစ်ခုလုံး ရပ်တန့်၍ မီးပျက်ခြင်း (System Breakdown) ဖြစ်စဉ်များကို လျော့နည်းသွားစေခြင်း၊ ဓာတ်အားစနစ်အတွင်း သတ်မှတ်ထားသော ဗို့အားကို တည်ငြိမ်စွာရရှိစေရန် ဗို့အားမြှင့်တင်ခြင်း/လျှော့ချခြင်းတို့ကို ထိန်းညှိဆောင်ရွက်ပေးနိုင်သဖြင့် ဓာတ်အားစနစ် တည်ငြိမ်မှုကို ရရှိခြင်းစသည့် နည်းပညာပိုင်းဆိုင်ရာ အကျိုးကျေးဇူးများကိုလည်း ဖြစ်ပေါ်စေခဲ့ပါသည်။

မြစ်ငယ်မြစ်သည် မိုးရာသီတွင် ရေစီးသန်သောကြောင့် မြစ်ကြောင်းခရီးသွားလာရန် ခက်ခဲသော မြစ်တစ်ခုဖြစ်သော်လည်း ရဲရွာရေလှောင်တမံ တည်ဆောက်ပြီးစီးချိန်မှ စတင်ကာ ရေလှောင်တမံအတွင်း ရေသိုလှောင်ပြီး စက်များမောင်းနှင်ကာ ရေကို မြစ်ငယ်မြစ်အတွင်း ပုံမှန်ပြန်လည်ထိန်းညှိထုတ်လွှတ်ပေးသဖြင့် ရဲရွာဓာတ်အားပေးစက်ရုံအောက်ပိုင်းတွင် ၁၂ ရာသီပတ်လုံးလှေငယ်များဖြင့် ရေကြောင်းခရီး သွားလာနိုင်ရေးအတွက် အထောက်အကူဖြစ်စေခဲ့သည်။ ထို့ပြင် စက်ရုံက ရေကို တစ်နှစ်ပတ်လုံး စဉ်ဆက်မပြတ် ထုတ်လွှတ်ပေးမှုကြောင့် ရဲရွာဓာတ်အားပေးစက်ရုံအောက်ပိုင်းဒေသများတွင် လယ်ယာစိုက်ပျိုးရေး လုပ်ငန်းများအတွက် စိုက်ပျိုးရေ ၁၂ ရာသီပတ်လုံး ရရှိသည့် အကျိုးကျေးဇူးများကို မြစ်ငယ်မြစ် အောက်ပိုင်းရှိ တောင်သူလယ်သမားများ ရရှိခံစားခဲ့ရသည်။

### အခြေအနေကောင်းများဖြစ်ပေါ်စေ

ရဲရွာဓာတ်အားပေးစက်ရုံ တည်ဆောက်ခြင်း မပြီးမီ ၂၀၁၀ ပြည့်နှစ် အစောပိုင်းကာလများတွင် ဓာတ်အားသုံးစွဲသူများသို့ ဓာတ်အားဖြန့်ဖြူးပေးရာ၌ အလှည့်ကျစနစ်ဖြင့်သာ ဓာတ်အားဖြန့်ဖြူးပေးခဲ့သော်လည်း ရဲရွာဓာတ်အားပေးစက်များ ဓာတ်အားစတင်ထုတ်လုပ်နိုင်ချိန် ၂၀၁၀ ပြည့်နှစ် နောက်ပိုင်းကာလများတွင် လျှပ်စစ်သုံးစွဲသူ ပြည်သူများ ၂၄ နာရီကာလပတ်လုံး ဓာတ်အားသုံးစွဲလာနိုင်ခြင်း၊

*စာမျက်နှာ ၁၇ သို့*

# ရေရှည်တည်တံ့ခိုင်မြဲသော အမျိုးသားပင်စင်စနစ်ဖြစ်ပေါ်လာစေရန် ဝန်ထမ်းနောင်ရေးဗဟိုရန်ပုံငွေစနစ်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်

နေပြည်တော် ဖေဖော်ဝါရီ ၂

**ဝန်ထမ်းနောင်ရေးဗဟိုရန်ပုံငွေအကောင်အထည်ဖော်ရေးကော်မတီ၏ (၁/၂၀၂၂) ကြိမ်မြောက် အစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ရုံးအမှတ်(၃၄) အစည်းအဝေးခန်းမ၌ ကျင်းပသည်။** (အောက်ပုံ)



အစည်းအဝေးတွင် ဝန်ထမ်းနောင်ရေးဗဟိုရန်ပုံငွေ အကောင်အထည်ဖော်ရေးကော်မတီ ဥက္ကဋ္ဌ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ဝန်ထမ်းနောင်ရေး ဗဟိုရန်ပုံငွေသည် ရေရှည်ဆောင်ရွက်ရမည့်ကိစ္စဖြစ်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ယခင်နိုင်ငံတော်သမ္မတရုံးမှ ဖွဲ့စည်းပေးခဲ့သော ဝန်ထမ်းနောင်ရေး ဗဟိုရန်ပုံငွေ အကောင်အထည်ဖော်ရေးကော်မတီကို ပြန်လည်ပြင်ဆင်ဖွဲ့စည်းပေးခဲ့ပါကြောင်း၊ ကော်မတီအနေဖြင့် ရေရှည်တည်တံ့ခိုင်မြဲသော အမျိုးသားပင်စင်စနစ်ဖြစ်ပေါ်လာစေရန် ရည်ရွယ်၍ ဝန်ထမ်းနောင်ရေး ဗဟိုရန်ပုံငွေစနစ် အကောင်အထည်ဖော်ရေးကိုဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် ဆက်လက်ဆောင်ရွက်ရန်ကိစ္စများ၊ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားသင့်သည့် ကိစ္စများ၊ ဥပဒေကြမ်းရေးဆွဲရေး၊ ရန်ပုံငွေစနစ် ကျင့်သုံးမည့်ပုံစံတို့နှင့် စပ်လျဉ်း၍ ဆောင်ရွက်သင့်သည့် ကိစ္စရပ်များကို ဆက်လက်ဆွေးနွေးညှိနှိုင်းကြရန်ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ဝန်ထမ်းနောင်ရေး ဗဟိုရန်ပုံငွေ အကောင်အထည်ဖော်ရေး ကော်မတီအတွင်းရေးမှူး ပင်စင်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲညွန့်က ဝန်ထမ်းနောင်ရေး ဗဟိုရန်ပုံငွေအကောင်အထည်ဖော်ရေးနှင့် စပ်လျဉ်း၍ ဥပဒေကြမ်း ရေးဆွဲပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အခြေအနေများကို ရှင်းလင်းတင်ပြရာ အစည်းအဝေးသို့တက်ရောက်လာကြသည့် ကော်မတီဝင်များက လိုအပ်သည်များကို အကြံပြုဆွေးနွေးခဲ့ကြသည်။ အကြံပြုဆွေးနွေးချက်များနှင့် စပ်လျဉ်း၍ ကော်မတီဥက္ကဋ္ဌက သုံးသပ်ဆွေးနွေး၍ နိဂုံးချုပ်အမှာစကား ပြောကြားသည်။

ဝန်ထမ်းနောင်ရေးဗဟိုရန်ပုံငွေ အကောင်အထည်ဖော်ရေးကော်မတီကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၂၀၂၁ ခုနှစ် မတ် ၂၄ ရက် ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၇၁/၂၀၂၁ဖြင့် ပြင်ဆင်ဖွဲ့စည်းပေးခဲ့ပြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်၍ သက်ဆိုင်ရာဌာနများမှ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ညွှန်ကြားရေးမှူးချုပ်များလည်းပါဝင်ကြောင်း၊ နိုင်ငံ့ဝန်ထမ်းများ၏ ပင်စင်ခံစားခွင့်များနှင့် စပ်လျဉ်း၍ ရေရှည်တည်တံ့ခိုင်မြဲပြီး အားကိုးအားထားပြုနိုင်သည့် ပင်စင်ရန်ပုံငွေစနစ် တစ်ရပ်ကို ထူထောင်ရန် ဆက်လက်ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်ပနိုင်ငံများမှ ပြန်လည်ဝင်ရောက်လာသည့် မြန်မာနိုင်ငံသားများကို နယ်စပ်ဂိတ်အသီးသီးတွင် ဆက်လက်လက်ခံလျက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၂**

ပြည်ပနိုင်ငံများမှ ပြန်လည်ဝင်ရောက်လာသည့် မြန်မာနိုင်ငံသားများကို နယ်စပ်ဂိတ်အသီးသီးတွင် လက်ခံဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ကရင်ပြည်နယ် မြဝတီမြို့သို့ ပြန်လည်ဝင်ရောက်လာသူ အမျိုးသား ၁၃၄ ဦး၊ အမျိုးသမီး ၆၆ ဦး စုစုပေါင်း ၂၀၀ တို့ကို လက်ခံခဲ့ကြသည်။

ထိုသို့လက်ခံရာတွင် သက်ဆိုင်ရာ ပြည်သူ့ဆေးရုံများမှ ကျန်းမာရေးဆိုင်ရာ တာဝန်ရှိသူများ၊ တပ်မတော်ဆေးတပ်ဖွဲ့ဝင်များက ကိုဗစ်-၁၉ ရောဂါစစ်ဆေးပေးခြင်း၊ Quarantine ဝင်ရောက်ရမည့် အထောက်အထားစာရွက်စာတမ်းများ ပြုလုပ်ပေးခြင်း၊ ကျန်းမာရေးဝန်ကြီးဌာန၏ ညွှန်ကြားချက်များကို ရှင်းလင်းပြောကြားခြင်းတို့ကို စနစ်တကျဆောင်ရွက်ပေးပြီး တိုင်းစစ်ဌာနချုပ်အသီးသီးမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများက လိုအပ်သည်များ ကူညီဆောင်ရွက်ပေးကြသည်။

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များက စီစဉ်ဆောင်ရွက်ပေးသည့် ခရီးသည်တင်မော်တော်ယာဉ်များဖြင့် ၎င်းတို့နေရပ်အသီးသီးသို့ လိုက်လံပို့ဆောင်ပေးခဲ့ကြောင်းနှင့် ရောဂါပိုးတွေ့ရှိသူများအား သက်ဆိုင်ရာနေရာများတွင် သီးသန့်ထားရှိ၍ လိုအပ်သည့် ကျန်းမာရေးဆိုင်ရာများနှင့် အုပ်ချုပ်မှုဆိုင်ရာ ကိစ္စရပ်များကို အဆင်ပြေချောမွေ့အောင် ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

*စာမျက်နှာ ၁၆ မှ*

ရေလှောင်တမံအောက်ပိုင်းဒေသများ ရေပြတ်လပ်မှုမရှိစေရေး ဓာတ်အားပေးစက်များကို လိုအပ်သလို ထိန်းညှိမောင်းနှင်ပေးခဲ့သဖြင့် စက်ရုံအောက်ဘက်ဒေသများတွင် အပန်းဖြေနေရာများ၊ ရှုခင်းသာစခန်းများစွာပေါ်ပေါက်လာပြီး ခရီးသွားအပန်းဖြေညှိ့သည်များ ပေါ်များလာကာ သဘာဝအခြေခံခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးလာခြင်း၊ ခရီးသွားလုပ်ငန်းကြောင့် ဒေသတွင်းနေထိုင်သူများ၏ အသက်မွေးဝမ်းကျောင်းမှုကို အထောက်အကူပြုခြင်း စသည့်အခြေအနေကောင်းများ ဖြစ်ပေါ်စေခဲ့သည်။

လက်ရှိမြန်မာ့ဓာတ်အားစနစ်အတွက် လျှပ်စစ်ဓာတ်အားထုတ်လုပ်ပေးနေသည့် ဓာတ်အားပေးစက်ရုံတို့မှာ ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ၊ သဘာဝဓာတ်ငွေ့သုံးဓာတ်အားပေးစက်ရုံ၊ နေရောင်ခြည်စွမ်းအင်သုံး ဓာတ်အားပေးစက်ရုံ၊ ကျောက်မီးသွေးသုံးဓာတ်အားပေးစက်ရုံနှင့် ပြည်ပမှတင်သွင်းသော LNG ဓာတ်ငွေ့သုံးဓာတ်အားပေးစက်ရုံတို့ဖြစ်သည်။ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် အရင်းအမြစ်ဖြစ်သော ရေအားလျှပ်စစ်သည် ဈေးနှုန်းချိုသာစွာ ဓာတ်အားထုတ်ယူနိုင်သော်လည်း ၂၀၂၂ ခုနှစ် ဇန်နဝါရီလအတွင်း ဓာတ်အားထုတ်လုပ်မှုအရ စုစုပေါင်းထုတ်လုပ်မှု၏ ၃၈ ဒသမ ၅ ရာခိုင်နှုန်းသာရှိသည်။

ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံများသည် ကာလရှည် တည်ဆောက်ရသည့် ဓာတ်အားပေးစက်ရုံများဖြစ်သဖြင့် နိုင်ငံအတွင်း ဓာတ်အားသုံးစွဲမှုဖူလုံစေရန် ဓာတ်အားပေးစက်များ မောင်းနှင်ထုတ်လုပ်ရာတွင် ဓာတ်အားလိုအပ်ချက်ဖြစ်ပေါ်လာပါက လိုအပ်ချက်ကို အမြန်ဖြည့်ဆည်းပေးနိုင်ရေးအတွက် ကာလတိုအတွင်း တည်ဆောက်ပြီးစီးနိုင်သည့် သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံများကို တိုးမြှင့်တည်ဆောက်မောင်းနှင်ရန် စီစဉ်ဆောင်ရွက်ခဲ့ကြရသည်ကို တွေ့ရှိရပြီး ထိုသို့ဆောင်ရွက်ပါက ဈေးနှုန်းချိုသာသည့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်သုံး ဓာတ်အားပေးစက်ရုံများ၏ ထုတ်လုပ်မှုအချိုး လျော့ကျသွားပြီး လောင်စာဆီ/ဓာတ်ငွေ့ကို အသုံးပြုကာ ဓာတ်အားတိုးမြှင့်ထုတ်လုပ်ရသဖြင့် ဓာတ်အားတစ်ယူနစ်အတွက် ထုတ်လုပ်မှုကုန်ကျစရိတ် မြင့်မားလာကာ လျှပ်စစ်ထုတ်လုပ်မှုအတွက် နိုင်ငံတော်က စိုက်ထုတ်ကျခံပေးရသည့် အခြေအနေများ ဖြစ်ပေါ်လာပါသည်။ နောက်ဆက်တွဲ ရလဒ်အနေဖြင့် နိုင်ငံတော်တိုးတက်ရေးအတွက် အခြေခံအဆောက်အဦများ တည်ဆောက်ရာတွင် အသုံးပြုရမည့် ဘဏ္ဍာငွေများကို ဓာတ်အားထုတ်လုပ်ရာတွင် ပိုမိုထည့်ဝင်သုံးစွဲလာရခြင်းကြောင့် နိုင်ငံတိုးတက်မှုကို မလွဲမသွေ အဟန့်အတားဖြစ်စေကြောင်း သိရှိကြမည် ဖြစ်ပါသည်။

သို့သော် လျှပ်စစ်သုံးစွဲသူပြည်သူများကို ဖြန့်ဖြူးရောင်းချနေသော လျှပ်စစ်ဓာတ်အားခကို အခြေခံ၍ ဓာတ်အားထုတ်လုပ်မှုကုန်ကျစရိတ်ကို လျှော့ချရန် အလေးထားဆောင်ရွက်ချက်အနေဖြင့် ဈေးနှုန်းချိုသာစွာ ဓာတ်အားထုတ်နိုင်သည့် ရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံများကို ရေတို/ရေရှည်အစီအမံများချမှတ်ကာ တိုးမြှင့်တည်ဆောက်ပြီး လောင်စာဆီသုံးဓာတ်အားပေးစက်ရုံများကို လျှော့ချသွားနိုင်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်သည်။




ရဲရွာရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ၊ စက်အမှတ် (၄) ပြုပြင်မှုလုပ်ငန်း ဆောင်ရွက်ခြင်း။

**နိုင်ငံ၏ ရေအရင်းအမြစ်များကို အကျိုးရှိစွာအသုံးချ**

သို့ဖြစ်ပါ၍ မြန်မာနိုင်ငံတွင် အလားတူရှိသော အဓိကမြစ်ကြီးလေးသွယ်ဖြစ်သည့် ဧရာဝတီမြစ်၊ ချင်းတွင်းမြစ်၊ စစ်တောင်းမြစ်၊ သံလွင်မြစ်တို့ကိုလည်း မြန်မာပြည်သူများ၏ လူမှုစီးပွားဘဝ အစဉ်တိုးတက်နေရေးအတွက် လျှပ်စစ်ကဏ္ဍမှ လိုအပ်သည်များ ဖြည့်တင်းဆောင်ရွက်ပေးရာတွင် ဈေးနှုန်းသက်သာသော လျှပ်စစ်ဓာတ်အားကို ထုတ်လုပ်ရရှိနိုင်ရန် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ပြီး သဘာဝပတ်ဝန်းကျင်ထိခိုက်မှု အနည်းဆုံးနည်းလမ်းများကို အသုံးပြုလျက် ရေရှည်တည်တံ့သည့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်တစ်ခု ဖြစ်သော ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းလုပ်ငန်းအပြင် ရေကြောင်းပို့ဆောင်ဆက်သွယ်ရေး၊ စိုက်ပျိုးရေလုံလောက်စွာရရှိရေးတို့အတွက် အရှိန်အဟုန်မြှင့် ဆောင်ရွက်သင့်ပါကြောင်းနှင့် နိုင်ငံတကာ အတွေ့အကြုံကောင်းများကို ရယူလျက် ရေအားလျှပ်စစ်စီမံကိန်းများကို အကောင်အထည်ဖော်လျက် နိုင်ငံ၏ရေအရင်းအမြစ်များကို အကျိုးရှိစွာ အသုံးချဆောင်ရွက်သင့်ပါကြောင်း ရဲရွာရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံမှ ထွက်ပေါ်လာသောအလင်းရောင်များကိုသက်သေတည်လျက် တိုက်တွန်းလိုက်ရပါသည်။ ။

# စစ်ကိုင်းမြို့နယ် ဆားတောင်မြို့ရှိ မြို့စည်ပင်ရုံးနှင့် မြင်းမူမြို့အဝင်ရှိ ရွှေတောင်ကုမ္ပဏီပိုင် တိုးဂိတ်အား PDFအမည်ခံအကြမ်းဖက်သမားများက ဖောက်ခွဲဖျက်ဆီး

**နေပြည်တော် ဖေဖော်ဝါရီ ၂**
စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ် ဆားတောင်မြို့ရှိ မြို့စည်ပင်ရုံးနှင့် မြင်းမူမြို့အဝင်ရှိ ရွှေတောင်ကုမ္ပဏီပိုင် တိုးဂိတ်အား PDF အမည်ခံအကြမ်းဖက်သမားများက ဖောက်ခွဲဖျက်ဆီးခြင်းများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ထိုသို့ ဖျက်ဆီးခြင်းများ ပြုလုပ်ခဲ့ရာ ဇန်နဝါရီ ၃၁ ရက် ည ၁၁ နာရီတွင် စစ်ကိုင်းမြို့နယ် ဆားတောင်မြို့ရှိ မြို့နယ်စည်ပင်ရုံးအတွင်းသို့ PDF အမည်ခံ အကြမ်းဖက်သမားများက ဝင်ရောက်ဖျက်ဆီးခဲ့၍ အဆိုပါရုံးအဆောက်အအုံတွင် တပ်ဆင်ထားသည့် ပြတင်းတံခါးမှန်ကိုးချပ်၊ ဘေစင်တစ်ခုနှင့် Water Cooler တစ်လုံးတို့ ပျက်စီးသွားကြောင်း သိရသည်။


အလားတူ ဖေဖော်ဝါရီ ၁ ရက် ည ၁၂ နာရီ ၁၀ မိနစ်တွင် မြင်းမူမြို့အဝင်၌ ရွှေတောင်ကုမ္ပဏီက တည်ဆောက်ထားပြီး လမ်းအသုံးပြုခများ ကောက်ခံလျက်ရှိသည့် တိုးဂိတ်အား PDF အမည်ခံ အကြမ်းဖက်သမား ၃၀ ခန့် Light Truck မော်တော်ယာဉ်တစ်စီး၊ မော်တော်ဆိုင်ကယ်ငါးစီးတို့ဖြင့် ရောက်ရှိလာပြီး လက်လုပ်မိုင်းများဖြင့် ဖောက်ခွဲဖျက်ဆီးခဲ့သဖြင့် အဆိုပါတိုးဂိတ်တွင် တပ်ဆင်ထားသည့် CCTV ၁၈ လုံး၊ Industrial Computer ခြောက်လုံး၊ Touch Monitor ခြောက်လုံး၊ Sever Reck တစ်လုံး၊ Line Station လေးလုံးနှင့် တိုးဂိတ်အဆောက်အဦ မျက်နှာကြက်အမိုးများ (စုစုပေါင်းခန့်မှန်းတန်ဖိုး သိန်း ၁,၀၀၀ ကျပ်ခန့်) ပျက်စီးဆုံးရှုံးခဲ့ကြောင်း သိရသည်။

ထိုကဲ့သို့ နိုင်ငံတော်ပိုင်၊ ပုဂ္ဂလိကပိုင် အဆောက်အဦများအား ဖောက်ခွဲဖျက်ဆီးမှုများ ကျူးလွန်ခဲ့သည့် အကြမ်းဖက်သမားများကို ဖော်ထုတ်ဖမ်းဆီးရမိနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက နယ်မြေခံတပ်မတော်စစ်ကြောင်းများနှင့် ပူးပေါင်းကာ ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



စစ်ကိုင်းမြို့နယ် ဆားတောင်မြို့ရှိ မြို့နယ်စည်ပင်ရုံးအား အကြမ်းဖက်သမားများ ဖျက်ဆီးခဲ့၍ ပျက်စီးခဲ့မှု မှတ်တမ်းဓာတ်ပုံများ



မြင်းမူမြို့အဝင်ရှိ ရွှေတောင်ကုမ္ပဏီပိုင်တိုးဂိတ်အား PDF အမည်ခံအကြမ်းဖက်သမားများက မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့၍ ပျက်စီးခဲ့မှု မှတ်တမ်းဓာတ်ပုံ။

## မြို့နယ်အချို့၌ အကြမ်းဖက်သမားများက စာသင်ကျောင်းများ မိုင်းထောင်ဖောက်ခွဲခြင်းနှင့် ပညာရေးဝန်ထမ်းများကို အကြမ်းဖက်မှုများ ပြုလုပ်

**နေပြည်တော် ဖေဖော်ဝါရီ ၂**
အနာဂတ် လူငယ်၊ လူရွယ်များ ပညာရည် မြင့်မားရေးအတွက် စာသင်ကျောင်းများ ဖွင့်လှစ်ကာ စာပေသင်ကြားပေးလျက်ရှိသည်ကို လိုလားမှုမရှိသည့် နိုင်ငံရေးအစွန်းရောက် အကြမ်းဖက်သမားများအနေဖြင့် ပညာရေးဆိုင်ရာ ရုံးဌာနများနှင့် စာသင်ကျောင်းများကို မိုင်းထောင်ဖောက်ခွဲခြင်းများ၊ လက်ပစ်ဗုံး၊ လက်လုပ်မိုင်းများ၊ လက်နက်ငယ်များဖြင့် ပစ်ခတ်ဖောက်ခွဲခြင်းများ ပြုလုပ်လျက်ရှိသည့်အပြင် လူငယ်၊ လူရွယ်များအား နိုင်ငံ့ဝန်ထမ်းပီသစွာ စာပေသင်ကြားပြသပေးလျက်ရှိသည့် ဆရာ ဆရာမများနှင့် ပညာရေးဝန်ထမ်းများကို အကြမ်းဖက် ခြိမ်းခြောက်ခြင်း၊ ရက်စက်စွာ သတ်ဖြတ်ခြင်းများ ပြုလုပ်လျက်ရှိသည်ကို တွေ့ရသည်။

ထိုသို့ ပြုလုပ်လျက်ရှိရာ ဖေဖော်ဝါရီ ၁ ရက် မွန်းတည့် ၁၂ နာရီခန့်တွင် ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ် ၁၀/တောင်ရပ်ကွက် ခိုင်ရွှေဝါလမ်းနှင့် ပိတောက်ရွှေဝါလမ်း သွယ်ထောင့်ရှိ အမှတ် (၆) အခြေခံပညာ အထက်တန်းကျောင်းအနီး၌ အကြမ်းဖက်သမားများ ထောင်ထားသည့် လက်လုပ်မိုင်းတစ်လုံး ပေါက်ကွဲခဲ့ပြီး ပေါက်ကွဲမှုကြောင့် ကျောင်းအဆောက်အဦ၏ လေကာမှန်တစ်ချပ် ကွဲအက်ပျက်စီးခဲ့ကြောင်း သိရသည်။

အလားတူ ညနေ ၄ နာရီ ၁၀ မိနစ်တွင် စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့ ဈေးရုံဗိုလ်တဲရပ်ကွက်နေ ကောလင်းမြို့နယ်ပညာရေးမှူးရုံးမှ လက်ထောက်ပညာရေးမှူး ဦးကျော်သိန်း(၅၆) နှစ် (ဘ)ဦးဘဖြန်းနှင့် ၎င်း၏ဇနီးဖြစ်သူတို့ နေအိမ်အပြင်သို့ သွားနေသည့်အချိန် ၎င်းတို့၏ နေအိမ်အရှေ့သို့ အကြမ်းဖက်သမားနှစ်ဦးက ဆိုင်ကယ်နှစ်စီးဖြင့် ရောက်ရှိလာပြီး နေအိမ်အတွင်းသို့ လက်လုပ်ဗုံးနှစ်လုံးဖြင့် ပစ်ပေါက်ခဲ့ရာ လက်လုပ်ဗုံးတစ်လုံးမှာ နေအိမ်အတွင်းသို့ လည်းကောင်း၊ ကျန်တစ်လုံးမှာ နေအိမ်အပြင် မြေကြီးပေါ်၌ လည်းကောင်း ကျရောက်ပေါက်ကွဲခဲ့သဖြင့် ပေါက်ကွဲမှုကြောင့် နေအိမ်အတွင်းရှိ ရေခဲသေတ္တာ တစ်လုံး၊ သံသေတ္တာ လေးလုံးနှင့် အခြားအသုံးအဆောင်ပစ္စည်းများ ပျက်စီးဆုံးရှုံးခဲ့ကြောင်း သိရသည်။

ထို့အတူ ယနေ့နံနက် ၉ နာရီတွင် တိုက်ကြီးမြို့ မင်္ဂလာရပ်ကွက်နေ ကိုမျိုးမင်းထွန်း (၃၄) နှစ်(ဘ)ဦးတင်ရွှေသည် ဇနီးဖြစ်သူ မသန်းသန်းဌေးနှင့်အတူ ဆိုင်ကယ်ဖြင့် သားဖြစ်သူ မောင်သက်ထူးစံကို မြို့မအခြေခံပညာ အထက်တန်းကျောင်းသို့ သွားရောက်ပို့စဉ် ရန်ကုန်-ပြည်ကားလမ်းမကြီးဘေးရှိ မင်္ဂလာရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး အနီးအရောက်၌ ဆိုင်ကယ်စီးနင်းလာသည့် အကြမ်းဖက်သမားနှစ်ဦးက သေနတ်ဖြင့် ပစ်ခတ်ထွက်ပြေးသွားသဖြင့် ကိုမျိုးမင်းထွန်းတွင် ရင်ဘတ်နှင့် ချိုင်းအောက်တို့တွင် ကျည်ထိမှန်ဒဏ်ရာများ ရရှိကာ အခင်းဖြစ်နေရာ၌ သေဆုံးသွားခဲ့ကြောင်း သိရသည်။

အထက်ပါ ဖြစ်စဉ်များမှ အကြမ်းဖက်မှု လုပ်ရပ်များကို ကျူးလွန်သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက စုံစမ်း ဖော်ထုတ်လျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## (၇၅)နှစ်မြောက် စိန်ရတု ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဝေါမြို့နယ်၌ ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲ ကျင်းပ

**ဝေါ ဖေဖော်ဝါရီ ၂**
(၇၅)နှစ်မြောက်စိန်ရတုပြည်ထောင်စုနေ့ကိုကြိုဆိုဂုဏ်ပြုသောအားဖြင့် ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ဝေါမြို့နယ် အရှေ့ဘက်ကမ်းရပ်ကွက် အောင်ချမ်းသာရပ် သခင်လှမြိုင် ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁ ရက် နံနက်ပိုင်းတွင် အဆိုပါလမ်းထိပ်ဖွင့်ပွဲ မုခ်ဦး၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဝင်းလှိုင်က လမ်းနှင့်ပတ်သက်သည့်အချက်အလက်များကို ရှင်းလင်းပြောကြားပြီး ဝေါမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဝင်းမော်၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးကြည်ဝင်းနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိတို့က သခင်လှမြိုင် ကွန်ကရစ်လမ်းသစ်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

အဆိုပါ ကွန်ကရစ်လမ်းသစ်သည် အရှည် ၈၄၅ ပေ၊ အကျယ် ၁၀ ပေနှင့် ထု ၆ လက်မရှိကာ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ရန်ပုံငွေကျပ် ၂၀၆၄၅၀၀၀ ဖြင့် ရပ်ကွက်နေပြည်သူများ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်စေရေးနှင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း သိရသည်။

**စိုးမိုး(ပြန်/ဆက်)**

❖ *ကျောဖုံးမှ*
၂၀၂၂ ခုနှစ် မေလတွင် ပြန်လည်ကျင်းပရန် ဆုံးဖြတ်ခဲ့ပြီး အာဆီယံ မသန်စွမ်းအားကစားပြိုင်ပွဲကို ဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့သဖြင့် အင်ဒိုနီးရှားနိုင်ငံက အစားထိုးကျင်းပခြင်းဖြစ်သည်။ အာဆီယံ မသန်စွမ်းအားကစားပြိုင်ပွဲကို ကိုဗစ်-၁၉ ရောဂါကြောင့် ၂၀၁၉ ခုနှစ်ကလည်း ကျင်းပနိုင်ခြင်းမရှိဘဲ ဖျက်သိမ်းခဲ့ရသလို ဗီယက်နမ်နိုင်ငံကလည်း ၂၀၂၁ ပြိုင်ပွဲကို ထပ်မံဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့သဖြင့် အာဆီယံ မသန်စွမ်းအားကစားအဖွဲ့ချုပ်အနေဖြင့် အစားထိုးကျင်းပနိုင်မည့်နိုင်ငံအား ဆန္ဒပြုစေခဲ့ရာ အင်ဒိုနီးရှားနိုင်ငံက ကျင်းပခဲ့ခြင်းဖြစ်သည်။ အင်ဒိုနီးရှားနိုင်ငံအနေဖြင့် ယင်းပြိုင်ပွဲကို ၂၀၂၂ ခုနှစ် ဇူလိုင် ၂၀ ရက်မှ ၃၁ ရက်အထိ ပြုလုပ်သွားမည်ဖြစ်ပြီး အားကစားနည်း ၁၃ မျိုး ထည့်သွင်းကျင်းပရန် လျာထားကာ ယခုလအတွင်း အတည်ပြုသွားမည်ဖြစ်သည်။ အင်ဒိုနီးရှားနိုင်ငံအနေဖြင့် အာဆီယံ မသန်စွမ်းအားကစား ပြိုင်ပွဲကို အိမ်ရှင်အဖြစ် ဒုတိယအကြိမ် လက်ခံကျင်းပခြင်းဖြစ်ပြီး ၂၀၁၁ ခုနှစ်က ပထမအကြိမ် လက်ခံကျင်းပခဲ့သည်။

**ရဲရင့်လွင်**

# “တူယှဉ်နွဲပျော် ဂီတပွဲတော်” သီချင်းဆိုပြိုင်ပွဲ ဒုတိယအဆင့်ပွဲစဉ် စိတ်ကြိုက်သီချင်းသီဆိုမှု မြန်မာ့ရုပ်မြင်သံကြားမှ တိုက်ရိုက် Live ပြသမည်




နေပြည်တော် ဖေဖော်ဝါရီ ၂

စိန်ရတု ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် “တူယှဉ်နွဲပျော် ဂီတပွဲတော်” သီချင်းဆိုပြိုင်ပွဲ ဒုတိယအဆင့်ပွဲစဉ် စိတ်ကြိုက်သီချင်းသီဆိုမှုကို ဖေဖော်ဝါရီ ၄ ရက် (သောကြာနေ့) ညတွင် မြန်မာ့ရုပ်မြင်သံကြားမှ တိုက်ရိုက် Live ရိုက်ကူးထုတ်လွှင့်မည် ဖြစ်သည်။

တူယှဉ်နွဲပျော် ဂီတပွဲတော် သီချင်းဆိုပြိုင်ပွဲကို ၂၀၂၁ ခုနှစ် နိုဝင်ဘာ ၂၆ ရက်မှ စတင်၍ အပတ်စဉ် သောကြာနေ့ညတိုင်း ကျင်းပခဲ့ရာ ယခုအခါ ဒုတိယအဆင့်ပြိုင်ပွဲကို ပြိုင်ပွဲဝင် ၁၀ ဦးဖြင့် ဖေဖော်ဝါရီ ၄ ရက်တွင် စိတ်ကြိုက် တေးသီချင်းများဖြင့်လည်းကောင်း၊ ဖေဖော်ဝါရီ ၆ ရက်တွင် ပြဋ္ဌာန်းတေးသီချင်းများဖြင့်လည်းကောင်း ယှဉ်ပြိုင်ကြမည် ဖြစ်သည်။

အဆိုပါပွဲစဉ်၌ တိုင်းရင်းသားပြိုင်ပွဲဝင်များဖြစ်ကြသည့် မကွေးတိုင်းဒေသကြီးမှ MF01 မြတ်နိုးစံ၊ ရန်ကုန်တိုင်းဒေသကြီးမှ MF02 ကြူကြူခိုင်၊ စစ်ကိုင်းတိုင်းဒေသကြီးမှ MF03 ရေဂျီနား၊ မန္တလေးတိုင်းဒေသကြီးမှ MF04 ဇော်ထွေးလတ်၊ ကချင်ပြည်နယ်မှ MF05 အရိန်၊ ဧရာဝတီတိုင်းဒေသကြီးမှ MF06 ဖင်သူသူထွန်း ၊ ဧရာဝတီတိုင်းဒေသကြီးမှ MF07 ချိုမီမီဇော်၊ ကရင်ပြည်နယ်မှ MF08 ချမ်းဟိန်းဝင်းထွန်း၊ ရန်ကုန်တိုင်းဒေသကြီးမှ MF09 ဈာန်ထူး၊ ပဲခူးတိုင်းဒေသကြီးမှ MF10 ချစ်နု တို့က ယှဉ်ပြိုင်သီဆိုကြမည်ဖြစ်ပြီး The Ensemble တေးဂီတအဖွဲ့မှ တီးခတ်ပေးမည်ဖြစ်သည်။

ပထမပွဲစဉ် အုပ်စုပြိုင်ပွဲမှာ အကဲဖြတ်ဒိုင်အဖွဲ့၏ အမှတ်ပေးမှုဖြင့် ဆောင်ရွက်ခဲ့သော်လည်း ဒုတိယအဆင့်နှင့် တတိယအဆင့် ပြိုင်ပွဲများတွင် အကဲဖြတ်ဒိုင်များ အမှတ်ပေးမှုအပြင် ပရိသတ်များ အနေဖြင့် MPTနှင့် Mytel SIM Card များကို အသုံးပြု၍ Voting မဲပေးနိုင်မည်ဖြစ်ရာ မိမိတို့ ကြိုက်နှစ်သက်သည့် ပြိုင်ပွဲဝင်ကို Voting Time သတ်မှတ်ချိန် အတွင်း SMS ပေးပို့မဲပေးခြင်းကို အရေအတွက် အကန့်အသတ်မရှိဘဲ MPT Sim Card များမှ ကုဒ်နံပါတ် “7522” သို့လည်းကောင်း၊ Mytel Sim Card များမှ ကုဒ်နံပါတ် ‘7575’ သို့လည်းကောင်း SMS ဖြင့် ပြိုင်ပွဲဝင်၏ MF နံပါတ်ကို ရိုက်နှိပ်၍ ပေးပို့နိုင်မည် ဖြစ်သည်။ ယင်းပြိုင်ပွဲကို ဒုတိယအကြိမ်အဖြစ် ဖေဖော်ဝါရီ ၆ ရက် (တနင်္ဂနွေနေ့) နံနက် ၁၀ နာရီခွဲတွင် ထပ်မံထုတ်လွှင့်ပြသမည် ဖြစ်သည်။

ပွဲစဉ်၏ နောက်ဆုံးသုံးပွဲကို ရန်ကုန်မြို့ပြည်သာယာရှိ မြဝတီမီဒီယာစင်တာတွင် ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီ ၄ ရက် (သောကြာနေ့)၊ ဖေဖော်ဝါရီ ၆ ရက်(တနင်္ဂနွေနေ့) နှင့် ဖေဖော်ဝါရီ ၁၁ ရက် (သောကြာနေ့) ညများတွင် တိုက်ရိုက် Live ရိုက်ကူးထုတ်လွှင့်ပြသမည် ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၂-၂-၂၀၂၂

**ရွှေ**

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် ၁၈၇၉၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် ၁၇၆၈၅၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် ၁၈၇၇၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် ၁၇၆၆၆၀၀ |

(အောင်သမာဓိမှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၁၆၂၀/၁၆၃၀ ကျပ် | ၁၆၃၅/၁၆၆၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၁၆၃၀/၁၆၄၀ ကျပ် | ၁၆၅၅/၁၆၈၀ ကျပ် |
| အောက်တိန်း ၉၂ | ၁၅၈၅/၁၆၀၅ ကျပ် | ၁၆၃၀/၁၆၅၅ ကျပ် |
| အောက်တိန်း ၉၅ | ၁၆၃၅/၁၆၇၅ ကျပ် | ၁၇၅၀/၁၇၆၅ ကျပ် |

(မြန်မာနိုင်ငံ စက်သုံးဆီအသင်း)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၇၇၈ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၂၀၀၇ . ၂ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၃၁၈ . ၈ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၅၃ . ၅၆၂ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၅၅၂ . ၆ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၄၂၄ . ၈၀ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၇၉ . ၅၂ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၃ . ၇၂၄ |

**ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၀၀၀ | ၈၀၀၀ | ၁၆၆ | ၁၃၂၈၀၀၀ |
| MTSH | ၂၉၅၀ | ၂၉၅၀ | ၂၈၃၉ | ၈၃၇၅၀၅၀ |
| MCB | ၀ | ၀ | ၀ | ၀ |
| FPB | ၀ | ၀ | ၀ | ၀ |
| TMH | ၂၆၀၀ | ၂၆၀၀ | ၈၀ | ၂၀၈၀၀၀ |
| EFR | ၂၈၀၀ | ၂၈၀၀ | ၄၅ | ၁၂၆၀၀၀ |
| AHP | ၀ | ၀ | ၀ | ၀ |

ညီညီ - စုစည်းသည်

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၃-၂-၂၀၂၂ ကြာသပတေးနေ့

**MRTV HD**

**၀၆:၀၀** မေတ္တာသုတ်၊ ရတနသုတ်၊ မောရသုတ် အန္တရာယ်ကင်းပရိတ်တရားတော်
**၀၇:၀၀** နံနက်ခင်းသတင်း
**၀၉:၁၅** NRC အစီအစဉ်
**၀၉:၃၀** စိန်ရတုပြည်ထောင်စုနေ့ဂုဏ်ပြုတေး
**၁၀:၀၀** သတင်းထဲကသတင်း
**၁၁:၃၀** MRTV National News
**၁၅:၀၀** Grade-11 ဘာသာရပ်ဆိုင်ရာ သင်ခန်းစာများ ‘**သင်္ချာဘာသာရပ်**’
**၁၅:၂၀** Soccer View
**၁၆:၁၅** မျက်မှောက်ရေးရာအပြာပြာ
**၁၇:၁၀** စိန်ရတုပြည်ထောင်စုနေ့ဂုဏ်ပြုတေး
**၁၇:၂၀** နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ပြည်သူ့အကျိုးပြုတစ်လတာ (၂၀၂၂ခုနှစ်၊ဇန်နဝါရီလ)(ဒုတိယပိုင်း)
**၁၈:၀၀** ပြည်တွင်းသတင်း
**၁၈:၁၅** သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ
**၁၉:၁၀** နိုင်ငံခြားဇာတ်လမ်းတွဲ ‘**အတိတ်ဒါးဒါး အချစ်ချိုချို**’ (အပိုင်း-၁၇)
**၂၀:၀၀** ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
**၂၁:၀၀** သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ
**၂၁:၃၀** နိုင်ငံခြားဇာတ်လမ်းတွဲ ‘**အဝေးဆုံးသောနေရာ**’ (အပိုင်း-၃၁)
**၂၂:၁၅** ရုပ်မြင်သံကြားဇာတ်လမ်း ‘**ထင်မိယောင်မှား**’

**သောကြာနေ့ ညတိုင်းတွင် တေးဂီတချော်ဖြေပွဲ တိုက်ရိုက် (LIVE) ထုတ်လွှင့်ပေးလျက်ရှိပါသည်**

MRTV online www.mrtv.gov.mm
t.me/mrtvnews
twitter.com/mrtvwebportal
SCAN ME

**mitv**

**07:01** Union Blood (Pann Nu Yin, Pann Su Thwin)
**07:06** ASEAN Political-Security Community #2: Building Blocks of Peace and Security
**07:15** Chef Life "Oliver E Soe Thet"
**07:28** AMularsheedi we love!
**07:36** Myanmar's Traditional Ceramics
**08:01** A Day in the Life of Pa-O Family
**08:07** Gold: King Of All Metals
**08:38** Underwater Photographer
**09:01** News
**09:27** Tobacco Pipe Making Business (Ywar Lut Village)
**09:33** Life of A Farmer
**10:01** Union Blood (Pann Nu Yin, Pann Su Thwin)

**MRTV NRC**

**ဝကောကရင် (၀၆:၀၀ မှ ၀၇:၀၀)**
တုပ်ကွေးရောဂါအကြောင်းသိကောင်းစရာ
**အနောက်ပိုးကရင် (၀၇:၀၀ မှ ၀၈:၀၀)**
သွေးချင်းတို့ရဲ့ဆုံစည်းရာ(အပိုင်း-၂)
**အရှေ့ပိုးကရင် (၀၈:၀၀ မှ ၀၉:၀၀)**
စာပေစကားပြောကြရအောင်(အပိုင်း-၃)
**ချင်း (လိုင်ဇို) (၀၉:၀၀ မှ ၁၀:၀၀)**
ရာသီပန်းများနှင့်ဖလမ်းမြို့
**ချင်း (ချိုး) (၁၀:၀၀ မှ ၁၁:၀၀)**
ချင်းပြည်နယ်၏အလှအပများ
**မွန် (၁၁:၀၀ မှ ၁၃:၀၀)**
ချစ်စရာမွန်ရိုးရာအိမ်
**ရခိုင် (၁၃:၀၀ မှ ၁၅:၀၀)**
မာရ်ငါးပါးဘုရားဖူးကြမယ်
**ရှမ်း (၁၅:၀၀ မှ ၁၇:၀၀)**
ရှန်ခိုက်သို့အလည်တစ်ခေါက်
**ဝ (၁၇:၀၀ မှ ၁၉:၀၀)**
အလှမှာယဉ်ဆေးဖက်ဝင်တဲ့တရုတ်စံကားပွင့်
**ကချင် (၁၉:၀၀ မှ ၂၁:၀၀)**
အင်းတော်ကြီးရဲ့လှပတဲ့သဘာဝပတ်ဝန်းကျင်
**ကယား (၂၁:၀၀ မှ ၂၃:၀၀)**
သွေးချင်းတို့ရဲ့ဆုံစည်းရာ(အပိုင်း-၁)

**MRTV PARLIAMENT**

**၀၉:၀၀** အဖွင့်၊အလံ
**၀၉:၃၀** ဥပဒေရေးရာအပြာပြာဇာတ်လမ်းတို ‘**ရာသက်ပန်ပေါင်းဖို့ရန်ရည်ရွယ်မှုသာ**’
**၁၀:၀၀** ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ကြေညာချက်သတင်းများ
**၁၀:၃၀** ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာ ဆွေးနွေးခန်း(အပိုင်း-၁)
**၁၁:၀၀** နိုင်ငံတကာရွေးကောက်ပွဲများ အကြောင်း(ထိုင်းနိုင်ငံ)
**၁၁:၃၀** အတွေးအမြင် (အပိုင်း-၁)

**MRTV SPORTS**

**၀၆:၀၀** အဖွင့်
**၀၆:၃၀** အခြေခံအားကစားနည်းစနစ်များ
**၀၇:၀၀** Sports News
**၀၇:၃၀** Soccer View/ Weekly Sports Info
**၀၇:၄၅** အားကစားလောကထဲက သူတို့အကြောင်း
**၀၈:၀၀** ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
**၂၀:၀၀** ပြည်တွင်းသတင်း

**MRTV Farmers' Channel MRTV FARMERS' ကို နေ့စဉ်နံနက် (၆:၀၀)နာရီမှ ည (၁၀:၀၀)နာရီထိ၊ Education Channel ကို စနေ၊ တနင်္ဂနွေ မှအပ နံနက် (၁၀:၀၀)နာရီမှ ည(၁၀:၀၀)နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်၊**

**မြန်မာ့အလင်း**

**စာတည်းမှူးချုပ်** - အောင်နိုင်ဦး
**ခေတ္တစာတည်းမှူး** - မြင့်စိုး
**သတင်းထောက်မှူး** - ခင်ရတနာ
**စာတည်းများ** - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
**ဘာသာပြန်စာတည်း** - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
**အကြီးတန်းသတင်းထောက်များ** - ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
**အငယ်တန်းသတင်းထောက်များ** - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မီမီဖြိုး
**ဓာတ်ပုံသတင်းထောက်** - တင်စိုး
**သုတေသန** - အိအိခင်နှင့် အဖွဲ့
**စာပြင်** - အေးအေးမိုးလှိုင်နှင့် အဖွဲ့
**စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** - ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့
**အီးမေးနှင့် အွန်လိုင်း** - သက်လွင်ဦးနှင့် အဖွဲ့
**ထုတ်ဝေခြင်းအမှတ်** - (၀၁၀၉၃)
**ပုံနှိပ်ခြင်းအမှတ်** - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ **စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

လူငယ်နှင့်စာပေပွဲတော် အမှတ်တရ

# ကျောက်စာတန်ဖိုး

## မြင့်မောင်စိုး

**(၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့အထိမ်းအမှတ် လူငယ်နှင့်စာပေပွဲတော်ကို နေပြည်တော်ရှိဝဏ္ဏသိဒ္ဓိဘောလုံးအားကစားကွင်း၌ ဇန်နဝါရီ ၂၉ ရက် မှ ၃၁ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ရာ ပြကွင်း ပြကွက်များအနက် ကျောက်စာပြကွက်ကိုလည်းတွေ့ရသည်။ ထိုကျောက်စာပြကွက်တွင် ကျောက်စာသုံးမျိုးကို မှတ်သားမိပါ၏။ ကျောက်စာတိုင်းတွင် ကျောက်စာ၊ ကျောက်စာပါအရေးအသား၊ ကျောက်စာအကြောင်းအရာ ရှင်းလင်းချက်တို့နှင့်တကွ ဖော်ပြထားသဖြင့် အလွယ်တကူလေ့လာနိုင်သော ဆောင်ရွက်ချက်ပင်ဖြစ်သည်။ ထိုကျောက်စာသုံးမျိုးသည်ကား ပုဂံရွှေကျောင်းအရှေ့ဂူကျောက်စာ၊ ပင်ယကုလာကျောင်း ကျောက်စာနှင့် ရွှေပြည်စိုးကျောင်း ကျောက်စာတို့ဖြစ်သည်။**


### ပုဂံရွှေကျောင်းအရှေ့ဂူကျောက်စာ

ထိုကျောက်စာ၏ အလှူရှင်မှာ စစ်သူကြီး စတ္တလက်ပိုင်ဖြစ်ကြောင်း၊ ကျောက်စာ ခုနှစ်မှာ သက္ကရာဇ် ၅၆၀ ခုနှစ်၊ (ခရစ်နှစ် ၁၁၉၈၊ အေဒီ ၁၂ ရာစု) စာကြောင်းရေ ၂၅ ကြောင်း ပါရှိကြောင်း၊ ရေးထိုးထားသည့် ဘာသာမှာ မြန်မာဖြစ်၍ ကျောက်စာအမှတ် (န -၇၇) ဖြစ်ကြောင်း၊ ကျောက်စာတည်နေရာမှာ မန္တလေးနန်းတွင်း ကျောက်စာရုံ(၁) ဖြစ်ကြောင်း ဖော်ပြထားသည်။

ထိုကျောက်စာနှင့် ပတ်သက်၍ အကျဉ်းချုပ်ဖော်ပြထားချက်မှာ ဤသို့ဖြစ်သည်။

ကောဇာသက္ကရာဇ် ၅၆၀ ခုနှစ်တွင် စစ်သူကြီးစတ္တလက်ပိုင်သည် သစ်မထီးအရပ်၌ ဂူကျောင်းပြုပြင်၍ လယ် ၁၀၂၀ ပယ်၊ ကျွန် ၁၀ ယောက် လှူဒါန်းကြောင်း မှတ်တမ်းတင် ကျောက်စာရေးထိုးထားခြင်းဖြစ်သည်။

ထိုကျောက်စာမှတစ်ဆင့် မြန်မာလူမျိုးတို့၏ စာပေအရေးအသား၊ စကားအသုံးအနှုန်း၊ လူနေမှုစရိုက်တို့ကို လေ့လာတွေ့ရှိရမည် ဖြစ်ပါသည်။ ဥပမာအားဖြင့် သက္ကရာဇ်ကို သကရစ် ဟူ၍လည်းကောင်း၊ ၌ကို နှိုက်ဟူ၍လည်းကောင်း ရေးသားထားသည်။ လယ် ၁၀၂၀ ပယ် ဟူသော အရေးအသားကို လေ့လာခြင်းဖြင့် လယ်အရေအတွက်ကို ပယ် ဆိုသောအသုံးအနှုန်းကိုတွေ့ရမည်ဖြစ်ပါသည်။ ပုဂံခေတ် (အေဒီ ၁၂ ရာစု) မြန်မာစာပေအရေးအသားနှင့် စကားအသုံးအနှုန်းကို ထင်ဟပ်ဖော်ပြနေပါသည်။ ထို့အတူလူနေမှုစရိုက်ကိုလည်းအကဲခတ်နိုင်မည်ဖြစ်ပါသည်။ သစ်မထီးအရပ်၌ ဂူကျောင်းပြုပြင်၍ လယ် ၁၀၂၀ ပယ်၊ ကျွန် ၁၀ ယောက် လှူဒါန်းသည် ဟူသော ရေးသားချက်ကိုကြည့်လျှင် ပုဂံခေတ်က ဘုရား၊ ကျောင်းဆောက်လုပ် လှူဒါန်းပြီးလျှင် လှူဒါန်းထားသော ဘုရား၊ ကျောင်းတို့ နှစ်ပေါင်းရှည်ကြာစွာ တည်တံ့နေရန် အတွက် ဘုရား၊ ကျောင်းတို့၌ ဝေယျာဝစ္စ ဆောင်ရွက်မည့်သူများကိုပါ လှူဒါန်းလေ့ရှိကြောင်း မှတ်သားသိရှိရပေသည်။



ပင်ယကုလာကျောင်း ကျောက်စာ အင်းဝခေတ်(အေဒီ ၁၅ ရာစု)

**“ရှေးဦးလူသားတို့သည် စာပေများမပေါ်ထွန်းမီက ဂူနံရံများ၌ ရုပ်ပုံများရေးခြစ်လျက် မှတ်သားလေ့ရှိကြောင်း သိရပါသည်။ ထို့နောက် ကျောက်သားများ၌ ရေးသားသော ရုပ်ပုံ၊ စာသား၊ ပေပုရပိုက်များ၌ ရေးသားသော စာပေဟူ၍ တဖြည်းဖြည်းတိုးတက်လာခဲ့ပါသည်။ ထို့နောက် ပေပုရပိုက်ခေတ်မှသည် စက္ကူပေါ်တွင် ရေးသားနိုင်သောခေတ်၊ ထိုခေတ်မှသည် ပုံနှိပ်စာလုံးခေတ်၊ ယနေ့ခေတ်သည် ဒစ်ဂျစ်တယ်ခေတ်၊ ကွန်ပျူတာ နည်းပညာဖြင့် စာရေးနိုင်သောခေတ် စသည်ဖြင့်စာပေအရေးအသားများ တိုးတက်ပြောင်းလဲလာမှုကို တွေ့ရမည်ဖြစ်ပါသည်**

### ပင်ယကုလာကျောင်းကျောက်စာ

ဤကျောက်စာ၏ အလှူရှင်မှာ သင်သည်မင်း၊ စစ်လျင်မင်း၊ ငမျှောဖ တို့ဖြစ်သည်။ ကျောက်စာခုနှစ်မှာ သက္ကရာဇ် ၇၅၃ ခုနှစ်၊ (ခရစ်နှစ် ၁၄၀၁၊ အေဒီ ၁၅ ရာစု) စာကြောင်းရေ ၉ ကြောင်းပါရှိပြီး မြန်မာဘာသာဖြင့်ရေးထိုးထားခြင်းဖြစ်သည်။ ကျောက်စာအမှတ်မှာ (န-၁၈၇) ဖြစ်ကြောင်း၊ ကျောက်စာတည်နေရာမှာ မန္တလေးနန်းတွင်း ကျောက်စာရုံ(၁)ဖြစ်ကြောင်း ဖော်ပြထားသည်။ ထိုကျောက်စာနှင့် ပတ်သက်၍ အကျဉ်းချုပ်ဖော်ပြချက်သည်ကား ဤသို့တွေ့ရလေသည်။

ကောဇာသက္ကရာဇ် ၇၅၃ ခုနှစ်တွင် သင်သည်မင်းနှင့် စစ်လျင်မင်းတို့သည် မြေလှူကြောင်း၊ ငမျှောဖ မည်သောသူသည် လက်ကျာကျောင်းတွင် ကျောင်းဆောက်လှူဒါန်းကြောင်းနှင့် ဆုတောင်းကျိန်စာများရေးထိုးထားသော ကျောက်စာဖြစ်ကြောင်း သိရသည်။

ထိုကျောက်စာတွင် အင်းဝခေတ် (အေဒီ ၁၅ရာစု) မြန်မာစာပေအရေးအသား၊ စကားအသုံးအနှုန်းနှင့် ယဉ်ကျေးမှုဓလေ့စရိုက်များကို လေ့လာသုံးသပ်နိုင်မည်ဖြစ်ပါသည်။ ပင်ယကုလာ ဟူသော အရေးအသားသည် မြန်မာစာပေတိုးတက်ရန် လိုအပ်နေသေးသော အချိန်ကာလတစ်ခု ဖြစ်နိုင်ပါသည်။ သင်သည်မင်း၊ စစ်လျင်မင်း၊ ငမျှောဖ ဟူသော စကားအသုံးအနှုန်းသည်လည်း ထိုခေတ်ထိုအခါက ပေါ်ပေါက်ခဲ့သော စကားလုံးများပင်ဖြစ်ပါသည်။ သို့သော် သင်သည်မင်းနှင့် စစ်လျင်မင်းတို့ မြေလှူသည်ဆိုသော ရေးသားဖော်ပြမှုနှင့် ငမျှောဖမည်သော သူတို့ ကျောင်းဆောက်လုပ်လှူဒါန်းသည်ဆိုသော ရေးသားဖော်ပြမှုမှာ ထိုခေတ် ထိုအခါက အလှူအတန်းရက်ရောမှုကို တွေ့ရမည်ဖြစ်ပါသည်။ ထို့အတူ ဆုတောင်း ကျိန်စာများ ရေးထိုးထားသည်ဆိုသော အချက်မှာ အလှူကြီး အတန်းကြီးပြုလုပ်သည့်အခါ ဆုတောင်းခြင်းနှင့် လှူတန်းမှုကို ဖျက်ဆီးသူတို့အား ကျိန်စာတိုက်ခြင်းတို့ကို ပြုလုပ်တတ်ကြောင်း လေ့လာတွေ့ရှိရပေသည်။

### ရွှေပြည်စိုးကျောင်း ကျောက်စာ

ထိုကျောက်စာ၏ အလှူရှင်မှာ အမတ်ကြီး ရွှေပြည်စိုးဇေယျသင်နှင့် ဇနီးတို့ဖြစ်သည်။ ကျောက်စာပေါ်ပေါက်ရာ ခုနှစ်မှာ သက္ကရာဇ် ၈၇၂ ခုနှစ်၊ (ခရစ်နှစ် ၁၅၁၀၊အေဒီ ၁၆ ရာစု) စာကြောင်းရေ ၁၉ ကြောင်းရှိပြီး ရေးထိုးထားသည့်ဘာသာမှာ မြန်မာဘာသာဖြစ်သည်။ ၎င်းကျောက်စာ၏ ကျောက်စာအမှတ်မှာ (န-၂၂၆) ဖြစ်ကြောင်း၊ ကျောက်စာတည်ရှိရာအရပ်မှာ မန္တလေးနန်းတွင်း ကျောက်စာရုံ (၁)ဖြစ်ကြောင်း ဖော်ပြထားသည်။ ဤကျောက်စာနှင့် ပတ်သက်၍ အကျဉ်းချုပ်ဖော်ပြထားသည်မှာ ဤသို့ဖြစ်သည်။


ကောဇာသက္ကရာဇ် ၈၇၂ ခုနှစ်တွင် အမတ်ကြီးအဝ ရွှေပြည်စိုးဇေယျသင်နှင့် ဇနီးတို့သည် ကျားအိမ်တောကျောင်းနှင့် စစ်လျင်မင်းကျောင်းသို့ ဘုရားနှင့် ကျောင်းကို ရေစက်ချလှူကြောင်း မှတ်တမ်းတင် ကျောက်စာရေးထိုးထားခြင်းဖြစ်သည်။

ထိုကျောက်စာတွင် ညောင်ရမ်းခေတ် (အေဒီ ၁၆ ရာစု) စာပေအရေးအသားကိုတွေ့ရမည်ဖြစ်ပါသည်။ အမတ်ကြီး ရွှေပြည်စိုးဇေယျသင် ဟူသော ရေးသားဖော်ပြမှုသည် ထီးသုံး နန်းသုံး စကားလုံးများဖြစ်ပါသည်။ စာပေအရေးအသားနှင့် စကားလုံးအသုံးအနှုန်းများ တိုးတက်ပြောင်းလဲလာမှုကို တွေ့ရမည်ဖြစ်ပါသည်။ မြန်မာစာပေ၊ ယဉ်ကျေးမှု စရိုက်လက္ခဏာများ တိုးတက်လာမှုကို ဖော်ပြနေပါသည်။

### အကောင်းဆုံး သမိုင်းအထောက်အထား

အထက်ဖော်ပြပါ ကျောက်စာသုံးချပ်သည် မြန်မာလူမျိုးတို့၏ စာပေနှင့် ယဉ်ကျေးမှုကို ဖော်ပြနေပါသည်။ ပုဂံခေတ်၊ အင်းဝခေတ်နှင့် ညောင်ရမ်းခေတ်တို့ရှိ စာပေအရေးအသား၊ ပြောဆိုသောစကား၊ယဉ်ကျေးမှုစရိုက်လက္ခဏာများကို ကျောက်စာတို့မှတစ်ဆင့် သိရှိရခြင်းဖြစ်ပါသည်။ ကျောက်စာဟူသည်မှာလည်း အရှည်တည်တံ့စေရန် ရေးထိုးခဲ့ပြီး အကောင်းဆုံး သမိုင်းအထောက်အထားတစ်ခုဖြစ်ပါသည်။ ရှေးဦးလူသားတို့သည် စာပေများမပေါ်ထွန်းမီက ဂူနံရံများ၌ ရုပ်ပုံများရေးခြစ်လျက် မှတ်သားလေ့ရှိကြောင်း သိရပါသည်။ ထို့နောက် ကျောက်သားများ၌ ရေးသားသော ရုပ်ပုံ၊ စာသား၊ ပေပုရပိုက်များ၌ ရေးသားသောစာပေဟူ၍ တဖြည်းဖြည်း တိုးတက်လာခဲ့ပါသည်။ ထို့နောက် ပေပုရပိုက်ခေတ်မှသည် စက္ကူပေါ်တွင် ရေးသားနိုင်သောခေတ်၊ ထိုခေတ်မှသည် ပုံနှိပ်စာလုံးခေတ်၊ ယနေ့ခေတ်သည် ဒစ်ဂျစ်တယ်ခေတ်၊ ကွန်ပျူတာ နည်းပညာဖြင့် စာရေးနိုင်သောခေတ် စသည်ဖြင့် စာပေအရေးအသားများ တိုးတက်ပြောင်းလဲလာမှုကို တွေ့ရမည်ဖြစ်ပါသည်။

ထို့ကြောင့်ကျောက်စာအရေးအသားသည် မြန်မာလူမျိုးတို့၏ စာပေအရေးအသား၊ ဓလေ့စရိုက်၊ ယဉ်ကျေးမှု စသော အကြောင်းအရာများစွာတို့ကို ထင်ဟပ်ဖော်ပြနေပါသည်။ သမိုင်းတန်ဖိုးမြင့်မားလှပေသည်။ ကိုယ်ပိုင်ယဉ်ကျေးမှု၊ ကိုယ်ပိုင်စာပေ ထွန်းကားတည်ရှိမှုကိုပြသည့် အကောင်းဆုံးသော သမိုင်းသက်သေ အထောက်အထားလည်းဖြစ်ပေသည်။ မြန်မာလူမျိုးတို့သည်ကမ္ဘာ့အလယ်တွင် ကိုယ်ပိုင်စာပေ၊ ကိုယ်ပိုင်ယဉ်ကျေးမှုတို့ဖြင့် တင့်တယ်ထည်ဝါစွာနေလာခဲ့သည့် လူမျိုးတစ်မျိုးဖြစ်သည်ကို ထိုကျောက်စာများက ပြောပြနေသည်မှာ အထင်အရှားပင် ဖြစ်ပါသည်။ ။



ပုဂံရွှေကျောင်း အရှေ့ဂူကျောက်စာ ပုဂံခေတ်(အေဒီ ၁၂ ရာစု)



ရွှေပြည်စိုးကျောင်း ကျောက်စာ ညောင်ရမ်းခေတ်(အေဒီ ၁၆ ရာစု)

# နိုင်ငံတော်အစိုးရ ပထမပြန်စာမေးပွဲအောင် သံဃာတော်များအား ဂုဏ်ပြုပူဇော်



**နေပြည်တော် ဖေဖော်ဝါရီ ၂**

မြန်မာနိုင်ငံလုံးဆိုင်ရာ ဝိနယဓံသပါလအသင်းက ကြီးမှူးကျင်းပသည့် နိုင်ငံတော်အစိုးရ ပထမပြန် စာမေးပွဲကို အောင်မြင်တော်မူကြသည့် သံဃာတော် အရှင်မြတ်များအား ဂုဏ်ပြုပူဇော်ပွဲနှင့် ဝိနယဓံသ ပါလအသင်းနှင့် နေပြည်တော် ယဉ်ကျေးလိမ္မာ စင်တာ ဓမ္မကျောင်းတော်တို့၏ နှစ်ပတ်လည် မတည် အလှူရှင် အနုမောဓနာလွှာ ဂုဏ်ပြုလွှာပေးအပ်ခြင်း အခမ်းအနားကို ဇန်နဝါရီ ၃၀ ရက်က နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ရတနာမဉ္ဇူလမ်းတွင် တည်ရှိသည့် နေပြည်တော် ရန်အောင်မြင်တောရကျောင်း (မြို့တော်ဝန်ကျောင်း) သီရိမင်္ဂလာသာသနာ့ ဗိမာန် တော်ကြီး၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံလုံးဆိုင်ရာ ဝိနယ ဓံသပါလအသင်း၏ ပဓာနဦးဆောင် ဆရာတော်၊ ရန်အောင်မြင်တောရကျောင်း၏ ပဓာနနာယက ရန်ကင်းတောရဆရာတော်က ဩဝါဒစကားမိန့်ကြား ပြီး စာအောင်အရှင်မြတ်တို့၏ ပဋ္ဌိယတ္တိစာပေ သင်ယူ အောင်မြင်မှုအခြေအနေများကို အသင်းကြီး၏ နာယကအဖွဲ့ဝင် ဦးကြည်တင်က ဂုဏ်ပြု လျှောက်ထားသည်။

ထို့နောက် ရန်အောင်မြင်တောရ (မြို့တော်ဝန် ကျောင်း) စာသင်စာချဆရာတော် အရှင်သူမြတ်တို့ အား လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် စာအောင် အရှင်မြတ်တို့အား ဝိနယဓံသပါလအသင်းကြီးက ဂုဏ်ပြုမှတ်တမ်းလွှာများ ဆက်ကပ်လှူဒါန်းကြ ပြီး စာအောင်အရှင်မြတ်တို့၏ ခမည်းတော်နှင့် မယ်တော်တို့အား ဂုဏ်ပြုချီးမြှင့်ငွေများ ထောက်ပံ့ သည်။

နေပြည်တော် ရန်အောင်မြင်တောရကျောင်း (မြို့တော်ဝန်ကျောင်း)မှ ၂၀၂၁ ခုနှစ် နိုင်ငံတော်အစိုးရ ပထမပြန်စာမေးပွဲကို အောင်မြင်တော်မူခဲ့ကြသည့် သံဃာတော် အရှင်မြတ်များအနက် ရှင်အာလောက က ပထမလတ်တန်းကို ပါဠိဂုဏ်ထူးဖြင့်လည်း ကောင်း၊ ရှင်ဝိမလက ပထမငယ်တန်းကို ပါဠိ ဂုဏ်ထူးဖြင့်လည်းကောင်း၊ ရှင်တေဇက ပထမငယ် တန်းကို ပါဠိဂုဏ်ထူးဖြင့်လည်းကောင်း၊ ရှင်စန္ဒသီရိ က ပထမငယ်တန်းကို ပါဠိဂုဏ်ထူးဖြင့်လည်း ကောင်း၊ ရှင်ကုဏ္ဍလက ပထမငယ်တန်းနှင့် အရှင် ဓမ္မသိရီတို့က မူလတန်းကိုလည်းကောင်း အောင်မြင် ခဲ့ကြကြောင်း သိရသည်။

နိုင်ငံတော်အစိုးရပထမပြန်စာမေးပွဲတွင် စာမေး ပွဲမေးခွန်းများကို မြန်မာစာမပါဘဲ ပါဠိဘာသာ သက်သက်ဖြင့် ဖြေဆိုမှသာလျှင် ပါဠိဂုဏ်ထူးရရှိခြင်း ဖြစ်ကြောင်း မြန်မာနိုင်ငံလုံးဆိုင်ရာ ဝိနယဓံသပါလ အသင်းကြီးမှ သိရသည်။ **ကိုပေါက်(ဥက္ကာမြေ)**

## ဧရာဝတီတိုင်းဒေသကြီး ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနနှင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းအိမ်ရာများ ဖွင့်ပွဲကျင်းပ

**ပုသိမ် ဖေဖော်ဝါရီ ၂**

ဧရာဝတီတိုင်းဒေသကြီး ကုန်း လမ်း ပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာန ဝန်ထမ်းအိမ်ရာသစ် ဖွင့်ပွဲကို ဖေဖော်ဝါရီ ၁ ရက်က အဆိုပါ ဝန်ထမ်းအိမ်ရာရှေ့၌ ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ အနောက်တောင်တိုင်း စစ်ဌာန ချုပ် တိုင်းမှူး ဗိုလ်ချုပ် အောင်အောင်၊ တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာ ဝန်ကြီး ဗိုလ်မှူးကြီး ကျော်စွာ လှိုင်နှင့် လမ်းပန်းဆက်သွယ်ရေး ဝန်ကြီး ရဲမှူးကြီး တင်ဇော်ထွန်း တို့က ဝန်ထမ်းအိမ်ရာကို ဖဲကြိုး ဖြတ် ဖွင့်လှစ်ပေးကြသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဝန်ထမ်းအိမ်ရာအား လှည့်လည် ကြည့်ရှုစစ်ဆေးကြသည်။ အဆိုပါ ဝန်ထမ်းအိမ်ရာမှာ အလျား ၇၅ ပေ၊ အနံ ပေ၄၀ ၊ အမြင့် ၂၄ ပေရှိပြီး လေးခန်းတွဲ နှစ်ထပ် သံကူကွန်ကရစ် အဆောက်အအုံ ဖြစ်ကာ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် ပြည်ထောင်စု ခွင့်ပြုရန်ပုံငွေကျပ် ၁၇၅ ဒသမ ၅ သန်း အကုန်ကျခံ တည်ဆောက်ခဲ့ခြင်း ဖြစ်သည်။

ဆက်လက်၍ ဧရာဝတီတိုင်း ဒေသကြီး အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ရွှေဝတ်မှုန်ဝန်ထမ်း အိမ်ရာဖွင့်ပွဲကို အဆိုပါ ဝန်ထမ်း အိမ်ရာရှေ့၌ ကျင်းပရာ တိုင်း ဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိ သူများက ဝန်ထမ်းအိမ်ရာကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဝန်ထမ်းအိမ်ရာအတွင်း လှည့် လည် ကြည့်ရှုစစ်ဆေးသည်။



အဆိုပါ ဝန်ထမ်းအိမ်ရာမှာ အလျား ပေ ၁၂၀ ၊ အနံ ပေ ၃၀ ၊ အမြင့် ၃၂ ပေ ရှိပြီး ခြောက်ခန်း တွဲ သုံးထပ် RC အမျိုးအစား ဖြစ်ကာ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် တိုင်းဒေသကြီးအစိုးရအဖွဲ့ ခွင့်ပြု ရန်ပုံငွေကျပ် ၃၀၅ သန်းခန့် အကုန်ကျခံ၍ တည်ဆောက်ခဲ့ ကြောင်း သိရသည်။

**ကိုတွတ်(ပြန်/ဆက်)**

## သတင်းမီဒီယာသမားများအရည်အသွေးမြှင့်တင်ရေးသင်တန်း အမှတ်စဉ်(၄)ဖွင့်လှစ်

**နေပြည်တော် ဖေဖော်ဝါရီ ၂**

မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီသည် သတင်းအတုသတင်းအမှားများ ပပျောက်စေ ရေးကို ရည်ရွယ်၍ အချက်အလက်အခြေပြု သတင်းမီဒီယာသမားများ အရည်အသွေး မြှင့်တင်ရေးသင်တန်းအမှတ်စဉ် (၄)ကို အဆိုပါ ကောင်စီရုံးသင်တန်းခန်းမ၌ ဇန်နဝါရီ ၃၁ ရက် က ဖွင့်လှစ်ကျင်းပရာ မြန်မာနိုင်ငံသတင်း မီဒီယာကောင်စီဥက္ကဋ္ဌ ဦးအုန်းမောင်(မြင်းမူ မောင်နိုင်မိုး)နှင့် ဒုတိယဥက္ကဋ္ဌများ၊ ကောင်စီဝင် များ တက်ရောက်ကြသည်။

### သတင်းတုသတင်းမှားများ

သင်တန်းဖွင့်ပွဲတွင် မြန်မာနိုင်ငံသတင်း မီဒီယာကောင်စီဥက္ကဋ္ဌက အမှာစကားပြောကြား ရာတွင် ယနေ့ကာလနိုင်ငံအတွင်း ဖြန့်ချိနေ သည့် သတင်းအတု၊သတင်းအမှားများကြောင့် ပြည်သူများအတွင်း အကျိုးမဲ့ကိစ္စရပ်များစွာ ဖြစ်ပေါ်နေကြောင်း၊ ထို့ကြောင့် မိမိတို့သတင်း မီဒီယာသမားများအနေဖြင့် သတင်းအမှန်များ ကိုသာ ရေးသား ဖြန့်ဝေနိုင်ရန် အားထုတ်ရ မည်ဖြစ်ကြောင်း၊ မကြာသေးမီ ရက်အနည်း ငယ်က အိမ်နီးချင်းနိုင်ငံတစ်နိုင်ငံ၏ သတင်း မီဒီယာကောင်စီအဖွဲ့တစ်ဖွဲ့နှင့် ဗီဒီယို ကွန်ဖရင့်စနစ်ဖြင့် အမြင်ချင်းဖလှယ်ဆွေးနွေးမှု ပြုရာတွင် သတင်းအမှားများနှင့် ပတ်သက်၍ စိတ်ဝင်တစား ဆွေးနွေးမေးမြန်းမှုများရှိခဲ့ ကြောင်း၊မိမိတို့ကောင်စီက မည်သည့်သတင်း က အမှန်ဖြစ်၍ မည်သည့်သတင်းက အမှားဖြစ် သည်ကို ဖြစ်စဉ်ဖြစ်ရပ် အချက်အလက် အထောက်အထားများနှင့်တကွ ရှင်းလင်းပြ ခဲ့ရသည်များရှိကြောင်း၊ သို့ဖြစ်၍ မိမိတို့ သတင်းမီဒီယာသမားများသည် နိုင်ငံတော် နှင့် ပြည်သူတို့၏ ပုံရိပ်ကိုထိခိုက်စေသည့် သတင်းအမှားများ ပပျောက်ကျေပျက်အောင် ချေဖျက်ရင်း နိုင်ငံတော်နှင့်ပြည်သူတို့၏ အကျိုးကို ရှေးရှုဦးတည်ကာ စေတနာမှန်ဖြင့် သတင်းအမှန်များကို အမှန်အတိုင်းရေးသား ဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ အဆိုပါ လိုအပ်ချက်ကို တတ်နိုင်သမျှ ဖြည့်စွမ်းပေးလို သဖြင့် ဤသင်တန်းကို ဖွင့်လှစ်ပေးရခြင်းဖြစ် ကြောင်း ပြောကြားသည်။

ထို့နောက် သင်တန်းမှူးဖြစ်သူ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ အတွင်းရေးမှူး ဦးအောင်ပြည့်စုံက သင်တန်းနှင့် ပတ်သက် သည်များကို ရှင်းလင်းပြောကြားသည်။

အဆိုပါ သင်တန်းသို့ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ သင်တန်းသား ၂၅ ဦး တက် ရောက်ကြကြောင်း သိရသည်။ **သတင်းစဉ်**

## ရေကြောင်းသတိပေးချက် ထုတ်ပြန်ကြေညာ

၁။ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ရေနံရှာဖွေတူး ဖော်ရေးလုပ်ငန်းများတွင် အကျိုးတူ ပူးပေါင်းဆောင်ရွက်လျက် ရှိသော PTTEP International Limited ၏ပိုက်လိုင်းကုမ္ပဏီဖြစ်သော Delta Gas Transporation Limited(DGT)သည် ကမ်းလွန် လုပ်ကွက်အမှတ်၊ M-9 နှင့် M-3 တို့နှင့်ဆက်စပ်နေသည့် Domestic Gas to Power (DG2P) Project အတွက် Marine Baseline Survey of Pipeline လုပ်ငန်းများအား Survey Vessel “MV. HAI DUONG 68” ရေယာဉ်ဖြင့် ဆောင်ရွက်သွားမည့် တည်နေရာကို ဖော်ပြသည့် Coordinates များဖြစ်သော Point-1 မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၄၅ မိနစ် ၄၉.၂၇ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၁ မိနစ် ၅၅.၆၈ စက္ကန့်၊ Point-2 မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၄၅ မိနစ် ၂၀.၁၇ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၁ မိနစ် ၄၀.၅၃ စက္ကန့်၊ Point-3 မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၁၇ မိနစ် ၁၉.၄၄ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၁၆ မိနစ် ၃၇.၆၅ စက္ကန့်၊ Point-4 မြောက် လတ္တီတွဒ် ၁၅ ဒီဂရီ ၁၆ မိနစ် ၅၃.၈၁ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၁၆ မိနစ် ၁၈.၃၉ စက္ကန့် နှင့် Point-Reference Station မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၂၇ မိနစ် ၄၇.၁၅ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၂၁ မိနစ် ၂၀.၈၃ စက္ကန့်တို့ အတွင်းတွင် ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီ ၁၄ ရက်မှ ၂၂ ရက်အထိ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၂။ သို့ဖြစ်ပါ၍ ကမ်းလွန်လုပ်ကွက်အမှတ် M-9နှင့် M-3 တို့နှင့် ဆက်စပ်နေသည့် Domestic Gas to Power (DG2P) Project အတွက် Marine Baseline Survey of Pipeline လုပ်ငန်းများအား Survey Vessel “MV. HAI DUONG 68”ရေယာဉ်ဖြင့် လုပ်ငန်း များဆောင်ရွက်နေစဉ်ကာလအတွင်း လုပ်ငန်းများနှောင့်နှေး ကြန့်ကြာမှုမဖြစ်ပေါ်စေရေးအတွက် ဖော်ပြပါလုပ်ငန်းခွင်တည် နေရာများမှ (၄) ကီလိုမီတာ ပတ်လည်အတွင်းအား ရေကြောင်း သတိပေးချက် (Notice to Mariners) ထုတ်ပြန်ကြေညာထားပါ၍ သင်္ဘောကြီးငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားထား ခြင်း၊ ငါးဖမ်းဆီးခြင်းနှင့် ငါးဖမ်းကိရိယာများချထားခြင်း မပြုလုပ် ကြရန် အသိပေးကြေညာအပ်ပါသည်။ **ငါးလုပ်ငန်းဦးစီးဌာန**

**အိမ်ပြင်ပ၌ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**



# ပြန်လည်စစ်ဆေးမည့် ITPEC စာမေးပွဲများအတွက် သင်တန်းများ အပြိုင်အဆိုင်ဖွင့်လှစ်လာ

**ရန်ကုန် ဖေဖော်ဝါရီ ၂**

ယခင်က မြန်မာနိုင်ငံတွင် နှစ်စဉ် တစ်နှစ်လျှင်နှစ်ကြိမ်ကျင်းပခဲ့ပြီး ၂၀၂၁ ခုနှစ်အတွင်း မကျင်းပနိုင်ခဲ့သော ITPEC စာမေးပွဲကို ယခုနှစ် ဧပြီနှင့် အောက်တိုဘာလအတွင်း ပြန်လည်ကျင်းပတော့မည်ဖြစ်ရာ ဖြေဆိုလိုသူ များပြားလျက်ရှိသလို စာမေးပွဲအတွက် သင်ကြားပေးမည့် သင်တန်းများကိုလည်း အပြိုင်အဆိုင် ဖွင့်လှစ်လာလျက်ရှိသည်ကို တွေ့ရသည်။

ITPEC စာမေးပွဲတွင် IT Passport(IP), Fundamental IT Engineer(FE)နှင့် Applied IT Engineer (AP)ဟု အဆင့်သုံးမျိုးရှိပြီး IP မှာ အခြေခံအဆင့်ဖြစ်ကာ လက်ရှိတွင် စာမေးပွဲပြင်ဆင်မှုသင်တန်းများအများဆုံးဖွင့်နေသော အမျိုးအစားလည်းဖြစ်သည်။

သင်တန်းများဖွင့်ရာတွင် ဧပြီလ စာမေးပွဲအတွက် အချိန်နည်းနေသောကြောင့် စာမေးပွဲပြင်ဆင်မှုသင်တန်းများအဖြစ် အချိန်တိုဖြင့် သင်တန်းကြေးကျပ်တစ်သိန်းမှ နှစ်သိန်းအထိနှုန်းဖြင့် ဖွင့်လှစ်လျက်ရှိပြီး အွန်လိုင်းမှရော စာသင်ခန်းမှပါ သင်ကြားသည့်ပုံစံနှစ်မျိုးလုံးဖြင့် ဖွင့်နေသည်ကို တွေ့ရသည်။ IP သင်တန်းသည် ပုံမှန်အားဖြင့် သင်တန်းချိန် နာရီ ၂၅၀ ခန့်ရှိ၍ ပုံမှန်သင်တန်းကြေး ကျပ်ခြောက်သိန်းဝန်းကျင်ရှိရာ အောက်တိုဘာလ စာမေးပွဲအတွက် သင်တန်းများကိုမူ အချိန်ပြည့်သင်တန်းများအဖြစ်သာ ဖွင့်လှစ်မှုများနေသည်ကို တွေ့ရသည်။

FE နှင့် AP စာမေးပွဲများမှာမူ IP အောင်မြင်ပြီးသူများသာ ထပ်မံဖြေဆိုနိုင်သည့် စာမေးပွဲဖြစ်ပြီး ယင်းစာမေးပွဲနှစ်ခုမှ တစ်ခုခုတွင် အောင်မြင်သူများသည် ဂျပန်အပါအဝင် ပြည်ပနိုင်ငံများတွင် အိုင်တီပညာရှင် အင်ဂျင်နီယာအဖြစ် အလုပ်လုပ်နိုင်ခွင့်ရှိသည့် စာမေးပွဲများဖြစ်သည်။ စာမေးပွဲများအတွက် သင်တန်းချိန်များမှာလည်း ပုံမှန် နာရီ ၂၅၀ ခန့်စီရှိကာ ယင်းစာမေးပွဲနှစ်ခုအတွက် သင်တန်းများကိုမူ အကြိုပြင်ဆင်မှုသင်တန်းများအစား အချိန်ပြည့်သင်တန်းများအဖြစ်သာ ဖွင့်လှစ်မှုများနေသည်ကို တွေ့ရသည်။

မြန်မာနိုင်ငံသည် ဂျပန် ITPEC အဖွဲ့ဝင်အဖြစ် ITPEC စာမေးပွဲကို မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်က ကြီးကြပ်၍ ကွန်ပျူတာပညာရှင်အသင်းက ရန်ကုန်မြို့အပါအဝင် အသင်းခွဲများရှိရာ ပြည်နယ်/တိုင်းဒေသကြီးများတွင်ပါ တစ်ပြိုင်တည်း စစ်ဆေးပြီး အောင်မြင်သူများသည် မြန်မာနိုင်ငံမှ တက္ကသိုလ်ဘွဲ့တစ်ခုခုမရသော်လည်း ဂျပန်အပါအဝင် ပြည်ပနိုင်ငံများတွင် အိုင်တီပညာရှင် အင်ဂျင်နီယာအဖြစ် အလုပ်လုပ်ခွင့်ရှိမည်ဖြစ်သည်။ ထို့ကြောင့် ITPEC စာမေးပွဲများကို မြန်မာနိုင်ငံမှစိတ်ဝင်တစားဖြေဆိုသူများပြားပြီး ယခင်နှစ်များက စစ်ဆေးခဲ့သော စာမေးပွဲများတွင် မြန်မာကျောင်းသားများ ဖြေဆိုမှုမှာထောင်ချီရှိခဲ့သလို အောင်မြင်မှုရာခိုင်နှုန်းမှာလည်း တိုးတက်ခဲ့ကြောင်း သိရသည်။

**ကိုစိုး**

# အင်တာနက်ဒေတာကုန်ကျမှု သက်သာစေမည့် အကြံပြုချက်ခြောက်ခုကို တယ်လီနောထုတ်ပြန်

**ရန်ကုန် ဖေဖော်ဝါရီ ၂**

ဇန်နဝါရီ ၆ ရက်က ထုတ်ပြန်ခဲ့သည့် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေအရ ဆင်းကတ်အသစ်ကို စတင်အသုံးပြုနိုင်ရန် ဝန်ဆောင်ခနှင့် အင်တာနက်ဒေတာသုံးစွဲမှုအတွက် ဝန်ဆောင်ခနှုန်းထားများ မြင့်တက်လာရာ ဒေတာကုန်ကျမှုသက်သာစေမည့် အကြံပြုချက်ခြောက်ခုကို တယ်လီနောမြန်မာက ဇန်နဝါရီ ၂၄ ရက်တွင် ထုတ်ပြန်ခဲ့သည်။ ယင်းအချက်များမှာ

**မိမိရှိပြီးသားဆင်းကတ်ကို ဂရုတစိုက်ဖြင့် ဆက်လက်သုံးစွဲရန်**

အသစ်ပြဋ္ဌာန်းလိုက်သည့် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေနှင့် ယခင်ပြဋ္ဌာန်းပြီးသားဖြစ်သည့် သက်သေခံကတ်ပြားတစ်ခုလျှင် မှတ်ပုံတင်နိုင်သည့် ဆင်းကတ်အရေအတွက်ကန့်သတ်ချက်ကြောင့် ဆင်းကတ်အသစ်များ ဝယ်ယူမည့်အစား လက်ရှိဆင်းကတ်ကိုသာ ဆက်လက်အသုံးပြုရန်။

**ဒေတာအတွေ့အကြုံကို အကောင်းဆုံး ရယူရန်**

အော်ပရေတာများကြား ဒေတာအသုံးပြုခ ဈေးနှုန်းကွာဟမှု နည်းပါးလာသောကြောင့် ဒေတာအတွေ့အကြုံ အကောင်းဆုံးရရှိရေးသည် သုံးစွဲသူများအတွက် ပိုမိုအရေးပါလာသဖြင့် အော်ပရေတာ ရွေးချယ်အသုံးပြုရန်နှင့် ကွန်ရက်ကောင်းသောနေရာမှ အသုံးပြုရန်။

**ဖုန်းခေါ်ဆိုမှုနှင့် စာတိုပေးပို့မှုကို တတ်နိုင်သမျှ အသုံးပြုရန်**

အင်တာနက်မှ ဗီဒီယိုကောလ် ခေါ်ဆိုခြင်းများအစား ဈေးနှုန်းပိုမိုသက်သာလာသည့် ပုံမှန်ဖုန်းခေါ်ဆိုမှု သို့မဟုတ် စာတိုပေးပို့မှုများကို ပြောင်းသုံးရေး စဉ်းစားရန်၊ တယ်လီနောအသုံးပြုသူများအနေဖြင့် မကြာမီက တယ်လီနောမြန်မာက မိတ်ဆက်ခဲ့သည့် အင်တာနက်မလိုဘဲ အုပ်စုဖွဲ့ စာပေးပို့နိုင်သည့် စာတိုစကားဝိုင်း(SMS Sagar Wine) ဝန်ဆောင်မှုနှင့် Voice Conference Call ဝန်ဆောင်မှုများကို အသုံးပြုရန်။

**တိုက်ရိုက်နားဆင်/ကြည့်ရှုသည့်အစား ဒေါင်းလုပ်ပြုလုပ်ရန်**

အွန်လိုင်းမှ သီချင်းနှင့် ဗွီဒီယိုများ တိုက်ရိုက် နားထောင်/ကြည့်ရှုခြင်းအစား WiFi ရရှိစဉ်တွင် ဒေါင်းလုပ်ပြုလုပ်ထားရန်နှင့် ဈေးနှုန်းသင့်တင့်ပြီး တည်ငြိမ်သည့်အမြန်နှုန်းရှိကာ သတ်မှတ်ချက်များနှင့်အညီ ဒေတာအကန့်အသတ်မရှိ သုံးနိုင်မည့် တယ်လီနော Home အင်တာနက်ကဲ့သို့ အင်တာနက်လိုင်းများကို အသုံးပြုရန်။

**အော်တိုဒေါင်းလုပ်များနှင့် နောက်ကွယ်တွင် ဒေတာအသုံးပြုသည့် အက်ပ်များကို ပိတ်ထားရန်**

ဒေတာကုန်ကျမှုနည်းစေရန် အက်ပ်များ၏ ဒေတာအသုံးပြုမှုကို စစ်ဆေးပြီး နောက်ကွယ်တွင် ဒေတာအသုံးပြုမရအောင် ပိတ်ထားရန်၊ အက်ပ်များကို ဗားရှင်းမြှင့်တင်သည့်အခါ ဝိုင်ဖိုင်ဖြင့်သာ ပြုလုပ်ရန်ရွေးထားခြင်းဖြင့် မလိုအပ်သည့် ဒေတာအသုံးပြုမှုကို လျှော့ချရန်။

**GPS နှင့် အရေးမကြီးသည့် notifications များကို ပိတ်ထားရန်**

ဖုန်းများပေါ်မှ တည်နေရာပြဝန်ဆောင်မှုများနှင့် notifications များသည် မိုဘိုင်းဒေတာများကို မသိလိုက်ဘဲ ကုန်ဆုံးစေနိုင်သဖြင့် ဒေတာအသုံးပြုမှု လျော့ကျစေရန်အတွက် ဖုန်း၏ GPS နှင့် အရေးမကြီးသော အက်ပ်များမှ notifications များကို ပိတ်ထား၍ အရေးကြီးသည့် အက်ပ်များအတွက်သာ notification ကို ဖွင့်ထားရန် စသည့် အချက်များဖြစ်သည်။

**ကိုစိုး**

# PUBG ဂိမ်း ကွန်ပျူတာဗားရှင်းကို အခမဲ့ ရယူကစားနိုင်ပြီ



**ရန်ကုန် ဖေဖော်ဝါရီ ၂**

လူကြိုက်အများဆုံး မိုဘိုင်းဂိမ်းတစ်ခုဖြစ်သည့် PUBG ဂိမ်းကို ကွန်ပျူတာများဖြင့်ပါ ကစားနိုင်သည့် ကွန်ပျူတာဗားရှင်းကို ဇန်နဝါရီ ၁၂ ရက်မှစ၍ အခမဲ့ ထုတ်ပေးထားပြီဖြစ်သည်။

၂၀၁၇ ခုနှစ်မှစ၍ ဒေါ်လာ ၂၀ ဖြင့် ရောင်းချခဲ့သည့် PUBG ကွန်ပျူတာဗားရှင်းကို ယခုနှစ် ဇန်နဝါရီ ၁၂ ရက်မှစ၍ အခမဲ့ ကစားခွင့်ပေးသွားတော့မည်ဖြစ်ကြောင်း ဂိမ်းကိုထုတ်လုပ်သည့် Krafton က ဒီဇင်ဘာ ၁၁ ရက်က ကြေညာထားခဲ့ပြီးနောက် ကြေညာသည့်ရက်တွင် အခမဲ့ထုတ်ပေးခဲ့သော်လည်း အပ်ဒိတ်အဆင်မပြေမှုများရှိသဖြင့် ၃၇ နာရီကြာ ပြန်လည်ပြင်ဆင်မှုများပြုလုပ်ခဲ့ရပြီးမှ အဆင်ပြေစွာကစားနိုင်သည့် အပ်ဒိတ်ကို ထုတ်ပေးနိုင်ခဲ့ခြင်းဖြစ်သည်။

ဂိမ်းကိုကစားနိုင်ရန်အတွက် ဟာ့ဒ်ဝဲပိုင်းလိုအပ်ချက်များအနေဖြင့် ကွန်ပျူတာသည် Windows 7/ Windows 8.1/ Windows 10 (64-bit) ဖြစ်ရမည်ဖြစ်ပြီး CPU က အနိမ့်ဆုံး Intel i5 4th Gen သို့မဟုတ် AMD FX-6300 ရှိရမည်ဖြစ်သည်။ ဂိမ်းအတွက် မင်မိုရီပမာဏ အနည်းဆုံး 30GB နှင့် RAM က အနည်းဆုံး 8GB ရှိရမည်ဖြစ်ပြီး ဂရပ်ဖစ်ပိုင်းအတွက် NVIDIA GeForce GTX 960 2GB ကတ် သို့မဟုတ် AMD Radeon R7 370 2GB ကတ်ကို အနိမ့်ဆုံး လိုအပ်မည်ဖြစ်သည်။ ဂရပ်ဖစ်ကောင်းသော အွန်လိုင်းဂိမ်းဖြစ်၍ မြန်နှုန်းမြင့်အင်တာနက်လိုင်းလည်း လိုအပ်မည်ဖြစ်သည်။

PUBG ဂိမ်း ကွန်ပျူတာဗားရှင်းကို အခမဲ့ကစားခွင့်ပေးမည်ဟု စတင်ကြေညာသည့် ဒီဇင်ဘာလအတွင်းက ဟာ့ဒ်ဝဲလိုအပ်ချက်နှင့် ဂိမ်းဖိုင်အရွယ်အစားကို မကြေညာခဲ့သဖြင့် ပြည်တွင်းမှ ဂိမ်းဝါသနာရှင်အများစုအနေဖြင့် ဂိမ်းထွက်လာချိန်ကို မျှော်လင့်ခဲ့ကြသည်။ ယခု အခမဲ့ဗားရှင်းထုတ်ပေးချိန်တွင် ဂရပ်ဖစ်လိုအပ်ချက် အနည်းငယ်မြင့်နေသလို ဂိမ်းဖိုင်အရွယ်အစား အလွန်ကြီးပြီး အင်တာနက်မြန်နှုန်းမြင့်ရန်လည်း လိုအပ်သောကြောင့် စမ်းသပ်ကစားနိုင်သူ အနည်းငယ်သာရှိကြောင်း သိရသည်။

**ကိုစိုး**

## New Product

# မကြာမီ စတင်ရောင်းချတော့မည့် Xiaomi 11T Pro စမတ်ဖုန်းသစ်

Xiaomi 11T Pro စမတ်ဖုန်းကို နိုင်ငံတကာဈေးကွက်မှာ အောက်တိုဘာလအတွင်းက စတင်ရောင်းချပြီး ပြည်တွင်းဈေးကွက်မှာတော့ မကြာမီတရားဝင်စတင်ရောင်းချတော့မယ်လို့ Xiaomi Myanmar က ကြေညာထားပါတယ်။ စွမ်းဆောင်ရည်မြင့်တဲ့ တန်ဖိုးမြင့်ဖုန်း မော်ဒယ်တစ်ခုဖြစ်ပြီး အန်းဒရွိုက် 11 ဗားရှင်းဖြစ်ပေမယ့် အန်းဒရွိုက် 12 အပ်ဒိတ်ကို အစောဆုံးရမယ့်ဖုန်းလည်းဖြစ်ပါတယ်။ Xiaomi 11T Pro စမတ်ဖုန်းရဲ့ အဓိကကျတဲ့အချက်တွေကို ဖော်ပြလိုက်ပါတယ်။

| | |
|---|---|
| မျက်နှာပြင်အကျယ် | ၆ ဒသမ ၆၇ လက်မ |
| မျက်နှာပြင်အမျိုးအစား | AMOLED, Dolby Vision, 120Hz |
| Resolution | 1080 x 2400 pixels |
| မျက်နှာပြင်အကာအကွယ် | Corning Gorilla Glass Victus |
| အန်းဒရွိုက်ဗားရှင်းနဲ့ UI | Android 11, MIUI 12.5 |
| Chipset | SM8350 Snapdragon 888 5G |
| CPU | Octa-core |
| RAM နဲ့ မင်မိုရီ | 8/128, 8/256, 12/256 (မင်မိုရီကတ် မသုံးနိုင်) |
| ပင်မကင်မရာ | 108+8+5 MP(Triple Camera) |
| ဆယ်လ်ဖီကင်မရာ | 16 MP |
| USB | Type-C 2.0, On-The-Go |
| ဘက်ထရီ | Li-Po 5000 mAh |
| အားသွင်းစနစ် | 120W အမြန်အားသွင်းစနစ် |



နောက်ပိုင်းထွက်စွမ်းဆောင်ရည်မြင့်ဖုန်းတွေမှာ လက်ဗွေနဲ့ဖွင့်တဲ့စနစ်ကို မျက်နှာပြင်အောက်ထဲမှာသာ ထည့်သွင်းလာကြချိန်မှာ ဒီဖုန်းမှာတော့ လက်ဗွေစနစ်ကို ကိုယ်ထည်ဘေးဘက်မှာ ထည့်ထားတာက အားနည်းချက်တစ်ခုဖြစ်နေပြီး ဒီအားနည်းချက်ကလွဲလို့ စွမ်းဆောင်ရည်ပိုင်း၊ ကင်မရာပိုင်း၊ ဘက်ထရီပိုင်းတွေမှာတော့ ကောင်းမွန်တာတွေ့ရပါတယ်။ နိုင်ငံတကာဈေးကွက်မှာ RAM ဗားရှင်း သုံးမျိုးခွဲထွက်ထားပေမယ့် ပြည်တွင်းဈေးကွက်မှာတော့ Xiaomi Myanmar က 8/256 တစ်မျိုးတည်းကိုပဲ ရောင်းချဖို့ကြေညာထားပြီး ဈေးနှုန်းက ကျပ် ၉၉၉၀၀၀ ဖြစ်ပါတယ်။

**ကိုစိုး**

# "စိန်ရတု ပြည်ထောင်စု လူရွှင်တော်ဖလား" လူရွှင်တော်ပြိုင်ပွဲ ပွဲစဉ်(၅) မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၌ ပြသမည်

**နေပြည်တော် ဖေဖော်ဝါရီ ၂**

(၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ကိုကြိုဆိုဂုဏ်ပြုသောအားဖြင့် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားနှင့် မြန်မာနိုင်ငံလူရွှင်တော်အသင်း(ဗဟို)တို့ ပူးပေါင်းပြီး "စိန်ရတုပြည်ထောင်စုလူရွှင်တော်ဖလား" လူရွှင်တော်ပြိုင်ပွဲ၊ ပွဲစဉ်(၅)ကို ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီ ၅ ရက် စနေနေ့ ည ၈ နာရီ သတင်းအပြီးတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ MRTV HD Channel မှ ထုတ်လွှင့်ပြသမည်ဖြစ်သည်။

ယင်းပြိုင်ပွဲတွင် ဟာသမင်္ဂလာ ရွှေဆိုင်းတော်အဖွဲ့ တီးခတ်မှုနှင့်အတူ လူရွှင်တော်များဖြစ်ကြသည့် ကော်ဖီ၊ ဖြိုးကြွယ်၊ ဝါဂွမ်းနှင့် ချစ်သူတို့ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး ဒုတိယအကြိမ် ထပ်မံထုတ်လွှင့်ခြင်းကို ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီ ၉ ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁ နာရီခွဲ National News အင်္ဂလိပ်ဘာသာ သတင်းအစီအစဉ်အပြီးတွင် ပြသမည်ဖြစ်သည်။




အဆိုပါပြိုင်ပွဲကို ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၈ ရက်မှ ဖေဖော်ဝါရီ ၅ ရက်အထိ ပွဲစဉ် ၅ ပွဲကို အပတ်စဉ် စနေနေ့ညတိုင်းနှင့် ဖေဖော်ဝါရီ ၉ ရက်နှင့် ၁၀ ရက် ညတို့ အပြင် ဖေဖော်ဝါရီ ၁၂ ရက် (စနေနေ့) ညပိုင်းတွင် ထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**




## သုတဝေဖြာသီရိဂေဟာ မိသားစုပြိုင်ပွဲ အသိပညာပေးအစီအစဉ် လူရွှင်တော်အသင်းနှင့် ကိုလူချောအဖွဲ့တို့မှ မိသားစုများ ပါဝင်ယှဉ်ပြိုင်မည်

**နေပြည်တော် ဖေဖော်ဝါရီ ၂**

သုတဝေဖြာသီရိဂေဟာ မိသားစုပြိုင်ပွဲ အသိပညာပေးအစီအစဉ် (Family Quiz) ပွဲစဉ်အမှတ်(၅၂)ကို ဖေဖော်ဝါရီ ၄ ရက်တွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဆက်လက်ထုတ်လွှင့်မည်ဖြစ်သည်။

အဆိုပါ ပွဲစဉ်အမှတ်(၅၂)၏ ကိုဗစ်-၁၉ ဆိုင်ရာ အသိပညာပေးအစီအစဉ်ကို တေးသံရှင် ရဲထိုက်နှင့် MRTV မှ ဆုမြလှိုင်တို့က တင်ဆက်ကြမည်ဖြစ်ပြီး လူရွှင်တော်အသင်းနှင့် ကိုလူချောတို့အဖွဲ့မှ မိသားစုများ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ရာ ယင်းပြိုင်ပွဲများကို ဖေဖော်ဝါရီ ၄၊ ၅၊ ၆၊ ရက်များတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား MRTV HD မှ ညနေ ၆ နာရီ သတင်းအပြီးတွင် ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ကျောက်ဖြူမြို့ ပင်လယ်ကမ်းစပ်တွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ စက်ပျက်မျောပါလာသည့် ရေမျောကမ်းတင်စက်လှေတစ်စင်းရောက်ရှိ

**ကျောက်ဖြူ ဖေဖော်ဝါရီ ၂**

ရခိုင်ပြည်နယ် ကျောက်ဖြူမြို့ စေတီယျရပ်ကွက် NRC အအေးခန်းစက်ရုံကြီးအနီး ပင်လယ်ကမ်းစပ်တွင် စက်လှေတစ်စင်း ရေမျောကမ်းတင်နေကြောင်း သတင်းအရ ယမန်နေ့ နံနက်ပိုင်းက တာဝန်ရှိသူများက သွားရောက်စစ်ဆေးခဲ့ရာ အဆိုပါစက်လှေမှာ ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ စက်ပျက်၍ မျောပါလာသည့် ငါးဖမ်းစက်လှေဖြစ်ကြောင်း သိရသည်။

အဆိုပါ ငါးဖမ်းစက်လှေသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံ တက္ကနက်မြို့ မှဖြစ်ပြီး ဇန်နဝါရီ ၂၅ ရက်က ပင်လယ်ပြင်သို့ စတင်ငါးဖမ်းထွက်ခဲ့ရာ ဇန်နဝါရီ ၂၆ ရက်တွင် စက်ချို့ယွင်းမှုဖြစ်ပေါ်၍ ရေစီးနှင့်အတူ မျောပါရောက်ရှိလာခြင်းဖြစ်ကာ စက်လှေပေါ်တွင် အမျိုးသား ခြောက်ဦးနှင့် ငါးဖမ်းပိုက်များ၊ ဆီဘူးများနှင့် ချွတ်ယွင်းနေသောစက်ကို တွေ့ရှိခဲ့သည်။

ထိုသို့ စက်ပျက်ရောက်ရှိလာသည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသား လှေသားခြောက်ဦးအား ကျန်းမာရေးဌာနမှ တာဝန်ရှိသူများက ကိုဗစ်-၁၉ ရောဂါပိုး ရှိ၊ မရှိ စစ်ဆေးခဲ့ရာ လှေသားခြောက်ဦးလုံးတွင် ရောဂါပိုး မတွေ့ရှိကြောင်း သိရသည်။ ယင်းအပြင် အဆိုပါ လှေသားခြောက်ဦးအား ခရိုင်/မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးခဲ့ပြီး(ယာယီ) လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံး ဝန်ထမ်းများနှင့် မြို့နယ် ရဲတပ်ဖွဲ့တို့မှ လုံခြုံရေးနှင့် လိုအပ်ချက်များကို စစ်ဆေးဆောင်ရွက်ကာ စားသောက်ရေးများ စီစဉ်ဆောင်ရွက်ပေးခြင်း၊ ချွတ်ယွင်းနေသောစက်ကို ပြန်လည်ပြုပြင်နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**တင်ထွန်းဦး၊ ဖြိုးဝေလင်း**



# တရားမဝင် ကျွန်းသစ်၊ မော်တော်ယာဉ်၊ စက်သုံးဆီများ ဖမ်းဆီးရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၂**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ဖေဖော်ဝါရီ ၁ ရက်တွင် ညောင်ခါးရှည်စစ်ဆေးရေးစခန်း၌ ပူးပေါင်းစစ်ဆေးရေးအဖွဲ့များမှ စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ အင်ဂျင်ဝိုင်ဘူးများ ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၄၀၀၀ ကို အကောက်ခွန်ဥပဒေအရ လည်းကောင်း၊ ယနေ့တွင် တိုင်းဒေသကြီး သစ်တောဦးစီးဌာနက ဦးဆောင်၍ ပူးပေါင်းစစ်ဆေးရေးအဖွဲ့များဖြင့် သတင်းအရ သွားရောက်စစ်ဆေးခဲ့ရာ တောင်ငူခရိုင် သစ်တောကြိုးဝိုင်းအတွင်း တရားမဝင်ကျွန်းသစ် ၁၁ ဒသမ ၄၁၃၄ တန် ခန့်မှန်းတန်ဖိုးငွေကျပ် ၂၃၂၄၅၂၀ ကို သစ်တောဥပဒေအရ လည်းကောင်း၊ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၇၆၄၅၂၀ ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ယနေ့တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဦးဆောင်သော စစ်ဆေးရေးအဖွဲ့မှ စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မင်းကင်းမြို့နယ်တွင် (လိုင်စင်မဲ့) New Asia 125 ဆိုင်ကယ်တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၀၀ နှင့် စစ်ကိုင်းမြို့နယ်တွင် (လိုင်စင်မဲ့) HONDA CRV ယာဉ်တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၀၀၊ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၅၀၀၀၀ ကိုဖမ်းဆီးရမိပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။



သို့ပါ၍ ဖေဖော်ဝါရီ ၁ ရက်နှင့် ၂ ရက်တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲသုံးမှု၊ ခန့်မှန်းတန်ဖိုးငွေကျပ် ၆၃၁၄၅၂၀ ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။ **သတင်းစဉ်**

## ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများ ပြည်ပမှ အဆင်ပြေချောမွေ့စွာ တင်သွင်းနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၂**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို လေကြောင်း၊ ပင်လယ်ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ နှောင့်နှေးကြန့်ကြာမှုမရှိ တင်သွင်းနိုင်ရေးအတွက် အချိန်နှင့်တစ်ပြေးညီ စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် လွယ်ကျယ်ကုန်သွယ်ရေးစခန်းမှ ကုမ္ပဏီ တစ်ခု၊ ယာဉ်စီးရေ သုံးစီးဖြင့် နှာခေါင်းစည်း (Mask) ၁၅ တန်ကို တင်သွင်းခဲ့ကြောင်း သိရသည်။

### စီစဉ်ဆောင်ရွက်ပေးထား

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းထားသည့် SOP များနှင့်အညီ ဦးစားပေးတင်သွင်းခွင့်ပြုပေးလျက်ရှိကြောင်းနှင့် ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများတင်သွင်းခြင်းနှင့်ဆက်စပ်သည့် အသိပေးကြေညာချက်များကိုလည်း အများပြည်သူသိရှိစေရန် ဝန်ကြီးဌာန Website ဖြစ်သည့် commerce.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရသည်။

**သတင်းစဉ်**





# ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော် လှူဒါန်းခြင်းများ ဆောင်ရွက်

**နေပြည်တော် ဖေဖော်ဝါရီ ၂**

ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေသည့် ကာလအတွင်း ဆွမ်းကိစ္စရပ်များအဆင်ပြေစေရန် ရည်ရွယ်၍ ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ဝန်ထမ်း အရာထမ်း၊ အမှုထမ်းမိသားစုများက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်များ ဆက်ကပ်လှူဒါန်းခြင်းကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့နယ်ရှိ ဗုဒ္ဓါနုဿတိ ပရိယတ္တိစာသင်တိုက်သို့ လည်းကောင်း **(အပေါ်ဝဲပုံ)**၊ မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ်ရှိ ကျောင်းထိုင်ဘုန်းကြီး သင်တန်းကျောင်းသို့ လည်းကောင်း **(အပေါ်ယာပုံ)**၊ ရခိုင်ပြည်နယ် သံတွဲမြို့နယ်ရှိ အောင်မြေသာစည်ပရိယတ္တိ စာသင်တိုက်သို့လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်ရှိ လွတ်လပ်ရေး ကျောင်းတိုက်သို့ လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့နယ်ရှိ စွမ်းအားပရိယတ္တိ စာသင်တိုက်သို့ လည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် ဆွမ်းဆန်တော်များကို တာဝန်ရှိသူများက သွားရောက်ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## နယ်စပ်ရေးရာဝန်ကြီးဌာနက မြစ်ကြီးနားအထကသို့ နှာခေါင်းစည်းနှင့် လက်သန့်ဆေးရည်များ လှူဒါန်း

**မြစ်ကြီးနား ဖေဖော်ဝါရီ ၂**

နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာနအနေဖြင့် နယ်စပ်ဒေသရှိ ဘုန်းတော်ကြီးသင် ပရဟိတကျောင်းများသို့ တက်ရောက်ပညာသင်ကြားလျက်ရှိသော ကျောင်းသား ကျောင်းသူများအတွက် ဆန်နှင့် စားစရိတ် ထောက်ပံ့ငွေများ၊ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းများရှိ ကျောင်းသား ကျောင်းသူများ တက်ရောက်ပညာသင်ကြားလျက်ရှိသော အခြေခံပညာအထက်တန်းကျောင်းများသို့ ကိုဗစ်- ၁၉ ရောဂါကာကွယ်ရေးအတွက် နှာခေါင်းစည်းနှင့် လက်သန့်ဆေးရည်များ ထောက်ပံ့လှူဒါန်းလျက်ရှိသည်။

ဇန်နဝါရီ ၃၁ ရက်တွင်လည်း ကချင်ပြည်နယ်ဦးစီးမှူးရုံးမှ ပြည်နယ်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ကျော်ဦးနှင့် ဝန်ထမ်းများက အမှတ်(၁) နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း(မြစ်ကြီးနား)မှ ကျောင်းသား ကျောင်းသူများ တက်ရောက်ပညာသင်ကြားလျက်ရှိသော အမှတ် (၉) အခြေခံပညာအထက်တန်းကျောင်းသို့ နှာခေါင်းစည်း ၂၁၅ ဘူးနှင့် လက်သန့်ဆေးရည် ၄၃ ဘူးတို့ကို အဆိုပါ ကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်ညိုညိုသန်းထံ ပေးအပ်လှူဒါန်းခဲ့သည်။



**သတင်းစဉ်**

## ပုဂံ-ညောင်ဦး ရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ ထီးလိုမင်းလိုဘုရားကြီးတွင် စုပေါင်းသန့်ရှင်းရေးပြုလုပ်

**ညောင်ဦး ဖေဖော်ဝါရီ ၂**

ပုဂံ-ညောင်ဦး ရှေးဟောင်းယဉ်ကျေးမှုနယ်မြေ အမှတ်(၇)ရပ်ရှိ ထီးလိုမင်းလိုဘုရားကြီး ရင်ပြင်တော် အတွင်းအပြင်တွင် ညောင်ဦးမြို့နယ်ဌာနဆိုင်ရာ ၅၄ ခုမှ ဝန်ထမ်း ၁၅၀ ဖြင့် ဇန်နဝါရီ ၃၁ရက်က စုပေါင်းသန့်ရှင်းရေးပြုလုပ်ကြောင်း ညောင်ဦးမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနန်းတင့်ထံမှ သိရသည်။

စေတီ၊ ဘုရား ၊ အုတ်ပြာသာဒ်များ၊ သာသနိကအဆောက်အအုံများ အနီးမှ သစ်ပင်၊ ချုံနွယ်၊ ပေါင်းမြက်များ၊ အမှိုက်များကို စုပေါင်းသန့်ရှင်းရေးပြုလုပ်ပြီး ဆင်းတုတော်များအား ရေချင်တော်ဖွင့်ခြင်း၊ သန့်ရှင်းရေးပြုလုပ်ခြင်းတို့ကို ဆောင်ရွက်ခဲ့ကာ သန့်ရှင်းရေးပြုလုပ်နေမှုကို ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးတိုးလွင်နှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးခဲ့သည်။

**မောင်မောင်ထိန်(ကျောက်ပန်းတောင်း)**

## နမ္မတူတွင် တိုင်းရင်းသားပြည်သူ ၁၅၀၀၀ နီးပါးအား ကိုဗစ်ကာကွယ်ဆေးထိုးပြီးဖြစ်

**နမ္မတူ ဖေဖော်ဝါရီ ၂**

ရှမ်းပြည်နယ် မြောက်ပိုင်း နမ္မတူမြို့နယ် ကိုဗစ်-၁၉ ရောဂါ ကာကွယ် ထိန်းချုပ်ရေး ကော်မတီအနေဖြင့် ဦးတည်အုပ်စုများအလိုက် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိရာ ဇန်နဝါရီ ၃၁ ရက်အထိ အသက်၁၈ နှစ်နှင့်အထက် တိုင်းရင်းသားပြည်သူ ၁၄၄၂၁ ဦးအား ကိုဗစ်-၁၉ ရောဂါကာကွယ် ဆေးများ ထိုးနှံပေးပြီး ကာကွယ် ဆေးလွှမ်းခြုံမှု ၅၈ ဒသမ ၄၆ ရာခိုင်နှုန်းရှိပြီဖြစ်ကြောင်း မြို့နယ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးကော်မတီ ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းမင်းထွန်း ထံမှ သိရသည်။



ကာကွယ်ဆေးများ ထိုးနှံပေးရာတွင် မြို့နယ်အတွင်း စုရပ် (၅)နေရာခွဲ၍ Sinopharm၊ Sinovac နှင့် CoviShield အမျိုးအစား ကာကွယ်ဆေးများ ထိုးနှံပေးခြင်းဖြစ်ကြောင်း မြို့နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

နမ္မတူမြို့နယ်တွင် ကာကွယ်ဆေး နှစ်ကြိမ် ထိုးနှံပြီးသည့် ဒေသခံပြည်သူ ၇၃၀၆ ဦး၊ ကျောင်းသား ကျောင်းသူ ၁၀၉၂ ဦး၊ ကာကွယ်ဆေး တစ်ကြိမ် ထိုးနှံ ပြီးသည့် ဒေသခံပြည်သူ ၅၉၃၁ ဦးနှင့် ကျောင်းသား ကျောင်းသူ ၉၂ ဦး စုစုပေါင်း ကာကွယ်ဆေး ထိုးနှံပြီးသည့် တိုင်းရင်းသား ပြည်သူများနှင့် ကျောင်းသား ကျောင်းသူ ၁၄၄၂၁ ဦးရှိကြောင်း သိရသည်။

**လူမော် (ပြန်/ဆက်)**


သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန
ရန်ကုန်တိုင်းဒေသကြီး
ဝန်ထမ်းလျှောက်လွှာခေါ်ယူခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ တိုင်းဒေသကြီး၊ ညွှန်ကြားရေးမှူးရုံးနှင့် ခရိုင်ရုံးများတွင် လစ်လပ်လျက်ရှိသော **စာရင်းကိုင်(၄) ရာထူး(၃)နေရာ၊ အငယ်တန်းစာရေး(၅)နေရာ၊ ဒုတိယလက်ထောက်ဦးစီးမှူး (၁၀) နေရာ၊** (လစာနှုန်း ကျပ် ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) အတွက် သတ်မှတ်အရည်အချင်းများနှင့် ကိုက်ညီသူများလျှောက်လွှာတင်သွင်းနိုင်ပါသည်။

၂။ စာမေးပွဲဝင်ကြေး ကျပ် ၁၀၀၀/- (ကျပ်- တစ်ထောင်တိတိ)ကို ရန်ကုန်မြို့ရှိ မြန်မာ့စီးပွားရေးဘဏ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၏ **ငွေစာရင်းအမှတ်- (MD-020108)** သို့ ပေးသွင်းရမည်ဖြစ်ပါသည်။ ငွေလွှဲပြေစာမူရင်းအား လျှောက်လွှာနှင့်အတူ ပူးတွဲတင်ပြရမည်။

၃။ လျှောက်လွှာများကို ရန်ကုန်တိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးရုံး၊ အမှတ်၁၀(ဂျေ)၊(၅၅) လမ်း(ကုန်သည်လမ်းနှင့်ကမ်းနားလမ်းကြား)၊ ဗိုလ်တထောင်မြို့နယ်၊ (၄) ရပ်ကွက်၊ ရန်ကုန်မြို့သို့ **၂၃-၂-၂၀၂၂ ရက်နေ့** နောက်ဆုံးထား၍ ပေးပို့လျှောက်ထားရမည်။

၄။ ရေးဖြေစာမေးပွဲကို **၂၇-၂-၂၀၂၂ ရက်နေ့**တွင် (မြန်မာစာ၊ အထွေထွေဗဟုသုတနှင့် အင်္ဂလိပ်စာဘာသာရပ်)များဖြင့်ကျင်းပပြုလုပ်မည်ဖြစ်သည်။

၅။ အသေးစိတ်အချက်အလက်များကို၊ **Facebook Page : Environmental Conservation Department (ECD) Yangon Region**နှင့် **Facebook Account : Yangon ECD** တို့တွင် ကြည့်ရှုနိုင်ပြီး တယ်လီဖုန်းနံပါတ် ၀၁ ၈၂၉၁၁၈၁ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။


## ထူးခြားသည့် ညအပူချိန်များ

**နေပြည်တော် ဖေဖော်ဝါရီ ၂**

ထူးခြားသည့် ညအပူချိန်များမှာ နမ့်စန်မြို့တွင် ၁ ဒီဂရီစင်တီဂရိတ်နှင့် ကျောက်မဲမြို့နှင့် မိုင်းယန်းမြို့တို့တွင် ၂ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။

မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ မြစ်ကြီးနားမြို့တွင် ၀ ဒသမ ၂၇ လက်မ၊ မိုးကောင်းမြို့တွင် ၀ ဒသမ ၂၄ လက်မနှင့် ပူတာအိုမြို့၊ မချမ်းဘောမြို့နှင့် ဟုမ္မလင်းမြို့တို့တွင် ၀ ဒသမ ၁၆ လက်မစီတို့ ဖြစ်ကြသည်။

**မိုး/ဇလ**


**ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ပါ**

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဥဿဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း





၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | ကျောက်စာရုံစေတီ ၁ ဆူ(ပိဋကတ်သုံးပုံ မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ ချပ်ပါ) | ၂၇၉. ၀၀ | ၇၃၁ ဆူ | ၁၅၆ ဆူ | ၅၇၅ ဆူ |
| ၂။ | ခမ္မာရုံ(၂၁၃× ၉၀ × ၄၆)ပေ | ၈၇၃၀. ၂၁ | ၁ လုံး | ၇၀၀၀ သိန်း | ၁၇၃၀. ၂၁ သိန်း |
| ၃။ | ရေပန်းအကြီး (အချင်း ၇၅ ပေ၊ အမြင့် ၁၅ ပေ) | ၄၃၂၁. ၀၀ | ၁ ခု | - | ၁ ခု |
| ၄။ | ရေပန်းအသေး(အချင်း ၃၀ ပေ၊ အမြင့် ၉ ပေ) | ၈၀၅. ၀၀ | ၁၈ ခု | - | ၁၈ ခု |
| ၅။ | High Mast မီးတိုင် (၂၀ မီတာ)၁ တိုင်လျှင် | ၄၉၄. ၀၀ | ၉ တိုင် | ၁ တိုင် | ၈ တိုင် |
| ၆။ | မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂. ၀၀ | ၂၀၀ ခန်း | ၈ ခန်း | ၁၉၂ ခန်း |
| ၇။ | မြန်မာမှုတစ်ဖက်လှ ခြံစည်းရိုး ၂၇ ပေခန်း | ၃၁. ၀၀ | ၄၅၅ ခန်း | ၂၃ ခန်း | ၄၃၂ ခန်း |
| ၈။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၁၅. ၀၀ | ၅၀ တိုင် | ၂၆ တိုင် | ၂၄ တိုင် |
| ၉။ | လမ်းမီးတိုင်(၉ မီတာ) ၁ တိုင်လျှင် | ၁၀. ၀၀ | ၁၈၀ တိုင် | ၇၉ တိုင် | ၁၀၁ တိုင် |
| ၁၀။ | မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇. ၀၀ | ၆၅၂ ခု | ၇၄ ခု | ၅၇၈ ခု |
| ၁၁။ | စကျင်ကျောက်ပြား ၁ ကျင်းနှုန်း | ၄. ၇၀ | ၂၁၁၉. ၅၃ ကျင်း | ၁၉ ကျင်း | ၂၁၀၀. ၅၃ ကျင်း |
| ၁၂။ | မဟာရံတံတိုင်း၏(အင်္ဂတေမြန်မာမှု)နှင့် Expansion Joint | ၄. ၁၀ | ၂၁၈. ၁၄ ကျင်း | ၁၄ ကျင်း | ၂၀၄. ၁၄ ကျင်း |
| ၁၃။ | ကွန်ကရစ် ၈ လက်မထုခင်းခြင်း | ၃. ၆၀ | ၅၉၁၀. ၆၆ ကျင်း | ၁၂ ကျင်း | ၅၈၉၈. ၆၆ ကျင်း |
| ၁၄။ | ကြွေပြား ၁ ကျင်းနှုန်း | ၂. ၀၀ | ၁၇၃၆. ၀၈ ကျင်း | ၇၃ ကျင်း | ၁၆၆၃. ၀၈ ကျင်း |
| ၁၅။ | Garden Light (၁ မီတာ)၁ တိုင်လျှင် | ၁. ၂၀ | ၉၀ တိုင် | ၉၀ တိုင် | - |
| ၁၆။ | မုစလိန္ဒအိုင် | ၁၀၅၁၉. ၀၀ | ၁ ကန် | - | - |
| | (က) အဝင်မုခ်အဆောက်အဦ စကျင်မြန်မာမှု လုပ်ငန်း(အတွင်းမီးအပါ) | ၃၅၃၆. ၀၀ | ၁ ခု | - | ၁ ခု |
| | (ခ) ရေကန်ဆောက်လုပ်ခြင်း(၃၁၅ ပေ× ၂၃၄ ပေ) | ၁၆၂၄. ၀၀ | ၁ ကန် | - | ၁ ကန် |
| | (ဂ) ရေကန်အတွင်းပတ်လမ်းနှင့် လက်ရန်းလုပ်ငန်း | ၉၁၇. ၀၀ | ၁ ခု | - | ၁ ခု |
| | (ဃ) ရေကန်အပြင်ပတ်လမ်းဘေးလှေကား (၂) စင်းနှင့်လက်ရန်းလုပ်ငန်း | ၁၀၀၈. ၀၀ | ၁ ခု | - | ၁ ခု |
| | (င) ရေကန်ပတ်လမ်းမီးတိုင်များထွန်းညှိပေးခြင်း လုပ်ငန်း(၁ တိုင် ၉. ၅) သိန်း | ၇၀၃. ၀၀ | ၇၄ တိုင် | - | ၇၄ တိုင် |
| ၁၇။ | ရင်ပြင်တော်ပင်မတံတား(၁၀ ပေခန်း ၁ ခန်း) | ၁၃၂၂. ၀၀ | ၉ ခန်း | - | ၉ ခန်း |
| ၁၈။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ× ၁၇၆ ပေ) | ၁၉၃. ၀၀ | ၈၂ ခု | - | ၈၂ ခု |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော ၀၉-၆၅၀၁၉၉၉၉၆၊ ၀၁၆-၃၁၀၀၅
(ခ) ဒေါ်အေးအေးကြည် ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆

## အလှူငွေများထည့်ဝင်လှူဒါန်းထားသည့် အလှူရှင်ဘုရားဒါယကာ၊ ဒါယိကာမများစာရင်း

### ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလအလှူရှင်စာရင်း

| စဉ် | အမည် | မြို့ | အလှူငွေ (ကျပ်) |
|---|---|---|---|
| ၁၉၆၇။ | ဒုတိယဗိုလ်ချုပ်ကြီးအောင်လင်းဒွေး နှင့်ဇနီး ဒေါ်ဥမ္မာမြင့်မိသားစု (ကျောက်စာရုံစေတီ ၁ ဆူ ပထမအကြိမ်လှူဒါန်း) | နေပြည်တော် | ၅၀၀၀၀၀၀ |
| ၁၉၆၈။ | ဒုတိယဗိုလ်ချုပ်ကြီးဖွဲ့ဝင်းမြင့် နှင့်ဇနီး ဒေါ်သီဂီလွင်(သား)ဗိုလ်ကြီးရဲထွဋ်အောင် (သမီး) မခိုင်ဇင်သန့်မိသားစု (ကျောက်စာရုံစေတီ ၁ ဆူ ပထမအကြိမ်လှူဒါန်း) | နေပြည်တော် | ၅၀၀၀၀၀၀ |
| ၁၉၆၉။ | မိဘများဖြစ်သောဒေါက်တာသန်းထွန်း နှင့်ဇနီး ဒေါက်တာ Kathleen Forbes (@)ဒေါက်တာရင်ရင် တို့အားရည်စူး၍ သားသမီးမြေးမြစ်များကောင်းမှု (ကျောက်စာရုံစေတီ ၁၀ ဆူလှူဒါန်း) | ရန်ကုန်မြို့ | ၂၇၉၀၀၀၀၀ |
| ၁၉၇၀။ | ဖခင်ကြီး ဦးအောင်သင်းအား ရည်စူးအမှူးထား၍ မိခင်ကြီး ဒေါ်ခင်ထွေးနှင့် သားသမီး မြေးမြစ်များကောင်းမှု (ကျောက်စာရုံစေတီ ၂ ဆူလှူဒါန်း) | ရန်ကုန်မြို့ | ၅၅၈၀၀၀၀ |
| ၁၉၇၁။ | ဒေါက်တာဝင်းသန်းထွန်း အားရည်စူး၍ ကျန်ရစ်သူမောင်နှမများကောင်းမှု (ကျောက်စာရုံစေတီ ၁ ဆူလှူဒါန်း) | ရန်ကုန်မြို့ | ၂၇၉၀၀၀၀ |
| ၁၉၇၂။ | အရှင်ကုသလဓမ္မအား အမှူးထား၍Mr.John Figueroa+ Dr.Susie@Dr.စန္ဒာရင် Alice@အေးနန္ဒာမိသားစုကောင်းမှု (ကျောက်စာရုံစေတီ ၁ ဆူလှူဒါန်း) | ရန်ကုန်မြို့ | ၂၇၉၀၀၀၀ |
| ၁၉၇၃။ | ဦးအုန်းမြင့်နှင့်ဇနီး ဒေါ်နီနီမိသားစု | မော်လမြိုင်မြို့ | ၅၀၀၀၀၀ |
| ၁၉၇၄။ | ကွယ်လွန်သူ ဦးနေဝင်း အားရည်စူး၍ ဇနီး ဒေါ်ညိမ်းညိမ်း(သား)ဗိုလ်ကြီးကျော်စွာနေသွေး မိသားစု | နေပြည်တော် | ၅၀၀၀၀၀ |
| ၁၉၇၅။ | ကွယ်လွန်သူ ဒေါ်တင်လှ (၄)လပြည့်အားရည်စူး၍ ခင်ပွန်း ဦးမောင်မြင့်နှင့်သားသမီးမြေးများ | နေပြည်တော် | ၁၀၀၀၀ |
| ၁၉၇၆။ | ကွယ်လွန်သူ ဖခင်ကြီး(ဦးမြင့်အောင် နှင့် ဦးအောင်မြင့်)တို့အားရည်စူး၍ ကိုစိုးမိုးအောင်နှင့်ဇနီး ဒေါ်ချိုချိုခိုင် (သမီး)မရွှန်းလဲ့ဗိုလ်(သား)မောင်ခန့်လင်းထက်မိသားစု | နေပြည်တော် | ၃၀၀၀၀၀ |
| ၁၉၇၇။ | ဦးဝင်းနိုင်နှင့်ဇနီး ဒေါ်အိချိုအောင် (သူငယ်ချင်း)မမို့မို့ယုအောင် | ပျဉ်းမနားမြို့ | ၃၀၀၀၀ |
| ၁၉၇၈။ | ဦးနန္ဒကျော်နှင့်ဇနီး ဒေါ်ခိုင်ဇာခြည်လင်းမိသားစု | နေပြည်တော် | ၁၀၀၀၀၀ |
| ၁၉၇၉။ | ဗိုလ်မှူးမြတ်သူ(ငြိမ်း)နှင့်ဇနီး ဒေါ်လှလှဝေမိသားစု | နေပြည်တော် | ၃၀၀၀၀၀ |
| ၁၉၈၀။ | ဦးဆီဇာပြည့်စုံ နှင့်ဇနီး ဒေါ်မေသူဇာညွန့် | နေပြည်တော် | ၅၀၀၀၀ |
| ၁၉၈၁။ | ဒုအရာခံဗိုလ်မောင်မောင်သန်း နှင့်ဇနီး ဒေါ်ဝေဝေမြင့်(သား)မောင်အောင်စစ်သွေး | မန္တလေးမြို့ | ၃၀၀၀၀၀ |
| ၁၉၈၂။ | ကွယ်လွန်သူ မိခင်ကြီး ဒေါ်ငွေတင် အားရည်စူး၍ ဦးထွန်းအောင်နှင့်သားသမီးများ (မဟာရံတံတိုင်းစိန်တောင်စကျင်ကနုတ် ၁ ခုလှူဒါန်း) | ရန်ကုန်မြို့ | ၇၀၀၀၀၀ |
| ၁၉၈၃။ | ဒေါ်ခင်မျိုးလွင်နှင့်သားသမီးတစ်စု | အမ်းမြို့ | ၅၀၀၀၀ |
| ၁၉၈၄။ | ဆရာမကြီး ဒေါ်ခင်ခင်ချိုနှင့် တပည့်ယောဂီများကောင်းမှု | ရန်ကုန်မြို့ | ၂၀၀၀၀၀ |
| ၁၉၈၅။ | ကွယ်လွန်သူမိခင်ကြီး ဒေါ်စန်းရီ အားရည်စူး၍ ဦးကျင်စိုးနှင့်ဇနီး ဒေါ်ကြည်ကြည်၊ ဦးအောင်မြင့်၊ ဦးကျော်စိုးမိုးနှင့်ဇနီး ဒေါ်လွင်မာဦး(သား)မောင်စစ်ငြိမ်းခန့် မိသားစု | နေပြည်တော် | ၁၀၀၀၀၀ |
| ၁၉၈၆။ | ဗိုလ်မှူးထက်ခိုင်အောင် နှင့်ဇနီး ဒေါ်ရည်မွန်ကျော်ကျော် မိသားစု | နေပြည်တော် | ၁၀၀၀၀၀ |
| ၁၉၈၇။ | ဗိုလ်မှူးကျော်ကျော်(ငြိမ်း) နှင့်ဇနီး ဒေါ်လွင်လွင်လှိုင်မိသားစု | ပဲခူးမြို့ | ၅၀၀၀၀၀ |
| ၁၉၈၈။ | ကွယ်လွန်သူ ဦးသန်းဌေး (၃)နှစ်ပြည့်အား ရည်စူး၍ ဇနီး ဒေါ်ထွေးကြည်မိသားစု | မော်လမြိုင်မြို့ | ၃၀၀၀၀၀ |
| ၁၉၈၉။ | ဗိုလ်မှူးကြီးအေးမင်းထွန်း နှင့်ဇနီး ဒေါ်ဇင်မင်းအေး(သမီး)မမေမြတ်မွန်၊ (သား)မောင်စွမ်းဉာဏ်ဇော်၏ (၁၄)နှစ်ပြည့်မွေးနေ့အလှူ | နေပြည်တော် | ၅၀၀၀၀ |
| ၁၉၉၀။ | မဇွန်သက်မှူး မိသားစု | ရန်ကုန်မြို့ | ၃၀၀၀၀၀ |
| ၁၉၉၁။ | ကွယ်လွန်သူ နှစ်ဖက်မိဘများဖြစ်သော ဗိုလ်ကြီးချန်ထွန်း(ငြိမ်း)နှင့်ဇနီး ဒေါ်တင်ရ၊ ဦးလှဖေနှင့်ဇနီး ဒေါ်တင်ညွန့်တို့အားရည်စူး၍ ဦးမြင့်စိုးနှင့်ဇနီး ဒေါ်စောစောဦး မိသားစု (Garden Light ၁ တိုင်လှူဒါန်း) | ရန်ကုန်မြို့ | ၁၂၀၀၀၀ |

## မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အခွန်ဌာန၌ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်အတွင်း သုံးစွဲရန်လိုအပ်မည့် လုံခြုံရေးစနစ်ပါသောဘီးခွန်ကတ်ပြား ၁၅၀၀၀၀ခု အား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ဝယ်ယူသွားမည်ဖြစ်ပါသည်။

၂။ တင်ဒါလျှောက်လွှာများကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အခွန်ဌာန၌ အောက်ပါအတိုင်း ဝယ်ယူနိုင်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်-

(က) **လျှောက်လွှာစတင်ရောင်းချမည့်ရက်** - ၁-၂-၂၀၂၂ရက်

(ခ) **လျှောက်လွှာနောက်ဆုံးအပ်နှံရမည့်ရက်** - ၂၈-၂-၂၀၂၂ရက်

၃။ အသေးစိတ်အချက်အလက်များအား သိရှိလိုပါက ဖုန်း-၀၉-၄၀၂၅၂၂၀၈၅၊ ၀၉-၄၄၄၀၄၅၅၁၂ နှင့် ၀၂-၄၀၃၆၁၇၁(လိုင်းခွဲ-၁၅၃)တို့သို့ ရုံးချိန်အတွင်း ဆက်သွယ် မေးမြန်းနိုင်ပါသည်။

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ အမှတ်(၂)ရပ်ကွက်၊ သုမာလာလမ်းမကြီး၊ အမှတ်(၃၆၇)ရှိ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြေငှားစာချုပ်အမှတ် မဥ/၂-၂၆/၉၃၊ အမှတ်တွဲအမှတ်မြေရာ (မဥ/၂-၆၃/၉၃)၊ အကျယ်အဝန်း (၂၀ပေx၆၀ပေ) ဦးညွန့်ရှိန်အမည်ပေါက် မြေနှင့်အိမ်ကို အမည်ပေါက်ကွယ်လွန်ပြီးဖြစ်သဖြင့် အမွေဆက်ခံပိုင်ဆိုင်သူ သမီး(၄)ဦးတို့ထံမှ ကျွန်ုပ်မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးပါသည်။

ယခုအရောင်းအဝယ်ပြုလုပ်ခြင်းကို ကန့်ကွက်လိုပါက စာချုပ်စာတမ်းမူရင်း အထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးမြင့်မိုးလှိုင် B.Sc (chemics) H.G.P** — **ဒေါ်စိုးစိုးနိုင် LL.B,D.I.L,W.I.P.O**

**အထက်တန်းရှေ့နေ (စဉ်-၂၁၈၁၅)** — **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၇၁၁)**

**အမှတ်(၄၃၅)၊ဦးဖိုးကျားလမ်း၊ (၁၅)ရပ်ကွက်၊ ရွှေပေါက်ကံမြို့သစ်၊**
**မြောက်ဥက္ကလာပမြို့နယ်**
**ဖုန်း-၀၉-၆၉၇၂၇၆၈၀၁**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ ဇ-တောင်ရပ်ကွက်၊ သာစုအိမ်ရာ၊ တိုက်အမှတ်(၄)၊ အခန်းအမှတ်(၁၀၁)ကို မူလအမည်ပေါက် ဒေါ်မြသောင်းရွှေ(ခ)မြသန်းရွှေ(ကွယ်လွန်)၏ ခင်ပွန်းဖြစ်သူ ဦးမျိုးဦး ၁၂/သဃက(နိုင်)၀၂၀၆၉၉ထံမှ စာချုပ်စာတမ်းဖြင့် ဝယ်ယူထားသူ ဒေါ်ညိုညိုထွေး ၈/ရနခ(နိုင်)၀၀၉၈၇၅မှ အထောက်အထားများတင်ပြ၍ အမည်ပြောင်းလဲခွင့်ပြုပါရန် လျှောက်ထားလာခြင်းအား ကန့်ကွက်ရန်ရှိပါက ကြော်ငြာသည့်ရက်မှ ၁၄ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲ**
**မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
### (တရားမကျင့်ထုံးဥပဒေ အမိန့်-၅၊ နည်းဥပဒေ-၂၀)
### ချမ်းအေးသာစံမြို့နယ်တရားရုံးတော်
### ၂၀၂၁ခုနှစ် တရားမကြီးမှုအမှတ်-၁၃

ဒေါ်ကြည်ကြည်ဌေး — နှင့် — ၁။ဒေါ်သီရိမြတ်နိုးဦး
၂။ ဦးထွန်းဝင်း

**တရားလို** — **တရားပြိုင်များ**

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ၂၀၆/၁၊ ၅၅-၅၆ လမ်းကြား၊ ၂၈-၂၉ လမ်းကြား၊ ချမ်းသာသုခလမ်း၊ ကန်ကောက်အုပ်စုနေ အမှတ်(၂)တရားပြိုင် ဦးထွန်းဝင်း(ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

သင်တို့အပေါ်၌ တရားလို ဒေါ်ကြည်ကြည်ဌေးက "မြေကွက် လက်ရောက်ရလိုမှု" လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေနှင့်ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့် ဆက်စပ်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့် ပါစေ၍ဖြစ်စေ ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီ ၂၈ရက် (၁၃၈၃ခုနှစ် တပို့တွဲလပြည့်ကျော် ၁၃ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါရေးသားပါရှိသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင်တရားလိုကကြည့်ရှုရန်လိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင်ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၂ခုနှစ် ဇန်နဝါရီ ၂၇ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ရီရီနိုင်)**
**တွဲဖက်မြို့နယ်တရားသူကြီး**
**ချမ်းအေးသာစံမြို့နယ်တရားရုံး**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃၄)၊ သရဖီ(၁)လမ်းနှင့် ကျွန်းရွှေဝါလမ်းထောင့်၊ မြေကွက်အမှတ်(၅၇၂)၊ အကျယ်အဝန်း (၄၇ပေ× ၆၀ပေ) ရှိ ဦးစိုးဝင်းမြင့် (N/KGN- ၀၀၇၈၉၉)(၁၂/အလန (နိုင်) ၀၃၃၅၁၇) အမည်ပေါက် နှစ်(၆၀)ဂရန် မြေကွက်နှင့် ယင်းမြေကွက်ပေါ် ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ရှင် ဦးစိုးဝင်းမြင့် (N/KGN- ၀၀၇၈၉၉) (၁၂/အလန (နိုင်) ၀၃၃၅၁၇) ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန် အတွက် စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက် စာတမ်း အထောက်အထား မူရင်း များဖြင့် ယနေ့မှစ၍ (၇)ရက် အတွင်း လာရောက် ကန့်ကွက် နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါကအရောင်း အဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွား မည်ဖြစ်ကြောင်းအများသိစေရန် ကြေညာအပ်ပါသည်။ လွှဲအပ်ညွှန်ကြားချက်အရ

**ဦးခင်မောင်ဦး** — **ဦးအောင်ကျော်လှိုင်**
**LL.B, D.B.L, D.I.L,** — **LL.B.**

တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂)အထက်တန်းရှေ့နေ(စဉ်-၄၃၆၈၈)
**Hein Htet San Law Firm** ဖုန်း-၀၉၅၅၀၆၁၄၆၊ ၀၉၄၂၁၇၄၆၉၇၄

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 2G/9616 NISSAN VANETTE SK 82 TN, PICK UP(4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးကြည်စိုး ၁၀/ပမန(နိုင်)၁၁၃၉၉၄မှ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(သထုံ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅၀ယ/၁၄၇၅၁ ယာဉ်လက်ဝယ်ရှိသူ ဒေါ်နီနီလွင် ၁၀/ မလမ(နိုင်)၁၆၂၄၈၁ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက် လိုပါက ခိုင်လုံသောအထောက်အထား များဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက် အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင် ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**
**မော်လမြိုင်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆၄ယ/၄၁၉၇၈ ယာဉ်လက်ဝယ်ရှိသူ ဦးမြတ်စိုး ၁၀/မဒန(နိုင်)၁၂၇၀၄၃ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**
**မော်လမြိုင်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 8C/6945 AMA Light Truck(AMA-03), Pick Up(4x2) ယာဉ်လက်ဝယ်ရှိသူ ဦးသန်းအေး ၉/မနမ(နိုင်)၁၂၀၉၆၆ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၈ယ/၉၁၀၈၉ ယာဉ်လက်ဝယ်ရှိသူ ဦးမြင့်ဝေ ၁၀/မလမ(နိုင်)၀၆၇၈၅၉ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**
**မော်လမြိုင်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း


ယာဉ်အမှတ် ၁၃ယ/၆၅၂၀၇ ယာဉ်လက်ဝယ်ရှိသူ ဦးအမက်ဟူဆင် ၁၀/ကမရ(နိုင်)၁၇၉၂၇၇ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**
**မော်လမြိုင်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

